# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၂၉၀)


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

# ရန်ကုန်မြို့တန်ခိုးကြီးဘုရားများ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကျင်းပ
# ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြား

**ရန်ကုန် ဇူလိုင် ၁၆**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် အားလျော်စွာ ယနေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီမှ စတင်၍ စေတီတော်ရင်ပြင်သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော် ရင်ပြင်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မြတ်စွာဘုရားအား ရည်မှန်း၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းစုရပ်မှ ဂေါပကအဖွဲ့ဝင် များ၊ ဘာသာရေးဝတ်အသင်းများက ရွှေကြာသင်္ကန်းများကို ကိုင်ဆောင်ကာ ရင်ပြင် တော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ရင်ပြင်တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဓမ္မစကြာ

*စာမျက်နှာ ၄ ကော်လံ ၁* ◆



ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ သတင်းစဉ်

## ဧရာဝတီ၊ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း လက်ရှိရေမှတ်မှ တစ်ပေခန့် ဆက်လက်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ကသာမြို့နယ်နှင့် ခန္တီးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**




# အရည်အချင်းပြည့် နိုင်ငံသားကောင်း

မြန်မာနိုင်ငံ၏လူဦးရေသည် ယခု ၂၀၁၉ ခုနှစ်တွင် ၅၄ သန်းကျော်ရှိနေသည်။ ယင်းအရေအတွက်သည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၅၉ သန်းကျော်ခန့် ရှိလာနိုင်မည်ဟူ၍လည်း ခန့်မှန်းထားသည်။

နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်လေးပါးတွင် (၁) နယ်နိမိတ်၊ (၂) လူဦးရေ၊ (၃) အစိုးရနှင့် (၄) အချုပ်အခြာအာဏာဟူ၍ ပါရှိရာ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေ သို့မဟုတ် နိုင်ငံသား ပြည်သူလူထုသည် ယင်းနိုင်ငံ၏ အင်္ဂါတစ်ပါးပင်ဖြစ်သည်။ ဂရိအတွေးအခေါ် ပညာရှင်ကြီး အရစ္စတိုတယ်၏အဓိပ္ပာယ်ဖွင့်ဆိုမှုအရ နိုင်ငံသားဆိုသည်မှာ နိုင်ငံတော်၏တာဝန်ကို ဝေပုံကျထမ်းဆောင်၍ ဝတ္တရားအလိုက်ခံစားထိုက်သော အခွင့်အရေးတို့ကို ခံစားပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဆိုထားရာ နိုင်ငံသားတိုင်းတွင် တာဝန်နှင့် အခွင့်အရေးတို့ ဒွန်တွဲ၍ ရှိနေကြောင်း သိရှိနားလည်ထားကြရမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် တာဝန်ဝတ္တရားတို့ ပျက်ကွက်ပါက နိုင်ငံသားတစ်ဦး၏ အရည်အချင်းပျက်ယွင်းမှုဖြစ်ပြီး တစ်နည်းအားဖြင့်ဆိုပါက နိုင်ငံသားဖြစ်ထိုက်သော အရည်အချင်းမရှိသူဟူ၍ ဆိုရမည်ဖြစ်သည်။

တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရသူများသည် နိုင်ငံသားဟူ၍ ဖြစ်လာကြသော်လည်း တကယ့်နိုင်ငံသားပီသစေရန် တစ်နည်းအားဖြင့် နိုင်ငံသားကောင်းဟူ၍ ဖြစ်လာစေရန်မှာမူ ဂုဏ်အင်္ဂါအရည်အချင်းများစွာတို့ ပြည့်စုံဖို့လိုအပ်သည်။ ယင်းအနက် အရေးကြီးဆုံးအချက်တစ်ရပ်မှာ နိုင်ငံသားတိုင်း ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံရန် ဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံမှ နိုင်ငံသူ နိုင်ငံသားတိုင်း ကောင်းဆိုးကျိုးပြစ်တို့ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဆင်ခြင်တုံတရားနှင့် ပြည့်စုံကြဖို့ လိုအပ်ချက်ဖြစ်သည်။ ဒုတိယအရေးကြီးသည့်အချက်မှာ နိုင်ငံသားတိုင်း ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးတို့ကို စောင့်ထိန်းနိုင်သည့် သံယမသဘောရှိကြရန်ဖြစ်သည်။ ပြုလုပ်ရာတွင်လည်းကောင်း၊ ပြောဆိုရာတွင်လည်းကောင်း၊ တွေးခေါ်မြော်မြင်ရာတွင်လည်းကောင်း ဉာဏ်၏နောက်သို့သာ လိုက်ခြင်း၊ အလွန်အကျူးမပြုမူခြင်း၊ အစွန်းမရောက်ခြင်းတို့ပင်ဖြစ်သည်။ တတိယအရေးကြီးသည့်အချက်မှာ နိုင်ငံသားတိုင်း စည်းကမ်းလိုက်နာကြရန်၊ စည်းကမ်းကို ရိုသေလေးစားကြရန်ဖြစ်သည်။ လူ့အဖွဲ့အစည်းတွင် နေထိုင်ကြသူတိုင်း အများနှင့် နေထိုင်ကြရသည့်အလျောက် လူတစ်ဦးချင်းစီ၏ အကျိုး၊ လူ့အဖွဲ့အစည်း၏ အကျိုးအတွက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမြဲပင်ဖြစ်သည်။ စတုတ္ထအရေးကြီးသည့်အချက်မှာ နိုင်ငံသားတိုင်း ပြည်သူ့တာဝန်ကို သိနားလည်ခံယူခြင်းပင်ဖြစ်သည်။ တရားဥပဒေနှင့်အညီ နေထိုင်ခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်ခြင်း၊ နိုင်ငံကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကိုယ်ရောစိတ်ပါဆောင်ရွက်ခြင်း၊ အသိဉာဏ်နှင့်ယှဉ်၍ မဲပေးခြင်း၊ တာဝန်ကျေပွန်စွာအခွန်ငွေတို့ပေးဆောင်ခြင်းစသည်တို့မှာ ပြည်သူတို့၏ တာဝန်များပင်ဖြစ်သည်။ ပဉ္စမမြောက် နောက်ဆုံးအရေးကြီးသည့်အချက်မှာမူ နိုင်ငံသားချင်းချင်း အညီအညွတ်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အများအကျိုး၊ နိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ယင်းသို့စည်းလုံးညီညွတ်ကြသည့် နိုင်ငံတိုင်းမှာ ထိပ်တန်းဘဝသို့ တက်လှမ်းနိုင်ကြမြဲဖြစ်သည်။

မိမိတို့သည် အရည်အချင်းနှင့်ပြည့်စုံသော နိုင်ငံသားများ ဖြစ်မဖြစ်ကိုမူ မိမိကိုယ်ကို လေ့လာဆန်းစစ်နိုင်ကြဖို့ပင်ဖြစ်သည်။ ဉာဏ်ပညာ ဗဟုသုတနှင့် ဆင်ခြင်တုံတရားတို့ နည်းပါးချို့တဲ့သော၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသော၊ ကိုယ်နှုတ်နှလုံးသုံးပါးသော အပြုအမူတို့ အထိန်းအကွပ်မဲ့သော၊ စည်းမဲ့ကမ်းမဲ့ပရမ်းပတာနိုင်လှသော၊ တာဝန်ဝတ္တရားတို့ကို နားလည်ခံယူမှုမရှိသော၊ စည်းလုံးညီညွတ်မှုတို့ ကင်းမဲ့နေသော မည်ကာမတ္တနိုင်ငံသားဆိုရုံမျှဖြင့် လူဦးရေအရေအတွက် မည်မျှများပြားစေကာမူ အရည်အချင်းကင်းမဲ့နေပါက ဂုဏ်အင်္ဂါမြင့်မားသော နိုင်ငံတည်ဆောက်ရေး အလှမ်းဝေးရသည့်အဖြစ်သို့ မကျရောက်စေရန် နိုင်ငံသားကောင်းများဖြစ်စေရေး ဖြည့်ကျင့်ကြရပါမည်ဖြစ်ပါကြောင်း။ ။



## ရိုဒ်ခေါဒါရ်၌ (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုပြိုင်ပွဲငါးမျိုး ကျင်းပ

**ရိုဒ်ခေါဒါရ် ဇူလိုင် ၁၆**

ချင်းပြည်နယ် ရိုဒ်ခေါဒါရ်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ပညာရေးဌာန၊ မြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့အမျိုးသမီးရေးရာအဖွဲ့ခွဲတို့နှင့် ပူးပေါင်းကာ (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ပြိုင်ပွဲငါးမျိုးကို ဇူလိုင်လဒုတိယပတ်က ရိုဒ်ခေါဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလာလ်ပက်လောမ်က အာဇာနည်နေ့သမိုင်း၊ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ထား၊ လွတ်လပ်ရေးရရှိရေးအတွက် စွန့်စားဆောင်ရွက်မှုများနှင့် ကျောင်းသား ကျောင်းသူများ၏ အတုယူစရာများကို ရှင်းလင်းဆွေးနွေးပြီး စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်း ပုံတူရေးဆွဲခြင်းပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့က "အောင်ဆန်းဇာနည်" ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူကိုးဦးတို့က ပုံပြောပြိုင်ပွဲကို လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲကိုလည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူရှစ်ဦးတို့က "ဆယ့်ကိုးဇူလိုင်မမေ့နိုင်" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦးတို့က ဗိုလ်ချုပ်အောင်ဆန်းပုံတူပန်းချီရေး ဆွဲခြင်းပြိုင်ပွဲများကိုလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အာဇာနည်နေ့ အကြိုပြိုင်ပွဲငါးမျိုးမှ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မြိတ်မြို့တွင် ပျောက်ဆုံးရွှေထည်ပစ္စည်းများအား စုံစမ်းဖမ်းဆီးဖော်ထုတ်နိုင်သဖြင့် ပိုင်ရှင်မှ ဂုဏ်ပြု

**မြိတ် ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက်ရှိ ဦးတင့်လွင်နေအိမ်၌ အိမ်ရှင်မရှိစဉ် ရွှေထည်ပစ္စည်းမျိုးစုံ ၇၇ ကျပ်သားခန့် ပျောက်ဆုံးသွားကြောင်း အမှုတိုင်တန်းပြီးနောက် ၄၈ နာရီအတွင်း တရားခံကိုးဦးအား ပျောက်ဆုံးရွှေထည်များအနက်မှ ၅၇ ဒသမ ၅ ကျပ်သားနှင့်အတူ စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် ပိုင်ရှင်မှဂုဏ်ပြုခြင်းကို ယနေ့ နံနက်ပိုင်းက မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်က ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူပူးပေါင်းဆောင်ရွက်မှုဖြင့် အမှုအား စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှုအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပိုင်ရှင်က ၎င်း၏ ပျောက်ဆုံးပစ္စည်းများ ပြန်လည်ရရှိရေး စုံစမ်းဖော်ထုတ်ဆောင်ရွက်ပေးခဲ့ကြသည့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသူများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(မြိတ် ပြန်/ဆက်)

## ဇူလိုင်မိုးစက်များ

◆ မျက်ရည်စတို့
လျှံကျစွန်းပေ၊ မှိုင်းညို့ဝေလျက်
ဖြေဆည်ချုပ်တည်း၊ အပူမီးလည်း
ညီးညီးတောက်လောင်၊ မိုးခေါင်စွဲတိုင်
အငွေ့လှိုင်ခဲ့
မမေ့နိုင်သော အတိတ်ကြောင်း။

◆ နံ့ချာ ရိုးသား၊ လူ့နွမ်းပါးတို့
နင်းပြားရှုံ့ကြောက်၊ သူ့ခွာအောက်ဝယ်
ဒူးထောက်မိန့်သံ၊ နာခံညို့လျှ
နိမ့်ပါးကျကာ၊ မြန်မာတို့ဘုန်း
နွမ်းပျက်သုဉ်းစဉ်၊ မျက်လုံးကိုဖွင့်
လူ့အခွင့်အရေး၊ လွတ်လပ်ရေးကို
သွေးသောက်ဆိုခဲ့၊ ဗိုလ်ချုပ်ဖခင်
ကျေးဇူးရှင်။

◆ ယုတ်မာရက်စက်
နှောင့်ယှက်ဖျက်ဆီး၊ လမ်းဖျောက်ပြီးလျှင်
သွေးစည်းချစ်မြတ်၊ လုပ်ကြံဖြတ်လည်း
ချမှတ်လမ်းစဉ်၊ ပြည်သူ့ရင်၌
စွဲထင်ရစ်ထုံး၊ လိုက်နာသုံးခဲ့။

◆ ဩော်... ဘယ်သူဖျက်လည်း
မပျက်ခဲ့ပေ၊ သွေးစည်းလေခဲ့
ရီဝေမျက်ဝန်း၊ မျက်ရည်စွန်းလျက်
လွမ်းဆွေးရင်ပူ၊ လောင်မြိုက်ဆူဆဲ
သူလျှင်ရည်စူး၊ ပန်းတိုင်ကူးဖို့
ဦးညွတ်တူပြိုင်၊ ခိုင်ခန့်ခိုင်သည်
ဇူလိုင်မိုးသို့ သက်သေတည်။

အောင်လံမြေ-နေညိုညို


**အတွင်းဝန်ရုံးသို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ အတွင်းဝန်ရုံးသို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးအကြောင်းကြားခြင်း**

လက်ကိုင်ဖုန်းအမျိုးမျိုး 
ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး 
အလံအမျိုးမျိုး 
ဓီနိုင်းစအမျိုးမျိုး 
လက်ကိုင်အိတ်အမျိုးမျိုး 
ပုလင်း/ဘူးအမျိုးမျိုး 
ကင်မရာအမျိုးမျိုး 
အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ 
မီးခြစ်အမျိုးမျိုး 



**အတွင်းဝန်ရုံးသို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း**





### သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက် ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာ အသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



### သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် (၀၄း၀၀)အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို SC Neustar ဘတ်စ်ကားထုတ်လုပ်သည့်စက်ရုံအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်ရှိ SC Auto (Myanmar) Co., Ltd. ၏ SC Neustar ဘတ်စ်ကားထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် SC Neustar ဘတ်စ်ကားများ ထုတ်လုပ်နေမှုကို စက်ရုံတာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်သည့်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုနိုင်ရေးအတွက် Testing ကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ CKD စနစ်ဖြင့် ထုတ်လုပ်နေခြင်းဖြစ်၍ အရေအတွက်များများ ထုတ်လုပ်ဖြန့်ချိနိုင်မှသာ စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ ရောင်းချပြီး ကားများအား After Sales Service လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများ ဖွင့်လှစ်ထားရှိရန်လိုကြောင်း၊ ကျွမ်းကျင်လုပ်သားများ ရရှိရေးအတွက်လည်း သင်တန်းများပေးရန်လိုကြောင်း၊ မော်တော်ယာဉ်များအား ရေရှည်အသုံးပြုနိုင်အောင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အစဉ်ထုတ်လုပ်ရန်လိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကနဦး ထုတ်လုပ်သည့် Model အလိုက် အစီး ၁၀၀ ကို စစ်ဆေး၍ Certificate of Approval(CoA) ထုတ်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အခါအားလျော်စွာ ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် SC Neustar ဘတ်စ်ကားများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စက်ရုံတွင် SC ဘတ်စ်ကားများအတွက် ဝိုင်ယာကြိုးထုပ်များ အစအဆုံး တပ်ဆင်ထုတ်လုပ်လျက်ရှိပြီး ဘတ်စ်ကိုယ်ထည်အစိတ်အပိုင်းအများစုကို ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ကာ စက်ရုံမှ CKD စနစ်ဖြင့် နှစ်စဉ် လူစီး မော်တော်ယာဉ် အစီး ၆၀၀ ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါမော်တော်ယာဉ် များကို ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအို စသည့် အာဆီယံနိုင်ငံများသို့ တင်ပို့ရောင်းချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို SC Neustar ဘတ်စ်ကားများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ညောင်လေးပင်မြို့နယ်ရှိ ဘိုင်းဒါးဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၆**



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဘိုင်းဒါးဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်၊ ၇၂/၂ အနီးတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဘိုင်းဒါးဓာတ်အားခွဲရုံတွင် တပ်ဆင်အသုံးပြုရန် သယ်ဆောင်လာသည့် 230/33/11 kV၊ 20 MVA ထရန်စဖော်မာသုံးလုံးအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များအား မှာကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာအနီး 230/33/11 kV၊ 60 MVAဘိုင်းဒါးပင်မဓာတ်အားခွဲရုံ စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းတာဝန်ရှိသူများမှ ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများအား သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် ဗျက်ကလေးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် 30.72 kW, Mini Grid Solar Plant သို့ ရောက်ရှိရာ ဗျက်ကလေးကျေးရွာ တာဝန်ရှိသူများမှ Solar Plant မှ ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေနှင့် ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေတို့အား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး Solar Plant အတွင်း ကြည့်ရှု၍ ကျေးရွာအတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အား အသုံးပြုမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၀၄/၄၊ ဒက္ခိဏသီရိမြို့နယ် မာန်ကျည်းကုန်းကျေးရွာအနီး ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ)- စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း ၁၄၆ မိုင် ကြိုးဆွဲခြင်းလုပ်ငန်း၏ အပိုင်း (၂) တွင် Sepco Co., Ltd. မှ ဆောင်ရွက်သည့် တိုင်အမှတ် ၃၁၉ မှ ၃၃၇ အထိ ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ **(ဝဲပုံ)** ကုမ္ပဏီတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဌာနတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP) ပထမအဆင့် ကျေးရွာများ အနက် နေပြည်တော်ကောင်စီနယ်မြေရှိ ဒက္ခိဏသီရိမြို့နယ်၊ မာန်ကျည်းကုန်းကျေးရွာ၊ ပိတောက်ကုန်းကျေးရွာနှင့် ဂွေးတောက်ရိုးကျေးရွာတို့တွင် ဓာတ်အားလိုင်းကြိုးဆွဲခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၁)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ အခမ်းအနားကျင်းပ



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်အား ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၆**

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား (၁၁)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွား ဆင်းတုတော်များနှင့် မဟာဆုတောင်းပြည့် ဘုရားကြီးအား ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပြီး ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေများ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ကျင်းပရာ ဆရာတော် ဒေါက်တာဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စိုးလျှပ်စစ်ဖောင်ဒေးရှင်းမိသားစုမှ ဆောက်လုပ်လှူဒါန်းထားသော ဓာတ်လှေကားလျှောက်လမ်း အမိုးစောင်းတန်းကို ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဂေါပကအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသည့် ဒါယကာ ပရိသတ်များက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရားနာယူကြသည်။ **သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

အခါတော်နေ့နှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ရေစက်ချအခမ်းအနားကိုကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဦးမိုးချစ်က အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့နှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် စေတီတော်ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိသတ်များက ဝါတွင်းသီလခံယူဆောက်တည်ကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်၌ ဝါတွင်းသုံးလဥပုသ်နေ့နံနက်တိုင်း ရင်ပြင်တော်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်များက ဝါတွင်းသီလပေး တရားတော်များ ချီးမြှင့်ကြမည်ဖြစ်ရာ ပြည်သူများ လာရောက်ကြည်ညို၍ သီလခံယူဆောက်တည်နိုင်ကြောင်း သိရသည်။

မဟာဝိဇယစေတီတော် ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့တွင် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးလာပြည်သူများ လာရောက်ကြည်ညို၍ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၁ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို နံနက်ပိုင်းမှစတင်ကျင်းပရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၌ ဝါတွင်းသုံးလဥပုသ်နေ့ နံနက်တိုင်း ရင်ပြင်တော်ရှိ ဓမ္မာရုံ၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးနှင့် သံဃာတော်များက ဝါတွင်းသီလပေး တရားတော်များ ချီးမြှင့်သွားမည်ဖြစ်ရာ ဥပုသ်သီတင်းသီလ ဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ လာရောက်ကြည်ညို သီလခံယူဆောက်တည်နိုင်ကြောင်း သိရသည်။




ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဗိုလ်တထောင်စေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၁ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို နံနက်ပိုင်းတွင်ကျင်းပပြီး နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများအပါအဝင် ဩဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသော ဆရာတော်အရှင်သူမြတ်များအား ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် စေတီတော်ရှိ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဝတ်အသင်း ၂၁ သင်းမှ အသင်းသူ အသင်းသားများက ဓမ္မစကြာတရားတော် ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ ဝတ်အသင်းသူ အသင်းသားများနှင့် အလှူရှင်များက စေတီတော်မြတ်ကြီးအား ကပ်လှူမည့် ဝါဆိုသင်္ကန်းတော်များ ကိုင်ဆောင်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ပြီး ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူ၌ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ကြီး၏ ၁၃၈၁ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို နံနက်ပိုင်းတွင် ကျင်းပရာ အလှည့်ကျဂေါပက ဦးအုန်းကြိုင်က ဓမ္မစကြာအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

မွန်းလွဲ ၁ နာရီခွဲတွင် စေတီတော်ရှိ အောင်ဓမ္မာရုံ၌ သဒ္ဓမ္မရောင်ခြည်ကျောင်းတိုက် ဆရာတော် ဦးဣန္ဒာစက္က က နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားတော်မူသည်။

ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ် စေတီတော် (ရန်ကုန်)၏ (၂၂) ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (၁၃) ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ဂေါပကအဖွဲ့ကကြီးမှူး၍ သာသနာ့ဝေယျာဝစ္စအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ဝါဆိုရွှေကြာသင်္ကန်းများကို ဂေါပကအဖွဲ့ ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက ကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ကန်ဦးဇေတဝန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ဆရာတော် ဦးသုနန္ဒထံမှ ဒါယကာပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၏ (၄၂) ကြိမ်မြောက် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဆိုပါအဖွဲ့ချုပ်၌ ကျင်းပရာ နံနက် ၉ နာရီတွင် ဗုဒ္ဓရုပ်ပွားတော်နှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား အမှုဆောင်များနှင့် အလှူရှင်များက ရွှေကြာသင်္ကန်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး နံနက် ၁၁ နာရီတွင် မာဂဓီ-သာစည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့သည် ဝါဆိုလပြည့် ဗုဒ္ဓနေ့ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊စေတီများ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုပြုကြသူများ၊ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့သည် ဝါဆိုလပြည့်နေ့၊ ဓမ္မစကြာအခါတော်နေ့ဖြစ်သည်နှင့်အညီ အများပြည်သူရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်၍ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများကပ်လှူပူဇော်သူ၊ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲ အခမ်းအနားကျင်းပခဲ့ပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူနေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ(၄)ဌာန၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုဇယစေတီတော်နှင့် အဆိုပါစေတီပုရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် နေပြည်တော်ပုဂံဟုထင်ရှားသော ရှေးဟောင်းစေတီတော်တို့တွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ပျဉ်းမနားမြို့ရှိ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန်စေတီတော်မြတ်ကြီးတို့၌လည်း နံနက်ပိုင်းက ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားများကျင်းပခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပခဲ့ရာ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။



ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ ဖြစ်သည်နှင့်အညီ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်ခြင်း၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။

ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည်၌ပဋိသန္ဓေတည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာစတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာစတင်ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဗောဓိဘိက္ခု-ဟူသောစကားကို စတင်ကြားရသောနေ့ ထိုသို့သောထူးခြားသည့် ဂုဏ်အင်များနှင့် ပြည့်စုံသောနေ့ တစ်နေ့ဖြစ်သည်။

**ဟန်လင်းနိုင်၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်**



ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုး



ဦးမောင်မြင့်



မောင်ချစ်



ဒေါ်မေသော်ဝင်းထိန်

❊ *ကျောဖုံးမှ*

ပြည်သူတွေကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒီဥယျာဉ်ကြီးထဲမှာ တိရစ္ဆာန်တွေကို အတတ်နိုင်ဆုံး လွတ်လပ်စွာထားတဲ့အတွက် နိုင်ငံခြားသားတွေလည်း စိတ်ဝင်တစား လာရောက်လည်ပတ်အပန်းဖြေကြပါတယ်။ ပြည်တွင်းက လာရောက်အပန်းဖြေကြတဲ့သူတွေက အများဆုံးဖြစ်ပါတယ်။ ဆာဖာရီတိရစ္ဆာန်ဥယျာဉ်နဲ့လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်ကြီးတွေ ဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်တဲ့သူတွေ စိတ်ချမ်းသာမှုရအောင်၊ အပန်းဖြေတာပိုပြီး အဓိပ္ပာယ်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုနေ့မျိုးတွေမှာဆိုရင် ဆင်လိမ္မာပြပွဲတွေ၊ ဆင်ကပွဲတွေ အထူးစီစဉ်ထားပါတယ်။ လာရောက်အပန်းဖြေစေချင်ပါတယ်လို့ ဖိတ်ခေါ်ချင်ပါတယ်'' ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုးက ရှင်းပြသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်အတွင်း ဆင်ကပွဲကြည့်ရှုနေသည့် တပ်ကုန်းမြို့သား ကိုဘိုစောမင်းက "ဝါဆိုလပြည့်နေ့မှာ မိသားစုလာရောက်အပန်းဖြေကြတာဖြစ်ပါတယ်။ ဒီတိရစ္ဆာန်ဥယျာဉ်ကို လာရောက်အပန်းဖြေကြည့်စေချင်ပါတယ်။ တိရစ္ဆာန်တွေကို အစာကျွေးရင်း ကုသိုလ်ကောင်းမှုတွေ ပြုနိုင်ပါတယ်''ဟု ဆိုသည်။

"ကျွန်တော်နဲ့ ကျွန်တော့်မိသားစုက ကလေးတွေ ဒီတိရစ္ဆာန်ဥယျာဉ်ကို တစ်ခါမှ မရောက်ဖူးသေးပါဘူး။ နေပြည်တော်ရဲ့ အပန်းဖြေနေရာတွေထဲက တစ်ခုဖြစ်တဲ့ ဒီတိရစ္ဆာန်ဥယျာဉ်ကို လာရောက်အပန်းဖြေရတာ ကျေနပ်စရာပါ။ ကလေးတွေလည်းပျော်၊ လူကြီးတွေလည်း ပျော်နေကြပါတယ်။ မရောက်ဖူးတဲ့သူတွေကိုလည်း လာရောက်အပန်းဖြေစေချင်ပါတယ်''ဟု တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကလေးအားကစားကွင်း၌ အပန်းဖြေလျက်ရှိသည့် ဦးမောင်မြင့်က ပြောသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌လည်း လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။

"တကယ်တော့ ဒီဥယျာဉ်ကို လာရောက်လေ့လာသင့်တယ်ဗျ။ တိုင်းရင်းသားညီအစ်ကိုဒေသတွေရဲ့ အငွေ့အသက်တွေကို ခံစားရတယ်။ သာယာလှပတဲ့ရှုခင်းတွေကို ကြည့်ရှုရင်း စိတ်နှလုံးကြည်နူးရတယ်။ ပိတ်ရက်လည်းဖြစ်တဲ့အတွက် သူငယ်ချင်းတွေစုပြီး လာရောက်အပန်းဖြေနားနေကြတာဖြစ်ပါတယ်။ ဥယျာဉ်ထဲမှာ လူတွေအများကြီး လေ့လာနေကြတာတွေ့ရတဲ့အတွက် ပျော်စရာလည်းဖြစ်ပါတယ်''ဟု တပ်ကုန်းမြို့နယ် ကင်းသာရွာမှ မောင်ချစ်က ၎င်း၏ကြည်နူးပျော်ရွှင်မှုများကို မျှဝေသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှ လက်ထောက်မန်နေဂျာ ဒေါ်မေသော်ဝင်းထိန်က "ဥယျာဉ်ထဲမှာ တိုင်းရင်းသားရိုးရာအိမ်တွေ၊ ရိုးရာစားသောက်ဆိုင်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ထင်ရှားတဲ့ပြကွက်တွေ၊ ကလေးကစားကွင်းတွေနဲ့ အခြားလေ့လာနားနေစရာတွေက စုံလင်လှပါတယ်။ အခါကြီးရက်ကြီးတွေမှာ ဥယျာဉ်ကို လာရောက်အပန်းဖြေတဲ့သူတွေ များပြားပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ မြဝတီအနုပညာအဖွဲ့တွေရဲ့ဖြေဖျော်တင်ဆက်မှုတွေလည်း ရှိပါတယ်။ အပန်းဖြေရေး၊ စားသောက်ရေးနဲ့ သွားလာရေးတွေအတွက် အားလုံးအဆင်ပြေအောင် စီမံဆောင်ရွက်ထားပါတယ်။ ဒီဥယျာဉ်ကို ကိုယ်တိုင်လာရောက်အပန်းဖြေကြည့်မှ အပန်းဖြေခြင်းရဲ့ အရသာကို ပိုမိုခံစားနိုင်မယ်လို့ ဆိုချင်ပါတယ်''ဟု ဆိုသည်။

နေပြည်တော်ရောက်လျှင် မလည်မဖြစ်သွားရောက်လည်ပတ်ကြသည့် လေ့ခွင်းတောင် ပေါင်းလောင်းကမ်းခြေ၌လည်း ယနေ့တွင် လာရောက်အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ဦးမြင့်လှိုင်က "ဝါဆိုလပြည့်နေ့မှာ ကျွန်တော်တို့မိသားစုတွေ နေပြည်တော်သွားမယ်ဆိုပြီး ရန်ကုန်ကနေ လာခဲ့ကြတာပါ၊ ဘုရားတွေစုံအောင်ဖူးခဲ့ပြီး ဒီပေါင်းလောင်းအပန်းဖြေကမ်းခြေမှာ လာရောက်အနားယူကြမယ်ဆိုပြီး လာခဲ့ကြတာပါ။ ဒီရောက်တော့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် နားနေကြပါတယ်။ ပျော်တယ်ဗျ၊ ဒေသန္တရ ဗဟုသုတရပါတယ်''ဟု ဆိုသည်။

နေပြည်တော်ရှိ ဈေးဝယ်စင်တာများဖြစ်ကြသည့် Junction ၊ Capital ၊ စိန်ဒေါင်းနှင့် Ocean တို့တွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဝန်ထမ်းတစ်ဦးဖြစ်သည့် မအေးသောင်းက "ဒီနေ့ ဝါဆိုလပြည့်နေ့ ဖြစ်တဲ့အတွက် ဘုရားတွေမှာ ကုသိုလ်ပြုနိုင်ဖို့ လှူဒါန်းဖွယ်ရာပစ္စည်းတွေ လာဝယ်တာပါ။ ဈေးဝယ်သူတွေများနေတဲ့အတွက် ငွေရှင်းကောင်တာမှာ တော်တော်ကြာအောင် စောင့်နေခဲ့ရတယ်။ ဒီလိုအခါကြီးရက်ကြီးလည်းဖြစ်၊ ရုံးပိတ်ရက်လည်း ဖြစ်တဲ့အတွက် အခြားစင်တာတွေမှာ ကျွန်မသူငယ်ချင်းတွေ ဈေးသွားဝယ်နေကြပါတယ်''ဟု ပြောသည်။

နေပြည်တော် အောင်သပြေရုပ်ရှင်ရုံ၌လည်း ရုပ်ရှင်ကြည့်ရင်း အပန်းဖြေအနားယူကြသည့် ဝန်ထမ်းများနှင့် ပြည်သူများ စည်ကားလျက်ရှိသည်။

"ဝါဆိုလပြည့်နေ့က အများပြည်သူပိတ်ရက်ဆိုတော့ ရုပ်ရှင်လက်မှတ်တွေကို ကြိုတင်မှာယူကြတာများတယ်။ တချို့က ဒီနေ့ကိုပဲ ရုပ်ရှင်ကြည့်ချင်တဲ့သူတွေက ရှိနေတယ်။ ဒီနေ့ ပြသတဲ့ပွဲစဉ်တိုင်း ရုပ်ရှင်ချစ်ပရိသတ်က ရုံပြည့်ရုံလျှံ ဖြစ်နေပါတယ်။ ဆိုလိုချင်တာက ဒီနေ့မှာ ရုပ်ရှင်ကြည့်ရင်း အပန်းဖြေတဲ့သူများတယ်လို့ ပြောချင်တာပါ။ ကျွန်မတို့ ရုပ်ရှင်ရုံမှာ အားပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်''ဟု နေပြည်တော် သပြေကုန်း အောင်သပြေရုပ်ရှင်ရုံဝန်ထမ်း မစိုးမိုးသူက ပြောသည်။

**မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ-ထိန်နန်နော်**

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့နယ်တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သပိတ်ကျင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# နှလုံးသွေးဖြင့် ရေးခဲ့သူများ

မင်းသိမ်း (နေပြည်တော်)

**"ပျောက်သောသူရှာရင်တွေ့၊ သေသောသူကြာလျှင်မေ့" ဟူသော ဆိုရိုးစကားရှိခဲ့သော်လည်း ကျွန်တော်၏ နှလုံးအိမ်အတွင်းဝယ် မေ့မှိန်၍မသွား၊ တစ်နေ့တခြား နက်ရှိုင်းသည်ထက် နက်ရှိုင်းသော အသိဖြင့် မေ့မရသူများ ရှိခဲ့ပါသည်။ ထိုသူတို့မှာ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းစာမျက်နှာသစ်ကို နှလုံးသွေးဖြင့်ရေးခဲ့သူများ ဖြစ်သည်။**

မည်သို့သောပုဂ္ဂိုလ်များဖြစ်မည်နည်း။ မိမိတိုင်းပြည်နှင့် လူမျိုးများ၏ အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကို ရဲရဲရင့်ရင့်၊ ယုံယုံကြည်ကြည် လုပ်ကိုင်ဆောင်ရွက်ရင်း အသက်ကို စွန့်လွှတ်ခဲ့ကြသူများဖြစ်သည်။

ကွယ်လွန်သူ ကျွန်တော့်ဖေဖေပြောခဲ့တဲ့ "စွန့်လွှတ်စွန့်စားသွားကြတဲ့ သူတွေရဲ့ကျေးဇူး" ဆိုတာ "အာဇာနည်" ပုဂ္ဂိုလ်တွေကို ရည်ညွှန်းမှန်း ကျွန်တော်သိပါသည်။ "အာဇာနည်" ဆိုတာဟာ အကြောင်းကျိုး၊ အမှားအမှန်ကို ဝေဖန်တတ်သူ၊ အမှန်တရားအတွက် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ လုပ်ကိုင်ဆောင်ရွက်တတ်သူ၊ ဟုတ်တယ်နော်...ဖေဖေ။

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ လွတ်လပ်ရေးမော်ကွန်းဝင် ဇနီးမောင်နှံ ကျေးဇူးရှင်ဖေဖေနဲ့ မေမေတို့ရဲ့စကားလေးတွေကို မကြာမီရောက်ရှိတော့မည့် (၇၂) နှစ်မြောက် အာဇာနည်နေ့လိုမျိုး၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့လိုမျိုးတွေမှာ၊ သတင်းစာ ဆရာတစ်ယောက်ရဲ့သားပီပီပြန်လည်မျှဝေသွားမှာပါ...ဖေဖေ။

### လွတ်လပ်ခြင်းရဲ့တန်ဖိုး

" လွတ်လပ်ရေး" ဆိုတဲ့ စကားလုံးသုံးလုံးကိုရေးပြရုံ၊ ဖတ်ပြရုံသက်သက်ဆိုရင်တော့ ခက်ခဲတဲ့အရာ မဟုတ်ဘူးသား၊ ဒါပေမယ့် လက်ဝယ်ရရှိပိုင်ဆိုင်ဖို့ ကြိုးစားအားထုတ်ရတဲ့အခါမှာတော့ ခက်ခဲကြမ်းတမ်းတယ်။ မြှုပ်နှံခဲ့ရတဲ့ အရင်းအနှီးဟာ ကြီးမားတယ်။ လွတ်လပ်ရေးကို ပုံပမာနှိုင်းပြရရင် လေနဲ့တူသလို၊ ရေနဲ့လည်းတူတယ်သား။ တစ်ခါ ကျန်းမာရေးနဲ့လည်း တူတယ်သား။ လေကို အလွယ်တကူ ရှူရှိုက်ခွင့်ရနေတုန်း၊ ရေကိုအလွယ်တကူ အသုံးပြုခွင့်ရနေတုန်း၊ ကျန်းမာတုန်း ပျော်ရွှင်စွာနေရတုန်းက အရေးမထားမိပေမယ့်၊ လေမရလို့ အသက်ရှူကျပ်တဲ့အခါ၊ ရေမရလို့ ရေငတ်တဲ့အခါ၊ မကျန်းမာလို့ မသွားနိုင်မလာနိုင်တဲ့အခါ၊ အဲ့ဒီတော့မှ သူတို့ရဲ့တန်ဖိုးကို သိလာကြတယ်။ ဘာနဲ့မှ အစားထိုးလို့မရမှန်း၊ ကိုယ်တွေ့ကြုံမှယုံလာကြတယ်။ ဒီလိုပါပဲ လွတ်လပ်ရေးဆိုတာဟာလည်း လွတ်လပ်နေချိန်မှာလွတ်လပ်ခြင်းရဲ့ အရသာနဲ့ တန်ဖိုးကိုမသိကြပေမယ့်၊ လွတ်လပ်ရေးဆုံးရှုံးမှသာ လွတ်လပ်ခြင်းရဲ့အရသာနဲ့ တန်ဖိုးကို ကောင်းစွာသိမြင်လာကြတယ် သား။ ဒါကြောင့် မလွတ်လပ်တဲ့ဘဝကို ရောက်ခဲ့ဖူးသူတိုင်းဟာ နောင်တစ်ကြိမ် အဲဒီလိုဘဝမျိုး ပြန်မရောက်ချင်ကြဘူး။ သူ့ကျွန်ဖြစ်ခဲ့ပြီး နယ်ချဲ့ရဲ့ဖိနှိပ်မှု၊ ဖက်ဆစ်စနစ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုဒဏ်ကို ခါးသီးစွာ ခံစားရပြီးဖြစ်လို့ လွတ်လပ်ခြင်းရဲ့တန်ဖိုးကို ဖေဖေတို့လူမျိုးတွေ ကောင်းကောင်းသိတယ်...သား။ လက်ဝယ်ရရှိပြီးဖြစ်တဲ့ လွတ်လပ်ရေးကြီး ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းနိုင်ဖို့ဆိုရင်တော့ ပြည်သူတွေအားလုံးဟာ လွတ်လပ်ရေးနဲ့ ထိုက်တန်အောင် နေတတ်ရမယ်၊ စည်းနဲ့ကမ်းနဲ့ နေတတ်ရမယ်။ မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာမယ့် ပြည်တွင်း ပြည်ပအဖျက်ရန်ကိုလည်း အမြဲတစေသတိထားပြီး ရှင်းလင်းသုတ်သင်နေရမယ်သား။

အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသွားကြတဲ့ သူတို့တွေရဲ့ကျေးဇူးကို သတိရနေရမယ်။ ချစ်မြတ်နိုးနေရမယ်။ တန်ဖိုးထားလေးစားနေရမယ်။ သူတို့အသက်နဲ့လဲပြီး ရယူပေးခဲ့တဲ့ လွတ်လပ်ရေးကို ဖေဖေတို့ သားတို့ကလည်း အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်နိုင်ရမယ်...သား။ လွန်ခဲ့သော ၃၅ နှစ်ကျော်က ဖေဖေကျွန်တော့်ကို ပြောပြခဲ့တဲ့ စကားတွေပါ။ အမြဲတမ်း မှတ်သားလိုက်နာနေမှာပါ။ ကျေးဇူးရှင်မိဘနှစ်ပါးရဲ့ လွတ်လပ်ရေးအတွက် လှုပ်ရှားမှုတွေကို ဒီလိုနေ့မျိုး ရောက်လာတိုင်း မနေ့တစ်နေ့ကလိုပဲ ခံစားရပါတယ်။

နိုင်ငံတိုင်းတွင် မိမိတို့၏ သမိုင်းတစ်ဆင့်မြှင့်ကြပြီဆိုလျှင် အာဇာနည်ပုဂ္ဂိုလ်တို့နှင့် စတေးရစမြဲဖြစ်ပေသည်။ အမေရိကန်ပြည်ထောင်စု မပြိုကွဲရေးနှင့် ငွေဝယ်ကျွန်စနစ်ဖျက်သိမ်းရေး ကြိုးပမ်းမှုတွင်လည်း သမ္မတကြီးအီဗရာဟင်လင်ကွန်းလုပ်ကြံခံခဲ့ရပါသည်။ အိုင်ယာလန်နိုင်ငံ၏ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲအောင်မြင်နေချိန်တွင်လည်း သစ္စာဖောက်လူယုတ်မာတို့၏ လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင် မိုက်ကယ်ကောလင်း အသတ်ခံရပါသည်။ အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး မဟတ္တမဂန္ဒီသည်လည်း အစွန်းရောက်လူသတ်သမားတို့၏ ပစ်ခတ်မှုကြောင့် အသက်စွန့်ခဲ့ရပါသည်။ ထာဝစဉ် နှမြောတသနေကြရမည့် ပုဂ္ဂိုလ်များပင် ဖြစ်ပေသည်။




### တိုင်းပြည်အတွက်သာကြည့်သည့် ဗိုလ်ချုပ်

ထို့အတူ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရဖို့ လပိုင်းမျှသာလိုတော့သည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့အတွင်းဝန်ရုံးဝင်းအတွင်း အစိုးရအဖွဲ့ဝင်လူကြီးများ အစည်းအဝေး ပြုလုပ်နေစဉ် မသမာသူ လူသတ်သမားတို့၏ ရက်ရက်စက်စက်ပစ်ခတ်မှုဖြင့် လုပ်ကြံခံခဲ့ရပါသည်။ ထိုစဉ်က လွတ်လပ်ရေးဗိသုကာကြီးအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ဝန်ကြီးများဖြစ်ကြသည့် သခင်မြ၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်တို့နဲ့အတူ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့ အစုလိုက်၊ အပြုံလိုက် အသက်ပေးခဲ့ကြရသည်၊ ကြွေလွင့်ကြရရှာပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အသက် (၁၇) နှစ် အရွယ် ၁၉၃၂ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားဖြစ်နေပြီး အသက် (၃၂) နှစ်အရွယ် ၁၉၄၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ တက္ကသိုလ်ရောက်ချိန်မှ ကျဆုံးချိန်အထိ ၁၅ နှစ်ကာလအတွင်း မြန်မာ့လွတ်လပ်ရေးအတွက် မနားမနေ လုပ်ကိုင်ခဲ့သူဖြစ်သည်။ လူငယ်လူရွယ်တစ်ယောက်ဖြစ်နေသော်လည်း အပျော်အပါးနောက်မလိုက်ဘဲ ကိုယ်ကျိုးအတွက် သူမကြည့်၊ ဘယ်အဆင့် ဘယ်နေရာရောက်မှ ဆိုသည်မှာ သူ့အတွက်ဘာမှမဟုတ်၊ တိုင်းပြည်အတွက်၊ ပြည်သူအတွက်သာ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းခဲ့သူ။ ထို့ကြောင့်လည်း ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး အမျိုးသားခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ရပါသည်။

သူတည်ထောင်ခဲ့သည့် မြန်မာ့တပ်မတော်ဆိုတာဟာ မြန်မာပြည်သူတို့ရဲ့နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကြားမှ ပေါက်ဖွားလာခြင်း ဖြစ်ပေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ် ဂျပန်ပြည်သို့ စစ်ပညာသင်ရန်သွားရောက်ခဲ့စဉ်ကစလို့ သန္ဓေတည်ခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၄၂ ခုနှစ်တွင် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ ဂျပန်နဲ့အတူ မြန်မာနိုင်ငံအတွင်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်အဖြစ် ဖွဲ့စည်းရန်ဝင်ရောက်လာခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြောင့် အင်္ဂလိပ်နယ်ချဲ့များ မြန်မာ့မြေမှ ဆုတ်ခွာချိန် ဖက်ဆစ်ဂျပန်များက မြန်မာပြည်ကို အတုအယောင်လွတ်လပ်ရေး ကြေညာပေးခဲ့ပါသည်။ နှိပ်စက်ခံရခြင်း၊ ဘာသာသာသနာ ဖျက်ဆီးခံရခြင်းတို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းမှ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေး တပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်နေ့မှာတော့ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ရရာ လက်နက်စွဲကိုင်ကာ တော်လှန်တိုက်ခိုက်ကြပါသည်။

> **"အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အသက် (၁၇) နှစ် အရွယ် ၁၉၃၂ ခုနှစ်တွင် တက္ကသိုလ် ကျောင်းသားဖြစ်နေပြီး အသက် (၃၂) နှစ်အရွယ် ၁၉၄၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ တက္ကသိုလ်ရောက်ချိန်မှ ကျဆုံးချိန်အထိ ၁၅ နှစ်ကာလအတွင်း မြန်မာ့လွတ်လပ်ရေးအတွက် မနားမနေ လုပ်ကိုင်ခဲ့သူဖြစ်သည်။ လူငယ်လူရွယ် တစ်ယောက်ဖြစ်နေသော်လည်း အပျော်အပါး နောက်မလိုက်ဘဲ ကိုယ်ကျိုးအတွက် သူမကြည့်၊ ဘယ်အဆင့် ဘယ်နေရာရောက်မှ ဆိုသည်မှာ သူ့အတွက် ဘာမှမဟုတ်၊ တိုင်းပြည်အတွက်၊ ပြည်သူအတွက်သာ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းခဲ့သူ။ ထို့ကြောင့်လည်း ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး အမျိုးသား ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့"**

တော်လှန်ရေးနှင့် တပ်မတော်သည်ခွဲခြား၍မရ၊ တစ်သားတည်းသာ ဖြစ်ပါသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများမှ တပ်မတော်ကို မွေးဖွားပေးခဲ့ပါသည်။ တသီးတခြား ရှင်သန်ရပ်တည်နေသည့် အဖွဲ့အစည်းမဟုတ်ပါ။ ပြည်သူတို့ကြားမှ ပေါက်ဖွားကာ ပြည်သူများ၏ သားသမီးများဖြင့် ဖွဲ့စည်းထားသည်သာဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ (၅.၄.၁၉၄၇) ရက်နေ့ ရေဒီယိုအသံလွှင့် မိန့်ခွန်းနှင့် (၁၃.၇.၁၉၄၇) ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းများသည် ရှေ့အနာဂတ်တွင် ကြုံတွေ့နိုင်မည့် ကြုံတွေ့ရမည့် အခြေအနေများကို သတိပေးနေသလို ခံစားမိပါသည်။ "ကျွန်တော်တို့ ပြောကောင်းရုံလေးအတွက် ကြိုးပမ်းနေကြတာ မဟုတ်ဘူး၊ ခပ်တိုတိုပြောရရင် လူတန်းစေ့စေ့နေနိုင်အောင် လုပ်ပေးဖို့လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ၊ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်ဘူး"။ "ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ၊ ငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာအဲ့ ဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး၊ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး၊ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

### စည်းလုံးခြင်းသည် အင်အား

ဒါဟာ ဘာကိုရည်ရွယ်ပြီး ပြောနေသလဲ။ (၃၂)နှစ်အရွယ် လူလတ်ပိုင်း အမျိုးသားခေါင်းဆောင်တစ်ဦးရဲ့အတွေး၊ အမြင်။ သူတွေးသလို၊ သူမြင်သလို မြင်တတ်ကြမယ်ဆိုရင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေဟာ နိုင်ငံတော်ရဲ့ အမျိုးဂုဏ် ဇာတိဂုဏ်ဝင့်ထည်မြင့်မားရေးအတွက် အလွန်အရေးပါတယ်ဆိုတာကို ပြည်ထောင်စုဖွားတိုင်းရင်းသား အားလုံး အလေးထား မှတ်ယူကြပါ။ ဘဝကိုချစ်မြတ်နိုးလျှင် အချိန်ကို မဖြုန်းကြပါနှင့်။ ဘဝသက်တမ်းဆိုသည်မှာ အချိန်များနှင့် တည်ဆောက်ထားခြင်းဖြစ်လို့ အခြေအနေ၊ အချိန်အခါ အရ အယူဝါဒများ ပြောင်းလဲခြင်းများတွေ့တဲ့အခါ သမာဓိမတည်၊ ရှေ့နောက်မညီလို့ ထင်မှတ်မှားတတ်ကြပါသည်။ တကယ်တော့ သမာဓိမတည်ခြင်းဟာ ကိုယ်ကျင့်တရားဖောက်လွဲဖောက်ပြန်ခြင်းသာဖြစ်ပြီး ဝါဒပြောင်းမှုဟာ ဉာဏ်အမြင့်ရဲ့ ပြောင်းလဲမှုကြောင့် သမာဓိမတည်ခြင်းမဟုတ်၊ တိုးတက်ခြင်းသာဖြစ်ကြောင်း သိထားဖို့လိုပေသည်။

လူ့လောကတွင် အယူဝါဒ အမျိုးမျိုးကို နားလည်ပေးခြင်း၊ လူများ၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုကို လေးစားစွာ အတူတကွ ယှဉ်တွဲနေထိုင်ခြင်းဟာ ယဉ်ကျေးမှုဖြစ်လို့ ဒီမိုကရေစီ၏ အနှစ်သာရလည်း ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ ကောင်းကျိုးဆိုးကျိုး၊ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုများသည် တိုင်းရင်းသားလူမျိုးစုများ၏ စည်းလုံးညီညွတ်မှုပေါ်တွင် မူတည်၍ ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်၊ ဒေသစွဲ၊ ပါတီစွဲ၊ ဝါဒစွဲများ လွန်ကဲခြင်း၊ အစွန်းရောက်အတွေးအခေါ်များ ရှေ့တန်းတင်နေကြခြင်းများသည် နိုင်ငံတော်၏ ရှိရင်းစွဲ အင်အားကို လျှော့နည်းစေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးအခြေအနေများ၏ အဆင့်အတန်းများ နိမ့်ကျသွားနိုင်ပါကြောင်း သတိပြုမိကြဖို့ လိုပေသည်။

အစဉ်အလာ ဆိုသည်မှာ လူကထူထောင်ရသည့်အရာဖြစ်သလို အစဉ်အလာကြီးမားမှုလည်း လူ၏တန်ဖိုးကြီးမားပါမည်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးပေါင်းစုံမှ တက်ကြွနိုးကြားစွာ ကျင်းပလေ့ရှိသည့် "အာဇာနည်နေ့" အခမ်းအနားကြီးကို ရင်ထဲအသဲထဲမှ ဂုဏ်ယူဝင့်ကြွားစွာကျင်းပဆောင်ရွက်လိုစိတ်များဖြင့် ကမ္ဘာတည်သရွေ့ ကျင်းပကြရပါမည်။

သို့ပါ၍ ကျွန်တော်တို့ ပြည်သူများအားလုံး အရင်ဆုံး ပြုလုပ်ရမည်မှာ "အဓိပ္ပါယ်မဲ့နေသော လုပ်ငန်းများကို ရပ်ကြပါ။ အမှန်တကယ် အစမှပြန်ပြုပြင်သင့်သော အရာများအပေါ် အာရုံစူးစိုက်ပါ" စည်းလုံးခြင်းသည်အင်အား လွတ်လပ်ရေးကို ကာကွယ်ကြပါလို့ တိုက်တွန်းလိုပါသည်။

ကျွန်တော်တို့ လေးစားအားကိုးခဲ့ရသော အာဇာနည်များက သမိုင်းကို နှလုံးသွေးဖြင့် ရေးခဲ့ကြပါသည်။ ကျွန်တော်တို့ပြည်သူတွေ အားလုံးက မျက်ရည်နှင့် ရေး၍မဖြစ်၊ ချွေးနှင့်ရေးရမည်ဖြစ်ပါကြောင်း (၇၂) နှစ်မြောက် "အာဇာနည်နေ့" ကို အထိမ်းအမှတ်ပြုရေးသားတင်ပြလိုက်ပါသည်။ ။

# ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၌ ကုသိုလ်ပြုကြသူများဖြင့်စည်ကား

**မန္တလေး ဇူလိုင် ၁၆**

ဝါဆိုလပြည့်ဓမ္မစကြာ အခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာ အခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း စသည့်ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မြို့ရွာအနှံ့ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းခံဖွယ် ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြခြင်း၊ သံဃာတော်များက သီလပေးတရားတော်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူခြင်း စသည့် ဒါနကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်အား ယနေ့နံနက် ၄ နာရီက ရေတော်ဆရာတော် ဘဒ္ဒန္တဉက္ကဋ္ဌ အရှင်သူမြတ် အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း၊ ဝါဆိုပန်းကပ်လှူပူဇော်ကြသည်။ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်ရဟန်းရှင်လူပြည်သူအပေါင်းတို့ကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ငါးလွှတ်ခြင်း၊ အစာကျွေးခြင်းများအပြင် ဥပုသ်သီတင်းသီလဆောက်တည်၍ တရားဘာဝနာအားထုတ်သူများ၊ ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်ပူဇော်ခြင်းတို့ကို အဖွဲ့လိုက်၊ မိသားစုလိုက်၊ အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ပြုကြခြင်းဖြင့် စည်ကားလျက်ရှိသည်။



**ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်၌ ကုသိုလ်ပြုသူများဖြင့် စည်ကားနေစဉ်။**

ယနေ့နံနက် ၆ နာရီတွင် မန္တလေးမြို့ လမ်း ၈၀ ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းရှေ့တွင် ဂေါပကအဖွဲ့ကဦးဆောင်မှုဖြင့် အလှူရှင်များစုပေါင်း၍ မစိုးရိမ်ကျောင်းတိုက်မှ သံဃာတော်အပါး ၂၅၀ တို့အား ဆွမ်း၊ စာရေးတံ၊ ဆွမ်းဆန်တော်နှင့် ဒါတုဗ္ဗဝတ္ထုပစ္စည်းများ လောင်းလှူကုသိုလ်ပြုကြသည်။

အလားတူ နံနက် ၈ နာရီတွင်လည်း မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ အမှူးပြုသော ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ဝန်ထမ်းများစုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်းဥပုသ်သီတင်းသီလပွဲကို မန္တလေးတက္ကသိုလ် ဓမ္မာရုံတွင် ကျင်းပရာ ကြွရောက်လာသော ပရိသတ်များက စဥ့်ကိုင်မြို့ မေတ္တာစွမ်းရည်ရွှေသိမ်တော်ဆရာတော် အရှင်စန္ဒိမာထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆရာတော်အား ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရား နာကြားကြပြီးနောက် လှူဒါန်းမှုကောင်းမှု ကုသိုလ်အစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ထို့ပြင် အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိုမ် အောင်တော်မူ ဆုတောင်းပြည့်ဘုရား၊ ချမ်းသာကြီး ချမ်းသာရာဘုရား၊ စန္ဒာမုနိကုသိုလ်တော်ဘုရား၊ မန္တလေးတောင်တော် အတုမရှိ ရွှေကျောင်းတော်ကြီး၊ ဆုတောင်းပြည့် ဆုတောင်းရာဘုရား၊



ဘုရားနီ၊ တဝဂူဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ နန်းမြို့ ဆုတောင်းပြည့်ဘုရား၊ ဝေရောစန ကျောက်စိမ်းစေတီတော်၊ မြတ်ဝါခင်းကုန်းဘုရားအပါအဝင် ဘုရားပုထိုးစေတီတော်များတွင် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်း၊ ဆရာတော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်တော်မူခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါဘုရားများ၌ အနယ်နယ်အရပ်ရပ်နှင့် မန္တလေးမြို့ပေါ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင်အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းဒါနပြုကြသည်။

မန္တလေးနန်းမြို့ မြနန်းစံကျော်ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်၊ ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ကျုံးမြောက်ဘက်ရှိ ရတနာပုံဥယျာဉ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရရှိ ဦးပိန်တံတားနှင့် တောင်သမန်အင်းတို့သို့လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့ရှိ ဆေးရုံများ၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများနှင့် လူနာစောင့်များကို အနောက်ခင်မကန်တိုက် မြကုန်းကျောင်း၊ ဂိလာနပါလ ဆန်ပြုတ်နှင့် ရေသန့်အလှူအသင်းမှ ဦးဆောင်၍ အလှူရှင်မိသားစုတို့က ညနေစာထမင်းဟင်းများ၊ စားသောက်ဖွယ်ရာများ၊ ဆန်ပြုတ်နှင့် ရေသန့်၊ အချိုရည်ဘူးများကို အာဟာရကုသိုလ်ပြုလှူဒါန်းကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဝါဆိုလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ပန်းခြံများနှင့် အပန်းဖြေနေရာများတွင် အပန်းဖြေနားနေသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၆

**ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အတွက် ရန်ကုန်မြို့ရှိ အထင်ကရပန်းခြံများနှင့် အပန်းဖြေလည်ပတ်စရာနေရာများတွင် လာရောက်လည်ပတ် အပန်းဖြေသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။**




**ဝါဆိုလပြည့်နေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ- ဖေဇော်

ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံသို့ လာရောက်လည်ပတ်သည့် ဒလမြို့နယ်မှ ဦးဇင်မင်းထွဋ်က "အခါကြီးရက်ကြီးလည်းဖြစ်တယ်။ သားသမီးတွေကို ပျော်ရွှင်စေချင်လို့ လိုက်ပို့ပေးတာပါ။ ကျွန်တော်တို့ ရုပ်ရှင်ကြည့်ကြတယ်။ ဘုရားဖူးတယ်။ အခုပန်းခြံမှာကလေးတွေကိုဆော့ ကစားခိုင်းတာပါ။ ဒီပန်းခြံကိုရောက်တော့ လေကောင်းလေသန့်ရပြီး လွတ်လပ်မှုတွေရှိသွားသလို ခံစားရတယ်။ မိသားစုနဲ့ အပန်းဖြေတာဆိုတော့ စိတ်ဖိစီးမှုတွေ လျော့သွားမယ်။ နောက်နေ့ လုပ်ငန်းမှာ အင်အားတွေနဲ့ အသစ်ပြန်လည်စတင်နိုင်မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

**စည်ကားလျက်ရှိ**

ထို့အတူ ရန်ကုန်မြို့၏ အထင်ကရပန်းခြံများနှင့် အပန်းဖြေနေရာများဖြစ်သည့် ကန်တော်ကြီးပန်းခြံ၊ သခင်မြပန်းခြံ၊ ပြည်သူ့ဥယျာဉ်အပန်းဖြေပန်းခြံ၊ ဦးဥတ္တမပန်းခြံ၊ မင်္ဂလာဒုံပန်းခြံ၊ မြိုင်ဟေဝန် ပန်းခြံ (ရှစ်မိုင်လမ်းဆုံ)၊ မြကျွန်းသာ၊ အင်းလျားကန်ပေါင် (ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း)၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့ အပါအဝင် အခြားသော ပန်းခြံများတွင်လည်း လာရောက်လည်ပတ် အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**ကြည်နူးဖို့ကောင်း**

ကန်တော်ကြီးပန်းခြံ သို့လာရောက်လည်ပတ်သူ ဒလမြို့နယ်မှ ကိုဇော်မင်းထိုက်က "လပြည့်နေ့လည်းဖြစ်တယ်။ အားလပ်ရက်လည်းဖြစ်လို့ သူငယ်ချင်းတွေနဲ့အတူ ဘုရားလာဖူးရင်းနဲ့လာရောက်အပန်းဖြေတာပါ။ လမ်းပေါင်းစုံ၊ နေရာပေါင်းစုံမှာ လူတွေပြည့်ကျပ်နေတာပဲ။ တိရစ္ဆာန်ဥယျာဉ်နဲ့ ဒီပန်းခြံမှာလည်း တော်တော်စည်တယ်။ ပြည်သူတွေ အနားယူ အပန်းဖြေဖို့ကောင်းအောင် တော်တော်လေး ပြင်ဆင်ထားတာ တွေ့ရတယ်။ ကျွန်တော်တို့က အမြဲတမ်းလှုပ်ရှားရုန်းကန်နေရတာဆိုတော့ ဒီလိုနားရက်လေးမှာ အပန်းဖြေရတာ တကယ်စိတ်ကြည်နူးဖို့ကောင်းပါတယ်။ ဒီလို အပန်းဖြေစရာ နေရာကျယ်ကျယ်ဝန်းဝန်းလေးတွေလိုနေခဲ့တာကြာပါပြီ" ဟု ပြောသည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်သည့် မြောင်းမြို့နယ် ဇီးကျွန်းကျေးရွာမှ အဘွား ဒေါ်စိန်ရှိက "သမီးတွေ၊ တူမတွေနဲ့ အတူဘုရားဖူးလာတာပါ။ ရွှေတိဂုံဘုရားဖူးပြီး အပြန် တိရစ္ဆာန်ဥယျာဉ်ကိုဝင်ရောက် လည်ပတ်တာပါ။ အရင်တုန်းကလည်း ရောက်ဖူးပါတယ်။ ဒီတစ်ခါတော့ အခါကြီးရက်ကြီးဆိုတော့ လူတော်တော်စည်တယ်" ဟု ပြောသည်။

ရန်ကုန်မြို့နေ ပြည်သူများအတွက် အပန်းဖြေအနားယူ အထင်ကရနေရာဖြစ်သည့် လှိုင်မြို့ရှိ အင်းလျားကန်ပေါင်တွင်လည်း ဇူလိုင်မိုးဖွဲများကျနေသည့်ကြားမှပင် အပန်းဖြေသူများ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားခဲ့သည်။

အင်းလျားကန်ပေါင်သို့ လာရောက်လည်ပတ်သူ မြောက်ဥက္ကလာပမြို့နယ်နေ မောင်သော်ဇင်ထွဋ်က "ကျွန်တော့်သူငယ်ချင်းမွေးနေ့ဖြစ်လို့ လည်ပတ်ကြတာပါ။ ရုပ်ရှင်လည်းကြည့်ခဲ့ပြီးပြီ။ မြန်မာပလာဇာကအပြန် အင်းလျားကိုဝင်တာပါ။ ဒီနေရာက ကန်ရေပြင်ကြီးကလာတဲ့ သန့်ရှင်းလတ်ဆတ်တဲ့လေကို ရှူရတာစိတ်ထဲမှာ ကြည်လင်လန်းဆန်းသွားသလို ခံစားရတယ်။ စိတ်ထဲမှာ ကြည်နူးပျော်ရွှင်နေတယ်။ နောက်ထပ် ပန်းခြံတစ်ခုခုကို သွားလည်ဖို့ ရှိပါတယ်" ဟု ပြောသည်။

အလားတူ ယနေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ ရုပ်ရှင်ရုံများ၊ အပန်းဖြေနေရာများနှင့် ကလေးကစားကွင်းများနှင့်အတူ ဈေးဝယ်စင်တာကြီးများတွင်လည်း စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ရခိုင်ပြည်နယ်သို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို ထပ်မံစိစစ်အတည်ပြုရန် ဖွဲ့စည်းခဲ့သည့် စုံစမ်းစစ်ဆေးရေးခုံရုံးမှ အဖွဲ့ဝင်များသည် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နိုင်ရန်အတွက် ဇူလိုင် ၁၅ ရက်က ရခိုင်ပြည်နယ်သို့ ထွက်ခွာသွားကြောင်း သိရသည်။

စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို စိစစ်အတည်ပြုရန် ဘူးသီးတောင်နယ်မြေသို့ ပထမအကြိမ် သွားရောက်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့်ဓာတ်ပြားစက်များ လှူဒါန်းနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများ ရှိပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူး (အသံလွှင့်) ဖုန်း-၀၆၇ ၇၉၂၁၂၊ ၀၉ ၂၅၀၁၀၇၉၀၃၊ ဦးရန်နိုင်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး (မှတ်တမ်း) ဖုန်း-၀၉ ၂၅၂၄၁ ၂၈၀၃၊ နေပြည်တော် (တပ်ကုန်း)နှင့် ဦးတင်အုန်း (ဦးစီးအရာရှိ)၊ ဖုန်း-၀၉ ၄၂၀ ၂၅၂၀၆၈၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း၊ အမှတ် (18/D)နေ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာနှင့်ဇနီး ဒေါ်လှလှမြင့်၊ သား ဦးအောင်လက်ျာ၊ သမီး ဒေါက်တာ ခင်လက်ျာ၊ ဒေါ်ယုလက်ျာ မိသားစုမှ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား (၁၀၃)ချပ်နှင့် (Dual) ဓာတ်ပြားစက် (၁) လုံးကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်) သို့ ဆက်သွယ်လှူဒါန်းခဲ့သဖြင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့၌ MSMEs CONNECT 2019 (Magway) နှင့် စာပေဟောပြောပွဲကျင်းပမည်

**မကွေး ဇူလိုင် ၁၆**

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး မကွေးတိုင်းဒေသကြီး MSMEs Agency နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီတို့ ပူးပေါင်း၍ MSMEs CONNECT 2019 (Magway) ကို ပခုက္ကူမြို့ရှိ ပခုက္ကူခရိုင်အားကစားကွင်း၌ ဇူလိုင် ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ပြသရောင်းချပြီး စိတ်ဝင်စားဖွယ်ရာ အစီအစဉ်များတွင် ပူးပေါင်းပါဝင်ချိတ်ဆက်မှုများ ပြုလုပ်နိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲအထိမ်းအမှတ်အဖြစ် ဇူလိုင် ၂၀ ရက်တွင် ဆရာ အော်ပီကျယ်၊ ဆရာမ ဂျူး၊ ဆရာမ မြကြာငုံ (ဒေါက်တာ နီလာသိန်း)တို့၏ စာပေဟောပြောပွဲ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲတော်အတွင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပါဝင်ပြသသည့်ပြခန်းများ၏ ခင်းကျင်းပြင်ဆင်မှုဆု၊ တီထွင်ဖန်တီး MSME တို့၏ ထုတ်ကုန်ဆုများကို ပေးအပ်မည်ဖြစ်ပြီး စီးပွားရေးပညာရှင်များနှင့် ဟောပြောပွဲလာ စာရေးဆရာသုံးဦးတို့က ပါဝင်အကဲဖြတ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေလေလွင့်ဆုံးရှုံးမှုမှာ ၄၅ ရာခိုင်နှုန်း မှ ၅၀ ရာခိုင်နှုန်းအကြားရှိ

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေလေလွင့်ဆုံးရှုံးမှုမှာ ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအကြားတွင် ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဇူလိုင် ၁၅ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

နိုင်ငံတကာတွင် ရေလေလွင့်ဆုံးရှုံးမှုမှာ ၂.၅ ရာခိုင်နှုန်း၊ ၂.၆ ရာခိုင်နှုန်းနှင့် အများဆုံး ၃ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ရန်ကုန်မြို့တွင် ရေဆုံးရှုံးမှုပမာဏမှာ ၄၅ ရာခိုင်နှုန်းခန့်ဖြစ်နေကြောင်း သိရသည်။ ထိုသို့လေလွင့်ဆုံးရှုံးရာ၌ နည်းလမ်းနှစ်ခုရှိပြီး ရေဖိုးရေခ အပြည့်အဝမရ၍ ဆုံးရှုံးမှုရှိသလို ရေပိုက်လိုင်းဆက်သွယ်မှုများ မကောင်းသည့်အတွက် ဆုံးရှုံးမှုများလည်းရှိကြောင်း သိရသည်။

အချို့မှာ ရေပိုက်ကောင်းသော်လည်း ရေဖွင့်ထားချိန် ကြာမြင့်ပြီး ရေမပိတ်မိ၍ ရေဆုံးရှုံးခြင်းများလည်း ရှိကြောင်း သိရသည်။ ယခုအခါ အချို့သော မြို့နယ်၊ ရပ်ကွက်များတွင် ရေမီတာဖြင့် သုံးသလောက်ပေးစနစ်ကို ပြောင်းလဲနေပြီဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ (နေပြည်တော်) ဓမ္မစာပေသင်တန်းကျောင်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ ဓမ္မစာပေသင်တန်းကျောင်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဓမ္မဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်) ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်မြအေးစံနှင့် အဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်၊ ခရေ၊ ကံ့ကော်၊ ထိုင်ဝမ်ဗာဒံ၊ ပိတောက်ပြာ၊ မဥ္ဇူသက၊ သပြေ့မူလ၊ ပုံနရိပ်၊ ဇလပ်ဖြူစသည့် အရိပ်ရ သစ်ပင် ၁၀၀ ကို စိုက်ပျိုးခဲ့သည်။

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့အနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ မြို့မဈေးအနီးရှိ အမှတ်(၅) အထကတွင် ဓမ္မစာပေသင်တန်း ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကား မီဒီယာမိတ်ဆက်ပွဲ ကျင်းပစဉ်။

# သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၁၆**

သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁ ရက်မှစ၍ ရုံတင်ပြသမည်ဖြစ်ကြောင်း ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ Junction City promotion area ၌ ပြုလုပ်သည့် မီဒီယာမိတ်ဆက်ပွဲမှ သိရသည်။

သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ထူးပိုင်ဇော်ဦး၊ အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီထွန်းအိန္ဒြာဗို၊ အကယ်ဒမီဖွေးဖွေး ၊ လင်းဇာနည်ဇော်၊ မြတ်နိုးအေး၊ ကူးကူးဇင်အောင်၊ ချာလီ၊ ရှိန်းတင်ထူး၊ ဂျိုကာ၊ မော်ရိန်းလုဆန်၊ အားကိုးရာ၊ ဇာတ်ညွှန်း ခမ်းမွန်၊ Director Of Photography မောင်မောင်သာမြင့်တို့က ၂၀၁၇ ခုနှစ်က စတင်ရိုက်ကူးပုံဖော်ထားပြီး Good Old Days ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

"ကျွန်တော်ရိုက်လိုက်တဲ့ ရုပ်ရှင်ဇာတ်ကားပါလားလို့ နောင်မှာ ပြန်ပြီး ဂုဏ်ယူချင်တာမို့ မြန်မြန်ရိုက်သွားဖို့ ခက်ခဲမှုရှိပါတယ်။ ဒါကြောင့် သူစိမ်းအိမ်မှာ ဇာတ်လမ်း၊ ဇာတ်ညွှန်းအတွက်ကို ရှစ်လကြာ အချိန်ပေးလုပ်ခဲ့တယ်။ ညကားတုန်းက ကိုယ်က ဒါရိုက်တာအသစ်၊ သရုပ်ဆောင်သစ်တွေနဲ့ဆိုတော့ အေးအေးဆေးဆေး ဖြစ်တယ်။ အခုကားရိုက်တဲ့အချိန်မှာ ပရိသတ်ယုံကြည်မှု ပိုရအောင်၊ ယုံကြည်မှုရပြီးသား ပရိသတ်တွေ ဆက်ပြီးခိုင်မာအောင် ကြိုးစားရတယ်။ အဲဒါကြောင့် အချိန်ယူခြင်း ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ထူးပိုင်ဇော်ဦးက ပြောသည်။

သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားမှာ ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်သည့် ဇာတ်ဝင်ခန်းများ ပါရှိသဖြင့် ကလေးသူငယ်များ၊ ၁၈ နှစ်အောက် မိန်းကလေးများ မိဘခွင့်ပြုမှသာ လာရောက်ကြည့်ရှုရန် အသိပေးထားသည်။

**သန့်ဇင်ဝင်း**

# တောင်သူများအား သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းပညာပေး

**မူဆယ် ဇူလိုင် ၁၆**

မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန် ဦးဆောင်၍ မူဆယ်ခရိုင်(မြေ၊ မျိုး၊ ပိုး) တာဝန်ခံများ၊ မူဆယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ပန်ဆိုင်း(ကျူကုတ်)မြို့ စိုက်ပျိုးရေးဦးစီးဌာန၊ နမ့်ခမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ငမြှောင်တောင်ကြိုတင်ကာကွယ်နှိမ်နင်းနည်း၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်း၊ ပိုးမွှားကျရောက်မှုကင်းထောက်စစ်ဆေးနည်း၊ ကြံသီးနှံတွင် ကျရောက်သည့် ပိုးမွှားရောဂါကျရောက်မှုအခြေအနေများကို မြို့နယ်များရှိ ကျေးရွာများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးပြီး နည်းပညာပေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်က မူဆယ် (၁၀၅) မိုင်၊ နမ့်ဟွယ်ကျေးရွာ နမ့်အွမ်ကျေးရွာအုပ်စုတို့တွင် တောင်သူများအား အသိပညာပေးဆွေးနွေးပြီး ကျရောက်သည့်စိုက်ခင်းများသို့ ကွင်းဆင်းလက်တွေ့ပြသမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဇူလိုင် ၁၆**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော မဲဇလီကျေးရွာအုပ်စု ရွှေတွင်းတူးကျေးရွာတွင် ငွေလုံးငွေရင်း(မွမ်းမံ) ရန်ပုံငွေကျပ် ၂ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်သော(မြေသားရေကန်အနက်နှိုက်ခြင်း)လုပ်ငန်းဆောင်ရွက်မှုနှင့် လက်ရှိအသုံးပြုမှုအခြေအနေ၊ ကျေးရွာအတွင်း ဆိုလာမီးလင်းရေးတပ်ဆင်အသုံးပြုမှုအခြေအနေတို့ကို တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရိုန်၊ မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

၀၀၇

## (၇၂)နှစ်မြောက် အာဇာနည်နေ့ အောက်မေ့ဖွယ်အဖြစ် အများပြည်သူပြောကြား အာဇာနည်နေ့အမှတ်တရစကားအစီအစဉ် ဖော်ပြမည်

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုဆိုလျှင် (၇၂)နှစ်တိုင်ခဲ့ချေပြီ။ အာဇာနည်ခေါင်းဆောင်ကြီးများ ကွယ်လွန်စက ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "သုသာန်တံခွန်စောင်းရရှာတဲ့၊ ရုပ်အကျန်ခုနစ်လောင်းရယ်နှင့်၊ အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊ အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန်တစ်မျိုးရယ်နှင့် ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊ ဩော်တောင်နန်းမြောက်နန်းအဆောင်ကြငှန်းနဲ့၊ အခေါင်မမြန်းရခင်က၊ အောင်ပန်းညိုရှရှာတဲ့၊ အောင်ဆန်းတို့ သေပုံနှမြော"စသည်ဖြင့် "အာဇာနည်ဗိမာန်" လေးချိုးကြီးဖြင့် ရေးစပ်သီကုံးခဲ့ပါသည်။

ဆရာကြီးဇော်ဂျီက "ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ၊ ဆန်းမှာဆုံပေါင်း၊ ယောကျ်ားကောင်းတို့၊ ခေါင်းဆောင်သဘော၊ မင့်သားချောကို၊ ပြောလိုက်ပါဘိဟောပါဘိ" စသဖြင့် "ပြောလိုက်ပါဘိဟောပါဘိ" ကဗျာဖြင့် လွမ်းခဲ့၏။

ဆရာကြီးမင်းသုဝဏ်က "မသိ၍ဆို၊ မလို၍ပြော၊ သူ့စိတ်မှာ အလွန်ယဉ်လို့၊ သူ့ညာဉ်မှာ အလွန်သန့်တယ်၊ ထူးချွန့်သဘော" စသဖြင့် "ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့်ပစ္စုပ္ပန်)" ကဗျာကို ရေးဖွဲ့ခဲ့၏။

ဆရာမကြီးနုယဉ်က "အမိမြန်မာ၊ ရတနာသား၊ ဇာနည်ဘွားဟု၊ ထင်ရှားပီပီ၊ ရှေ့သို့ချီ" စသဖြင့် "ဇာနည်ဘွား" ကဗျာဖြင့် တမ်းတခဲ့၏။

ကဗျာဆရာ ထွဏ်းနေနွယ်က "သေကာသူသွား၊ မှန်ပေပြောမင့်၊ သူကားမသေ၊ တို့ယုံနေသည်၊ တို့ပြေတို့မြေ၊ တစ်ဝန်းတည်း"စသဖြင့် "သူ" ကဗျာဖြင့် သေသူကို ရှင်သူက တခဲ့၏။

ကဗျာဆရာ တင်မိုးက "သူ၏ကိုယ်စား၊ သူ့စိတ်ထားက ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု၊ ပြည်သူတိုင်းက၊ ယုံကြည်ကြ၏" စသဖြင့် "အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့" ကဗျာဖြင့် စပ်ဆိုခဲ့၏။

သို့ဖြစ်ပါ၍ "ယခုခါတွင်၊ အသင်ကွယ်ပြီ၊ ကာလရှည်လည်း၊ ပြည်သူအပေါင်း၊ သင့်အကြောင်းကို၊ ပြန်ပြောင်းပြောဆို၊ ချစ်ကြည်ညိုလျက်၊ သင့်ကိုလွမ်းရ၊ တသသနှင့်၊ တမ်းတမဆုံးရှိသည်တကား"ဟူသည့် ကဗျာဆရာကြီး မင်းယုဝေ၏ "ဗိုလ်ချုပ်အောင်ဆန်းသို့" ကဗျာသို့နှယ် ပစ္စက္ခ (၇၂)နှစ်တိုင်သော်လည်း ယခုတိုင် မမေ့နိုင်ကြသည့် ပြည်သူတို့၏ အမှတ်တရစကားများကိုစုစည်း၍ "အများပြည်သူပြောကြား အာဇာနည်နေ့ အမှတ်တရစကား"အစီအစဉ်ကို ကောက်နုတ်တင်ပြသွားမည်ဖြစ်ပါသည်။

စာတည်း(သတင်းစဉ်)

စာကိုး - သမိန်သောင်း၏ "ဗိုလ်ချုပ်အောင်ဆန်းဘွဲ့ကဗျာများ"။

# ရန်ကုန်အနောက်ပိုင်းခရိုင်က အများပြည်သူပြောကြား အာဇာနည်နေ့ အမှတ်တရစကား



စာရေးဆရာမ ပုညခင်



ဦးဒီပါအောင်(အင်ဂျင်နီယာ)



စာရေးဆရာ မောင်ခေတ်ထွန်း



ဦးဝင်းရှိန်



ဦးသန်းထွဋ်

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို အောက်မေ့သတိရစွာဖြင့် (၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်များတွင် ကျင်းပသွားရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အများပြည်သူပြောကြားသည့် အာဇာနည်နေ့ အမှတ်တရစကားများကို စုစည်းဖော်ပြလိုက်ရပါသည်။

**စာရေးဆရာမ ပုညခင် (မရမ်းကုန်းမြို့နယ်)**

အာဇာနည်ဆိုတာ အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်ပြီး အများအကျိုးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူလို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အများအကျိုးအတွက် ဆောင်ရွက်ခဲ့ကြတဲ့ အာဇာနည်လို့ သတ်မှတ်ခံထိုက်တဲ့ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့ရတဲ့နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့တယ်လို့ ကလေးဘဝကတည်းက သိနားလည်ခဲ့ပါတယ်။ ကျွန်မကလေးဘဝ သိစကတည်းက ကျွန်မရဲ့ ဇာတိမြို့လေးမှာ အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ အချိန်ရောက်တာနဲ့ မြို့မှာရှိသမျှ ဆန်စက်တွေရဲ့ ဥသြဆွဲသံ၊ ရေဒီယိုက ဥသြဆွဲသံတွေ ကြားရတိုင်း ရောက်ရာနေရာမှာ မတ်တတ်ရပ်ပြီး အလေးပြုခဲ့တယ်။ ဥသြဆွဲသံ ပြီးပြီးချင်း ရေဒီယိုကလွှင့်လိုက်တဲ့ အဆိုတော်မေလှမြိုင်ရဲ့သီချင်းသံကြားတိုင်း လွမ်းလွမ်းဆွေးဆွေး ခံစားရတာတွေဟာ ခုချိန်ထိ စိတ်ထဲစွဲနေပါတယ်။ အာဇာနည်နေ့တိုင်း မနက်ခင်းတော်တော်များများမှာ မိုးတွေရွာတတ်တာကိုလည်း မှတ်မိနေခဲ့တယ်။ အာဇာနည်နေ့နဲ့အတူ တွဲပြီးမှတ်မိတာက ဆရာဇော်ဂျီရဲ့ ညီသစ်ဆင်းကဗျာတွေထဲကပြောလိုက်ပါဘိ ဟောပါဘိဆိုတဲ့ ကဗျာပါ။ အဲဒီကဗျာထဲက **"သခင်အောင်ဆန်း ပြည်သူ့ပန်းသည်၊ ပွင့်လန်းခါစ ကြွေလိုက်ရ၏၊ မြေသတင်း မိုးကြိုးခွင်းသို့၊ အိမ်တွင်းအိမ်ပြင် တို့လမ်းခွင်၌၊ မချင့်မရဲ ဝမ်းနည်းခံခက်၊ မျက်စိမျက်နှာညှိုးကြရှာသည်၊ ရွာဦးပိုင်းမှ သင်္ချိုင်းထိ"** ဆိုတဲ့ ကဗျာပိုဒ်ကလေးကြောင့် စိတ်နှလုံးထိခိုက်ခဲ့ရဖူးပါတယ်။

အာဇာနည်နေ့ဆိုတာ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း အားလပ်ရက်တစ်ရက်ရတာ၊ အလေးပြုတာ၊ ဥသြဆွဲတာ၊ ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမှတ်ရ တမ်းတတယ်ဆိုတာမျိုးထက် ပိုပြီးအဓိပ္ပာယ်ရှိပါတယ်။ ပြည်သူတွေဘက်က ဗိုလ်ချုပ်တို့ အသက်စွန့် ကြိုးပမ်းရယူပေးခဲ့တဲ့ လွတ်လပ်ရေးရဲ့တန်ဖိုးရှိပုံနဲ့ ဒီမိုကရေစီရဲ့ အနက်အဓိပ္ပာယ်တွေကို ကောင်းစွာနားလည်သဘောပေါက်ဖို့၊ စည်းကမ်းရှိဖို့၊ တာဝန်သိဖို့ လိုအပ်သလို နိုင်ငံရေးနယ်ပယ်က လူတွေအချင်းချင်းလည်း ကိုယ့်နိုင်ငံရဲ့ အရေးအရာတွေကို တကယ်စေတနာကောင်းနဲ့ ဆောင်ရွက်ရိုးမှန်ရင် အချင်းချင်းတိုက်ခိုက်ခြေထိုး နှောင့်ယှက်တာမျိုးကို ရှောင်ကြဉ်ဖို့နဲ့ အချင်းချင်း မကောင်းကြံခြင်းကြောင့် တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်တဲ့ တန်ဖိုးရှိတဲ့ခေါင်းဆောင်တွေကို ဆုံးရှုံးခဲ့ရပြီး အာဇာနည်နေ့ဆိုတဲ့ ဝမ်းနည်းနာကျင်ဖွယ်ရာနေ့တစ်နေ့ ပေါ်ပေါက်လာခဲ့ရတဲ့ အဖြစ်ကို သင်ခန်းစာယူနိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**ဦးဒီပါအောင်(အင်ဂျင်နီယာ)**

**လမ်းမတော်မြို့နယ်၊ လှျပ်စစ်မန်နေဂျာ**

အာဇာနည်နေ့ဆိုတာ ပြည်သူတွေစိတ်ထဲမှာ ကိန်းအောင်းရှင်သန်နေတဲ့ နေ့တစ်နေ့ပါပဲ။ ဒီအတွက် ကျွန်တော်တို့တစ်တွေ သတိတရလည်း ရှိနေပါတယ်။ နောင်လာနောက်သားတွေ အတွက်လည်း စံနမူနာထားရမယ့် အာဇာနည်ပုဂ္ဂိုလ်ကြီးတွေရှိတဲ့အတွက် ကျွန်တော်တို့တစ်တွေ အမြဲတမ်း အလေးအမြတ်ထားပြီးတော့ ဂုဏ်ယူနေလျက်ပါလို့ ပြောချင်ပါတယ်။

**စာရေးဆရာမောင်ခေတ်ထွန်း (လသာမြို့နယ်)**

**ရတနာပန်းခင်း ကလေးရုပ်စုံမဂ္ဂဇင်း**

မြန်မာ့လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးတရားတွေကို အစဉ်အောက်မေ့သတိရလျက် ရှိပါတယ်။ အထူးသဖြင့် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလို ဖြောင့်မတ်မှန်ကန်၊ ကိုယ်ကျိုးမဖက်၊ အမှန်တရားချစ်မြတ်နိုးသူ အစရှိတဲ့ ဂုဏ်ပုဒ်မျိုးတွေပါ။

**ဦးဝင်းရှိန်**

**ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်**

ဗိုလ်ချုပ်နဲ့အတူ ကျဆုံးသွားတဲ့ အာဇာနည်တွေကို ဂုဏ်ယူအလေးထားတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေက တိုင်းပြည်လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းခဲ့လို့ လေးစားဂုဏ်ယူတယ်။ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေအတွက် ဝမ်းနည်းတယ်၊ နှမြောတသဖြစ်မိတယ်။ ကျွန်တော့်ဆန္ဒကတော့ အာဇာနည်နေ့ကို ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားနဲ့ ထာဝရ လုပ်စေချင်ပါတယ်။

**ဦးသန်းထွဋ်(အလုံမြို့နယ်)**

ပြည်သူတစ်ယောက်အနေနဲ့ အာဇာနည်နေ့နီးလာပြီဆိုရင် လူမှုအဖွဲ့အစည်းတွေ၊ ပရဟိတအသင်းအဖွဲ့တွေနဲ့ အစိုးရပိုင်းပါ ပူးပေါင်းပြီး အာဇာနည်နေ့နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပေး ဖြန့်ဝေတာတွေ လုပ်စေချင်ပါတယ်။ လူကြီးပိုင်းက သိပေမယ့် လူငယ်တွေက ဒါနဲ့ပတ်သက်တဲ့ အသိဗဟုသုတပိုင်း အားနည်းနေတယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ အထိမ်းအမှတ်ဟောပြောပွဲတွေကို ကျောင်းက ဆရာ ဆရာမတွေ ဦးဆောင်ပြီး တက်တက်ကြွကြွ လုပ်ဆောင်ကြတယ်။ အမြဲသတိတရ ဖြစ်တယ်။ မိဘတွေကလည်း အာဇာနည်ဗိမာန်ကို လိုက်ပို့ပြီး ဂါရဝပြုကြတယ်။ ကလေးတွေ တော်တော်များများ ရောက်ဖူးကြတယ်။



ဦးအောင်ကျော်ဆန်း



မောင်ရှင်းသန့်

**ဦးအောင်ကျော်ဆန်း**

**အောင်ဇေယျရိပ်မွန်၊ အလုံမြို့နယ်**

အာဇာနည်နေ့ဆိုတာ နိုင်ငံသားတွေ ဝမ်းနည်းကြေကွဲရတဲ့နေ့တစ်နေ့ပါ။ ငယ်ငယ်တုန်းကတော့ အာဇာနည်နေ့နဲ့ ပတ်သက်လို့ အမှတ်တရများစွာ ရှိပါတယ်။ ကျောင်းမှာလည်း အာဇာနည်နေ့နားနီးလာရင် ဟောပြောပွဲတွေ ရှိတယ်။ ရုပ်ရှင်ရုံတွေမှာလည်း အာဇာနည်နေ့နဲ့ ပတ်သက်တာတွေကြည့်ရတယ်။ အခု NLD အစိုးရလက်ထက်မှာ အာဇာနည်နေ့ကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျင်းပကြတဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာတယ်။ ကျေးဇူးလည်းတင်ပါတယ်။

**မောင်ရှင်းသန့် (အဋ္ဌမတန်း)**

ကျွန်တော့်ရဲ့ အဘိုးက အာဇာနည်နေ့အကြောင်းကို မူကြိုအရွယ်ကတည်းက ပြောပြလို့ သိခဲ့ရပါတယ်။ အာဇာနည်နေ့ ဥသြတွေဆွဲတဲ့အချိန်မှာလည်း အဘိုးက အနားခေါ်ထားပြီး တစ်အိမ်သားလုံးပါ ငြိမ်သက်စွာ ဂါရဝပြုခိုင်းလေ့ရှိခဲ့တာလည်း မှတ်မိတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စာဖတ်ဝါသနာပါတာကြောင့် စာဖတ်ရင်း စာတွေကနေ အာဇာနည်ကြီးတွေအကြောင်းပိုပြီး သိလာတယ်။ ပိုပြီးတော့လည်း လေးစားအားကျမိပါတယ်။

**တွေ့ဆုံမေးမြန်း - မြတ်စန္ဒီသင်းဇော်**

---

**(၇၂)နှစ်မြောက် အာဇာနည်နေ့ အကြိုဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ သီပေါ၌ကျင်းပ**

**သီပေါ ဇူလိုင် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမဆောင်၌ အာဇာနည်နေ့ အကြိုစာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ဇူလိုင်လဒုတိယပတ်က ကျင်းပသည်။

ထို့နောက် "အာဇာနည်နေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၄၆ ဦး၊ အလယ်တန်းအဆင့် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**စိုး(သီပေါ)**

*ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။*

*(စာတည်းအဖွဲ့)*

# သခွပ်မြစ်ဟောင်း တူးဖော်ခြင်းဖြင့် စိမ်းလန်းလာသည့် လယ်ယာမြေများနှင့်အတူ ဖွံ့ဖြိုးစည်ပင်လာသော ကွမ်းခြံကုန်းဒေသ

**ရှင်မင်း**

**သခွပ်မြစ် ခေါ် ပုသိမ်မြစ်သည် အလျား ၂၇ မိုင်ခန့်ရှိပြီး ရန်ကုန်မြစ်မှ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ကို ဖြတ်သန်းကာ တိုးမြစ်အတွင်း စီးဝင်လျက်ရှိသည်။ ယခင်က မြစ်ကြောင်းကောင်းမွန်ပြီး လှေ၊ သင်္ဘောကြီးများ သွားလာနိုင်သော်လည်း ရန်ကုန်မြစ်မှ ကော့မှူးမြို့နယ် ကမာကနီးကျေးရွာ အနီး ၆ ဒသမ ၅ မိုင်ခန့်သာ ရေစီးရေလာရှိသည့် အခြေအနေသို့ တိမ်ကောလာခဲ့သည်။**

ထိုသို့ တိမ်ကောလာသည့်အတွက် ကွမ်းခြံကုန်းမြို့နယ်အစပ်တွင် ရေမြောင်းငယ်ပမာ ဖြစ်ပေါ်လာခဲ့ကာ နှစ်စဉ်ရေလျှံခြင်းကြောင့် အကြိမ်ကြိမ် ပြန်လည်စိုက်ပျိုးရခြင်း၊ ရေနစ်ခံနိုင်သော စပါးများသာ စိုက်ပျိုးရခြင်းစသည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ ချောင်းမြောင်း တိမ်ကောမှုများကြောင့် လယ်ယာမြေများသည် နှစ်စဉ်ရေကြီးရေလျှံကာ စပါးအထွက်နှုန်း ကျဆင်းသည့် အခြေအနေကိုလည်း ရင်ဆိုင်ခဲ့ရသည်။

**မြောင်းကောများတူးဖော်ရန် တင်ပြခဲ့**

ထိုကဲ့သို့ ရေကြီးရေလျှံမှုကြောင့် တောင်သူများ တွေ့ကြုံရသည့် စိုက်ပျိုးရေး အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ပြည်သူတို့၏ ကိုယ်စား ကွမ်းခြံကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေးတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့မှ သခွပ်မြစ်ဇရိယာ ကော့ဒွန်းရွာမှ ကြခတ်ရွာအထိ မြောင်းအလျား ၆ ဒသမ ၂ မိုင် တူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရန်နှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ချောင်းကော မြောင်းကောများတူးဖော်ရန်အတွက် တင်ပြခဲ့ကြကြောင်း သိရသည်။

**ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာခဲ့**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိခဲ့သောကြောင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် ကွင်းရေများ ထုတ်နုတ်နိုင်ရန်အတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ကော့ဒွန်းရွာမှ မြိုင်သာယာရွာအထိ အလျား ၆ ဒသမ ၂ မိုင် တူးဖော်ပေးနိုင်ခဲ့သည့်အတွက် ကွမ်းခြံကုန်းမြို့နယ် အနောက်တောင်ဘက်ခြမ်းရှိ ကျေးရွာများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ကွမ်းခြံကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသူရထွန်းက “ဒေသက လယ်ယာစီးပွားနဲ့ ရေလုပ်ငန်းနဲ့ အခြေခံတည်မှီနေကြတာပါ။ ဒီဒေသက တောင်သူလယ်သမားတွေရဲ့ လယ်တွေ နှစ်တိုင်းရေကြီးနေတာ နှစ် ၂၀ လောက်ရှိပါပြီ။ တောင်သူတွေဟာ သူတို့ရဲ့လယ်ယာကဏ္ဍအတွက် ခက်ခဲပင်ပန်းနေကြရတဲ့ အခြေအနေမို့ ကြိုးစားခဲ့ကြတာပါ။ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရန်ပုံငွေချထားပေးတဲ့အတွက် ဒီပြဿနာ ပြေလည်သွားပါတယ်” ဟု ပြောကြားသည်။

**စပါးပိုထွက်မယ်လို့ မျှော်လင့်**

ငုက်ကြီးဒေါင်ကျေးရွာနှင့် ကော့ဒွန်းကျေးရွာနယ်နိမိတ်အတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူဦးရိဝင်းက “ကွမ်းခြံကုန်းမြို့နယ်က သခွပ်မြစ်ကောကို တစ်စိတ်တစ်ပိုင်းပြန်တူးဖော်လိုက်တဲ့အတွက် ကျွန်တော်တို့လယ်တွေဟာ အများကြီး အကျိုးဖြစ်ထွန်းလာပါတယ်။ တစ်ဧကကို ဘေးကြားလို စပါးမျိုးတင်းငါးဆယ်ထွက်ဖို့ အတော်ကြိုးစားရပါတယ်။ အရင်က ရေကြီးရေလျှံဖြစ်တဲ့အခါ ဧက ၃၀၀၀ လောက်မှာ အနည်းဆုံး ၃၀၀ လောက်က ပျက်သွားပါတယ်။ ခုဆိုရင် ရေလွှမ်းတာ တော်တော် သက်သာသွားပြီးတော့ စိုက်ပျိုးရတာ အဆင်ပြေပါတယ်။ ဒီနှစ်လည်း တချို့အပိုင်းတွေ ထပ်တူးပေးတာမို့ စပါးပိုထွက်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားသည်။

ကော့ဒွန်းကျေးရွာမှ တောင်သူ ဒေါ်စန်းစန်းအေးက “သခွပ်မြစ်ကော တူးဖော်မှုကြောင့် ရေလျှံမှု မရှိသလောက် ဖြစ်သွားတာကို ဒေသခံတစ်ယောက်အနေနဲ့ ဝမ်းသာကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့ လယ် ၁၂ ဧကက ပုံမှန်ဆို



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဦးစိုးသူရထွန်း



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
ဦးကျော်ထွေး

မျိုးစပါး ကိုးပြည် ပုံမှန်သုံးရပါတယ်။ မြောင်းမတူးခင်ကဆိုရင် တစ်ကြိမ် စိုက်လိုက်၊ ပျက်လိုက်၊ ထပ်စိုက်လိုက်၊ ပျက်လိုက်နဲ့ သုံးကြိမ်လောက် စိုက်ရတယ်။ ဒီလိုထပ်ခါထပ်ခါ ပြန်စိုက်ရတော့ မျိုးစပါး သုံးဆပိုကုန်တယ်။ အလုပ်သမားခလည်း ပိုကုန်တယ်။ လူကုန် ငွေကုန် အချိန်ကုန်ဖြစ်ရပါတယ်”ဟု ပြောပြသည်။

**ရေထိန်းတံခါးဖြစ်လာဖို့ လိုအပ်နေ**

“ရေကြီးမှုမရှိတော့လို့ အဆင်ပြေသွားပေမယ့် ရေချိုသွင်းပြီး နွေစပါးစိုက်နိုင်ရင် နှစ်သီးစား၊ သုံးသီးစားဖြစ်မှာမို့ ဒီမြစ်ကြီးကို ရေငန်တားနိုင်မယ့် ရေထိန်းတံခါး ဖြစ်လာဖို့အတွက် လိုအပ်နေပါသေးတယ်။ ဒီအတွက် အားလုံးကြိုးစားကြရဦးမှာပါ”ဟု ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်း က ပြောသည်။

ပင်လယ်နှင့် နီးစပ်ပြီး စပါးစိုက်ကွင်းများစွာ တည်ရှိနေသည့်အတွက် အရှေ့ဘက်မှာ ဟင်းအိုး၊ အနောက်ဘက်မှာ ထမင်းအိုးဟု ဂုဏ်ယူခဲ့ကြသော၊ ဆရာကြီး မင်းသုဝဏ်မွေးဖွားရာ ဇာတိအဖြစ် ဂုဏ်ယူခဲ့ကြသော ယင်းဒေသမှ ပြည်သူများ၏ စိုက်ပျိုးကဏ္ဍ အဆင်ပြေစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘို့ဒင်မှ ကော့ဒွန်းအထိ အလျား ၅ ဒသမ ၃ မိုင် တူးဖော်ဆောင်ရွက်ခြင်းနှင့် ယခင်တူးဖော်ထားသော ရေနုတ်မြောင်းအောက်ခြေအကျယ်ချဲ့ခြင်းနှင့် နုန်းတူးဖော်ခြင်းလုပ်ငန်း ၆ ဒသမ ၂၅ မိုင် ဆောင်ရွက်ရန်နှင့် ကံလျားရှည်ရေတံခါး ပြုပြင်တည်ဆောက်ရန် ရန်ပုံငွေ တင်ပြတောင်းခံထားကြောင်း သိရှိရသည်။

**လယ်ယာမြေများ ပျက်စီးမှုဖြစ်ပေါ်နိုင်**

သခွပ်မြစ်၏ ဘို့ဒင်မှ ကမာကနီးအပိုင်းသည် ကော့မှူးမြို့နယ်တွင် တည်ရှိပြီး ယခုအခါ ဘို့ဒင်ရွာမှ ကမာကနီးအပိုင်း မြစ်ကောအတွင်း ကျေးရွာများ၊ လယ်မြေများ၊ ဆက်သွယ်ရေးလမ်းများ၊ လူနေအဆောက်အဦများ တည်ရှိနေသည့်အတွက် ထိုအပိုင်း တူးဖော်ဆောင်ရွက်မည်ဆိုပါက အိမ်ခြေအဆောက်အဦများ၊ လယ်ယာမြေများကို ဖယ်ရှားရှင်းလင်းရမည်ဖြစ်သည့်အပြင် ရန်ကုန်မြစ်မှ ရေငန်များ ဝင်ရောက်လာနိုင်သည့်အတွက် လက်ရှိစိုက်ပျိုးနေသော လယ်ယာမြေများ ပျက်စီးမှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် တောင်သူများ တွေ့ကြုံရသည့် စိုက်ပျိုးရေး အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင့်နိုင်က “ရန်ကုန်တိုင်းဒေသကြီးအတွင်းက လှည်းကူး၊ ဒဂုံမြို့သစ်၊ ထန်းတပင်၊ မှော်ဘီ၊ တိုက်ကြီး၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေးနဲ့ ဒလမြို့နယ်တွေမှာ ချောင်းကော မြောင်းကောတွေ ပြန်လည်တူးဖော်တာ၊ တာတမံတွေ ပြုပြင်တည်ဆောက်တာနဲ့ ရေတံခါးတွေ ပြုပြင်တည်ဆောက်တာ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်”ဟု ပြောကြားသည်။

**စည်ပင်ဖွံ့ဖြိုးလာလျက်ရှိ**

နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ကွမ်းခြံကုန်းမြို့သည် ယခုအစိုးရ သုံးနှစ်တာကာလအတွင်း လယ်ယာ ကဏ္ဍဖွံ့ဖြိုးမှုကိုလည်းကောင်း၊ မြို့ပေါ်ရှိ လမ်းအားလုံးနီးပါး ကွန်ကရစ်လမ်းများအဖြစ် လည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းများဖြင့်လည်းကောင်း စည်ပင်ဖွံ့ဖြိုးလာလျက်ရှိသည်။ ။



ကွမ်းခြံကုန်းမြို့နယ်အတွင်း သောက်ရေကန်သစ်အတွက် ဦးစိုးသူရထွန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုနေစဉ်။

> **“၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိခဲ့သောကြောင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် ကွင်းရေများ ထုတ်နုတ်နိုင်ရန်အတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့၊ ကော့ဒွန်းရွာမှ မြိုင်သာယာရွာအထိ အလျား ၆ ဒသမ ၂ မိုင် တူးဖော်ပေးနိုင်ခဲ့သည့်အတွက် ကွမ်းခြံကုန်းမြို့နယ် အနောက်တောင်ဘက်ခြမ်းရှိ ကျေးရွာများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာခဲ့”**

# ရုံးပိတ်ရက်များတွင် အပန်းဖြေရုပ်ရှင်ကြည့်ရှုသူ ပရိသတ်များ ပိုမိုများပြား

မိုးကာလဖြစ်သော်လည်း စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များအတွင်း ရန်ကုန်မြို့၌ ရုပ်ရှင်ကြည့်ပရိသတ်များဖြင့် အပတ်စဉ် စည်ကားများပြားနေသည့် ရုပ်ရှင်ရုံများကို ဖြတ်သွားဖြတ်လာ တွေ့မြင်နေရသည်။ အလားတူ ယနေ့ ဇူလိုင် ၁၆ ရက် (ဝါဆိုလပြည့်နေ့) သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အတွက် ချစ်သူ၊ ခင်သူ သူငယ်ချင်းမိတ်ဆွေ၊ မိသားစုများနှင့် ရန်ကုန်မြို့အတွင်းရှိ သမ္မတ၊ သွင်၊ မင်္ဂလာရွှေဆောင်၊ နေပြည်တော်၊ မင်္ဂလာစီနီမာ (တာမွေ / ဘုရင့်နောင် / စံပြ / ဂမုန်းပွင့် / တာမွေ / မြောက်ဥက္ကလာ / စိန်ဂေဟာ / တောင်ဒဂုံ)၊ မီဂါအေ့စ်(ရွှေပဟို)၊ JCGV Junction City ၊ နဝဒေးအပါအဝင် ရုပ်ရှင်ရုံများ၌ စိတ်အပန်းဖြေရန် လာရောက်ကြည့်ရှုကြသည့် ရုပ်ရှင်ကြည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ရုပ်ရှင်ရုံများမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်ကြည့်ပရိသတ်များ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။



ဦးသက်လှိုင်စိုး



မမြင့်သူဇာ



ဦးသူရဇော်



ဦးသူရလင်း



ဦးဇင်မင်းအောင်

**ဦးသက်လှိုင်စိုး(မန်နေဂျာ-သမ္မတရုပ်ရှင်ရုံ)**

ခေတ်က အွန်လိုင်းခေတ်ဖြစ်နေတော့ ရုပ်ရှင်ကားတစ်ကား ကောင်း၊ မကောင်း ဆိုတာ သိနေကြပြီးတော့ လာရောက်ကြည့်ရှုသူက များတယ်။ အခု သီတင်းပတ်မှာဆိုရင် ချာလီဘ ရုပ်ရှင်က လာရောက်ကြည့်ရှုသူ များပါတယ်။ လက်မှတ်ဈေးနှုန်းကတော့ မြန်မာကားပြတဲ့ သရီးဒီ၊ တူးဒီ နိုင်ငံခြားကားပြတဲ့ ရုံတွေနဲ့ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိပါတယ်။ ကျွန်တော်တို့ရုံမှာ လက်ရှိ ရောင်းချနေတဲ့ဈေးနှုန်းက အောက်ထပ်မှာ ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၃၀၀၀၊ အပေါ်ထပ်ဆိုရင် ငွေကျပ် ၃၅၀၀၊ ၄၀၀၀၊ ၆၀၀၀ အစရှိသဖြင့် သတ်မှတ်ထားပါတယ်။ လက်မှတ်ရောင်းချမှုကတော့ အွန်လိုင်းနဲ့ ရောင်းတဲ့ ရုံတွေလည်းရှိတယ်။ ကျွန်တော်တို့ သမ္မတရုံက Manual နဲ့ ရောင်းတဲ့ရုံပါ။ ရုံမှာ ခုံပေါင်း ၈၀၀ ကျော်၊ ၉၀၀ နီးပါး ရှိပါတယ်။ လက်မှတ်တွေကို ဒီနေ့ ပြသမယ့်ပွဲစဉ်တွေ အပါအဝင် မနက် ၉ နာရီကနေ ည ၉ နာရီအထိ ရောင်းပေးတယ်။ ဇာတ်ကားတစ်ကားပြတော့မယ်ဆိုရင် ကြိုတင်လက်မှတ်တွေကို တစ်ပတ်ကြိုတင်ရောင်းပေးပါတယ်။ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနဲ့ဖြစ်စေ လာရောက်ဝယ်ယူတဲ့အခါ လက်ခံဆောင်ရွက်ပေးပါတယ်။ ဖုန်းနဲ့ မှာထားတဲ့ ကြိုတင်လက်မှတ်တွေကိုကျတော့ ပွဲချိန်မပြသမီ ၄၅ မိနစ်အထိ စောင့်ပါတယ်။ လာရောက်ဝယ်ယူခြင်းမရှိတဲ့ လက်မှတ်တွေကို ၄၅ မိနစ်အလိုအထိ မရောက်ခဲ့ဖူးဆိုရင် ပယ်ဖျက်ပြီးတော့ အခြားသူတွေကို ပြန်လည်ရောင်းချပါတယ်။ ရုပ်ရှင်ရုံကို လာရောက်ကြည့်ရှုသူတွေကို စိတ်ချမ်းသာ အဆင်ပြေမှုရှိအောင် အနံ့အသက်နဲ့ သန့်ရှင်းရေးကို အလေးထားပြီး ဆောင်ရွက်ထားပါတယ်။ စနေ၊ တနင်္ဂနွေနေ့ထက်စာရင် နေ့ထူးနေ့မြတ်တွေ၊ အများပြည်သူ ရုံးပိတ်ရက်တွေမှာ အခြားနေ့တွေထက် လာရောက်ကြည့်ရှုတဲ့သူ များပါတယ်။

**မမြင့်သူဇာ**
**ဒဂုံ(တောင်ပိုင်း)**

ဒီနေ့က ရုံးပိတ်ရက်လည်းဖြစ်တော့ ဈေးဆိုင်ပိတ်ပြီး မိသားစုနဲ့အတူ စိတ်အပန်းဖြေဖို့အတွက် ရန်ကုန်မြို့ထဲ လည်ပတ်ပြီး ရုပ်ရှင်ဝင်ကြည့်တာပါ။ ရုပ်ရှင်မကြည့်ဖြစ်တာလည်း နှစ်အတော်ကြာပြီ။ သရုပ်ဆောင် မြင့်မြတ်ကိုလည်း သဘောကျတာကြောင့် ချာလီဘကားကို လာကြည့်တာပါ။ လက်မှတ်လည်း အလွယ်တကူ ဝယ်ယူရရှိတာမို့ ရုပ်ရှင်ကြည့်ရတာ အဆင်ပြေပါတယ်။

**ဦးသူရဇော်**
**Shift Manager**
**JCGV Junction City**

ကျွန်တော်တို့အနေနဲ့ ပုံမှန်ရက်တွေမှာလည်း အထူးဝန်ဆောင်မှုတွေ ပေးပါတယ်။ အခုလို ပိတ်ရက်မျိုးတွေမှာဆိုရင် လာကြည့်ကြတဲ့ ပရိသတ်တွေကို ပုံမှန်ထက် ဝန်ဆောင်မှုတွေ အထူးဂရုစိုက်လုပ်ထားပေးပါတယ်။ ဒီလို ရုံးပိတ်ရက်မျိုးဆိုရင် ညပိုင်း ရုပ်ရှင်ဇာတ်ကားပြသတဲ့ အချိန်ထပ်တိုးပြီး ၉ နာရီနောက်ပိုင်း ပြသပေးတာတွေရှိပါတယ်။ လက်မှတ်ကို ကြိုဝယ်ထားရင် ပိုအဆင်ပြေပါတယ်။ အခုပြသတဲ့ ဇာတ်ကားတွေက မြန်မာဇာတ်ကားဆိုရင် ဒဏ္ဍာရီမိုးရှိမယ်။ နိုင်ငံခြားဇာတ်ကားဆိုရင် Spider Man ၊ Crawl ဇာတ်ကားနဲ့ လူစိတ်ဝင်စားတဲ့ တခြားဇာတ်ကားတွေ ပြသနေပါတယ်။ တစ်နေ့ကို ပွဲချိန် ငါးကြိမ် ပြသပေးတယ်။ ညပိုင်းနောက်ဆုံးပွဲတွေဆိုရင် ၉ နာရီခွဲ၊ ၉ နာရီ ၅၀ မိနစ်လောက်အထိ ပြပေးတယ်။ လပြည့်နေ့ဆိုရင် ဘုရားနဲ့နီးတဲ့အတွက် ရုပ်ရှင်ကြည့်ပရိသတ်တွေ ပိုများပါတယ်။



ဒေါ်ငွေငွေနိုင်

**ဦးသူရလင်း(ကျောင်းဆရာ)**
**မင်္ဂလာတောင်ညွန့်မြို့နယ်**

ဒီနေ့ မနက်ပိုင်းမှာ ရွှေတိဂုံဘုရားကို သွားဖူးတယ်။ အခု Junction City မှာ Crawl ရုပ်ရှင်ဇာတ်ကားကို သူငယ်ချင်းတွေနဲ့ လာကြည့်ဖြစ်တာပါ။ ပိတ်ရက်မှာ အခုလိုလာကြည့်ရတာ အလွန်ပျော်ပါတယ်။ တခြားစိတ်အပန်းဖြေဖို့ လာကြည့်တဲ့ မိသားစုတွေကို မြင်ရတဲ့အခါမှာလည်း ကြည်နူးမိပါတယ်။

**ဦးဇင်မင်းအောင်**
**မင်္ဂလာဒုံမြို့နယ်**

ကျွန်တော်က ဒီသမ္မတရုပ်ရှင်ရုံမှာ ချာလီဘ ရုပ်ရှင်ဇာတ်ကားကို လာကြည့်တာပါ။ အလုပ်ပိတ်ရက် အဆောင်မှာနေရတာ ပျင်းနေတော့ သူငယ်ချင်းကလည်း ဘုရားသွားမယ်၊ ရုပ်ရှင်ကြည့်မယ်ပြောတာနဲ့ အခုလို လာဖြစ်တာပါ။ သမ္မတရုံမှာ ပထမဆုံးကြည့်ဖြစ်တာပါ။ လူများပေမယ့် လက်မှတ်ဝယ်တဲ့နေရာမှာ အဆင်ပြေတယ်။ သူငယ်ချင်းတွေနဲ့ အိမ်ကနေ ၇ နာရီခွဲကတည်းက ထွက်လာတာပါ။ တခြားသူတွေကိုလည်း ပိတ်ရက်မှာ ကျွန်တော်တို့လိုပဲ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းစေချင်ပါတယ်။



ဦးကျော်ဇင်မိုး

**ဒေါ်ငွေငွေနိုင်**
**တာမွေမြို့နယ်**

မနက်က သူငယ်ချင်းနဲ့ ဗိုလ်တထောင်ဘုရားကို သွားပြီး ဘုရားဖူးခဲ့တယ်။ အခုက မင်္ဂလာရုပ်ရှင်ရုံမှာ စိန်ဂေါ်လီမယောကျ်ားဇာတ်ကား ကြည့်ဖို့ လက်မှတ်လာဝယ်တာပါ။ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်အားတဲ့အချိန်ကို ညှိပြီး ညနေပိုင်းမှာ ကြည့်ဖို့ဖြစ်ပါတယ်။ ခပ်ငယ်ငယ်ကတည်းကနေ အခုအထိ ဒီရုပ်ရှင်ရုံမှာပဲ ကြည့်ဖြစ်တယ်။ ရုပ်ရှင်ကို သူငယ်ချင်းနဲ့ မကြာခဏ လာကြည့်ဖြစ်တယ်။ ရုပ်ရှင်ရုံတွေက အခုဆိုရင် အဆင့်အတန်းမြင့်လာကြတယ်။ အခုလို ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် အားတဲ့အချိန်မှာ စိတ်အပန်းဖြေတဲ့အခါ အဆင့်မြင့်တဲ့ ရုပ်ရှင်ရုံမှာ ကောင်းကောင်းမွန်မွန်လေး ရုပ်ရှင်ကြည့်ရတာကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးကျော်ဇင်မိုး**
**မန်နေဂျာ (Mega Ace Shwe Baho)**

အများပြည်သူရုံးပိတ်ရက်ဖြစ်တော့ ဒီနေ့မှာ ရုပ်ရှင်လာကြည့်တဲ့သူ ပိုများတယ်။ ဒီနေ့ဆို ရုံပြည့်တယ်။ ဒီအပတ်မှာ ဒဏ္ဍာရီမိုးရယ်၊ Crawl ဇာတ်ကားကို ပြတာပါ။ မနက် ၁၀ နာရီကစပြီး အချိန်အပိုင်းအခြားအလိုက် တစ်နေ့ကို ငါးပွဲပြတယ်။ ကျွန်တော်တို့ ရုပ်ရှင်ရုံအနေနဲ့ ရုပ်ရှင်ကြည့် ပရိသတ်ကို ဦးစားပေးတဲ့ ဝန်ဆောင်မှုလုပ်တယ်။ ဒီရုံမှာ ရုပ်ရှင်ဇာတ်ကားကို အများဆုံး တစ်ပတ်ရုံတင်ပြသပြီး လူကြိုက်များလို့ တောင်းဆိုတဲ့ ဇာတ်ကားတွေဆိုရင် နှစ်ပတ်လောက် ရုံတင်ပြသပါတယ်။

ယခုသီတင်းပတ် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အတွင်း ရုံတင်ပြသလျက်ရှိသော ရုပ်ရှင်ကားများမှာ ချာလီဘ၊ စိန်ဂေါ်လီမယောကျ်ား၊ သတိ အန္တရာယ်ရှိသည်၊ အနန္တ၊ ဒဏ္ဍာရီမိုး၊ Spider Man ၊ Crawl ၊ Annabelle Comes Home စသည့် ရုပ်ရှင်ကားများဖြစ်သည်။

ယခင်က ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုကို သောကြာနေ့တွင်သာ အသစ်လဲလှယ်ပြသသော်လည်း ၂၀၁၉ ခုနှစ် ဧပြီလမှစတင်ကာ ကြာသပတေးနေ့တိုင်း ဇာတ်ကားသစ်များ လဲလှယ်ပြသလျက်ရှိကြောင်း သိရသည်။

ရုပ်ရှင်ပွဲချိန်များမှာ အကြမ်းဖျင်းအားဖြင့် နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲ၊ ည ၉ နာရီခွဲ တစ်နေ့လျှင် ငါးပွဲနှုန်းပြသလျက်ရှိသည်။ အချို့ရုပ်ရှင်ရုံများသည် ရုပ်ရှင်ပြသမှုမှာ အချိန်အနည်းငယ် ကွာဟမှုရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံပေါင်း ၁၄၂ ရုံ၊ ရုပ်ရှင်ပိတ်ကား ၁၆၃ ကားရှိပြီး ရန်ကုန်မြို့အတွင်း ရုပ်ရှင်ရုံ ၆၂ ရုံ၊ ပိတ်ကား ၇၅ ခုအထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း-ဝင်းမီမီ**
**ဓာတ်ပုံ-ရဲထွဋ်**



သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ရှုသူ ပရိသတ်များဖြင့် စည်ကားလျက်ရှိစဉ်။




JCGV Junction City ရုပ်ရှင်ရုံ၌ ရုပ်ရှင်လက်မှတ်ဝယ်ယူရန် စောင့်ဆိုင်းနေကြစဉ်။

# အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်ရန် ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၆**

အင်ဒိုနီးရှားနိုင်ငံ ဆီမာရန့်မြို့၌ ဇူလိုင် ၁၇ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ အဆိုပါ ပြိုင်ပွဲတွင် အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ အုပ်ချုပ်၊ နည်းပြ ၁၇ ဦး၊ အားကစားသမား ၃၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ လွိုင်ကော်၊ မုံရွာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအားကစားအဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် ဖွင့်ပွဲအခမ်းအနားနှင့် ဇူလိုင် ၂၄ ရက်တွင် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်ပြီး ယခုအကြိမ်သည် တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




(၁၁)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ရှိ ဘောလုံးကွင်းအား အဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းရှိ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်လျက်ရှိကြောင်း **(အောက်ပုံ)** အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများတွင် ဘောလုံးကွင်းအတွင်းရှိ မီတာ ၄၀၀ ပြေးလမ်းအား နိုင်ငံတကာ အဆင့်မီ ပြေးလမ်း ရှစ်လမ်း ခင်းခြင်း၊ ရေထုတ်မြောင်းများ တည်ဆောက်ခြင်း၊ ဘောလုံးကွင်းပြင်ရှိ မြက်များကို ပြန်လည်စိုက်ပျိုးခြင်း လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

"ကွင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွေလုပ်နေတာ သုံးလရှိပါပြီ။ လုပ်ငန်းအားလုံးရဲ့ ၂၅ ရာခိုင်နှုန်း ပြီးနေပြီ။ ဘဏ္ဍာနှစ်အတွင်းမှာ အပြီးလုပ်ဆောင်သွားမှာဖြစ်တယ်။ ဘောလုံးကွင်း မြက်ခင်းပြင်၊ ပြေးလမ်းတွေအတွင်းမှာ မြေညှိတယ်။ လိုအပ်တဲ့နေရာတွေ မြေဖို့တာတို့ မလိုအပ်တဲ့နေရာတွေက မြေတွေ တူးထုတ်တာတို့ လုပ်ဆောင်နေတယ်။ ကွင်းအဆင့်မြှင့်တင်တဲ့ လုပ်ငန်းတွေ ပြီးရင်တော့ ကျောင်းသား ကျောင်းသူတွေအတွက် လေ့ကျင့်ရေးအစီအစဉ်တွေကို ပိုပြီးအဆင့်မြင့်မြင့်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်"ဟု အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) အားကစားကွင်း၊ အားကစားရုံပြုပြင်ထိန်းသိမ်းရေးဌာနစုမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဝေမာဦးက ပြောကြားသည်။



ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်မှ ငွေကျပ် ၇၆၀ ဒသမ ၅ သန်း အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို မေ ၁၁ ရက်က စတင်တည်ဆောက်လျက်ရှိရာ ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

# ထီးချိုင့်မြို့နယ်၌ ဧရာဝတီမြစ်ရေတိုးမှုကြောင့် ရေဘေးသင့်ပြည်သူများ နီးစပ်ရာရေဘေးရှောင်ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့

**ထီးချိုင့် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၇၆၃ စင်တီမီတာသို့ ရောက်ရှိနေပြီး ထီးချိုင့်မြို့၏ စိုးရိမ်ရေမှတ်ထက် ၂၃ စင်တီမီတာ ကျော်လွန်ရောက်ရှိနေကြောင်းနှင့် ဧရာဝတီမြစ်ရေတိုးမှုကြောင့် ထီးချိုင့်မြို့နယ်ရှိ ရပ်ကွက် / ကျေးရွာများမှ ရေဘေးသင့်ပြည်သူများ ရေဘေးရှောင်ယာယီကယ်ဆယ်ရေးစခန်းနှင့် နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ပြောင်းရွှေ့ခိုလှုံလျက်ရှိကြောင်း သိရသည်။

ရေဘေးရှောင်ယာယီကယ်ဆယ်ရေးစခန်းသို့ အမှတ် ၄ ရပ်ကွက်မှ အိမ်ထောင်စု ၂၅ စု လူဦးရေ ၁၃၃ ဦးမှာ ရွှေစည်းခုံဘုန်းကြီးကျောင်းသို့လည်းကောင်း၊ မြတောင်ကျေးရွာ အိမ်ထောင်စု ခုနစ်စု လူဦးရေ ၃၅ ဦးမှာ မြတောင်ကျေးရွာ ဖောင်တော်ဦးကျောင်းသို့လည်းကောင်း၊ မြတောင်ကျေးရွာ အိမ်ထောင်စု ၁၆ စု လူဦးရေ ၇၅ ဦးမှာ နီးစပ်ရာဆွေမျိုးများအိမ်သို့လည်းကောင်း၊ ကြက်တကောင်ကျေးရွာ အိမ်ထောင်စု ၂၃ စု လူဦးရေ ၁၀၇ ဦးမှာ နီးစပ်ရာဆွေမျိုးများအိမ်သို့လည်းကောင်း၊ ကြက်တကောင်ကျေးရွာ အိမ်ထောင်စု တစ်စု လူဦးရေ ခြောက်ဦးအား ကျေးရွာဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ထီးချိုင့်မြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်း ရွှေစည်းခုံဘုန်းကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများအား ဒေါက်တာစိုးလင်းနှင့်အဖွဲ့၊ ဦးမျိုးကျော်သက် (ကျန်းမာရေးမှူး)နှင့်အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း(ပြန်/ဆက်)**

# ဖြူးချောင်းရေလှောင်တမံနှင့် ဖြူးချောင်းတစ်လျှောက် ရေစီးရေလာအခြေအနေ ကြိုတင်စီမံခန့်ခွဲနိုင်ရန်အတွက် ပြည်သူများနှင့် တွေ့ဆုံရှင်းလင်း

**ဖြူး ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ရေပိုလွှဲမှ မိုးရာသီကာလတွင် ရေကျော်ကျမှုများပြားလာပါက ဆည်နှင့် အနီးတစ်ဝိုက်တွင် နေထိုင်သူများ ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး၊ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပိုမိုရရှိစေရေး၊ ဆက်နွယ်ပတ်သက်သည့် ဌာနဆိုင်ရာအသီးသီးနှင့် ရပ်ရွာအခြေပြုလူထုအဖွဲ့အစည်းများဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယနေ့ မွန်းလွဲပိုင်းက ဖြူးချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ပြည်သူများနှင့် တွေ့ဆုံရှင်းလင်းပြောကြားခဲ့ကြသည်။

ဖြူးချောင်းရေလှောင်တမံ၏ ဇူလိုင် ၁၅ ရက်နေ့ ရေမှတ်မှာ ၄၅၄ ပေဖြစ်သဖြင့် သိုလှောင်နိုင်သော အမြင့်ဆုံးရေမှတ် ၄၆၀ ပေသို့ ရောက်ရှိရန် ၆ ပေ ကျန်ရှိနေပြီး ထို့ထက် ရေမြင့်တက်လာပါက ရေပိုလွှဲမှ ရေကျော်ကျလာမည်ဖြစ်ကြောင်း၊ ယခင်နှစ်က ဖြူးချောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ အမြင့် ၄ ဒသမ ၈၀ ပေ အထိ ရေကျော်ခဲ့ပြီး ယခုနှစ်တွင်လည်း ယခင်နှစ်ကဲ့သို့ ရေကျော်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့် ကောလာဟလများကို မယုံကြည်ကြစေရန်နှင့် အခြေအနေမှန်ကို သိရှိလိုပါက တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များကို ဖြန့်ဝေထားပြီးဖြစ်သဖြင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် ရေလှောင်တမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်ပါ လုပ်ငန်းစဉ်များနှင့် အရေးပေါ်အခြေအနေ အဆင့်သတ်မှတ်ချက်များအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ရှင်းလင်းဆွေးနွေးပြီး လက်ကမ်းစာစောင်များနှင့် စိမ်း၊ ဝါ၊ နီ အလံများ ပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ ကျောဖုံးမှ

ဇူလိုင် ၁၈ ရက်တွင် ဆီရီဗိုအိုဆာကာ ယူ- ၁၈ အသင်း၊ ဇူလိုင် ၂၁ ရက်တွင် အိုဆာကာ ဆန်ဂျိုတက္ကသိုလ်အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဟာနန်တက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ- ၁၈ အသင်းသည် ၂၀၁၉ အာဆီယံ ယူ- ၁၈ ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် သွားရောက်ခြင်းဖြစ်ပြီး ယခုခရီးစဉ်သို့ ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားသည်။ ခြေစမ်းပွဲကစားမည့် မြန်မာ ယူ-၁၈ အသင်းတွင် **အုပ်ချုပ်သူ**-ဦးရဲဝင်းအောင်၊ **နည်းပြချုပ်**-ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**- ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး**-ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း**-ကောင်းခန့်ကျော် (၁)၊ ရဲထက်အောင်၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ သက်ဟိန်းစိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ ဉာဏ်လင်းထက်၊ ဝေယံစိုး၊ **အလယ်တန်း**-ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ သြဘာခ၊ မိုးဆွေ၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ အောင်ကိုဦး၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ ကောင်းဇင်မိုးတို့ လိုက်ပါသွားသည်။

**ညီမြတ်သော်တာ**

❒ ကျောဖုံးမှ

အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၂၀၊ တတိယဆုရ လင်းလက်အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆုရ JZM (A) အသင်းက ဆုကြေးငွေကျပ် ငါးသိန်းတို့ ရရှိခဲ့ပြီး အကောင်းဆုံးဂိုးသမားဆုကို ညီညီသန့် (GA Athletic)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို သန့်ဇင်ထွန်း (AKS)နှင့် အသန့်ရှင်းဆုံးအသင်းဆုကို GV Athletic အသင်းတို့ ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဒီလစ် ဂျူဗင်တပ်စ်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့မည်

အိုင်းယက်စ်အသင်းခေါင်းဆောင် ဒီလစ်သည် ဂျူဗင်တပ်စ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်ယူ၊ ဘာစီလိုနာနှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားခြင်းခံရသော အဆိုပါ ကစားသမားကို အီတလီချန်ပီယံဂျူဗင်တပ်စ်အသင်းအနေဖြင့် ပေါင် ၆၇ ဒသမ ၅ သန်း ပေးချေရဖွယ်ရှိကြောင်း သိရသည်။

### ဟယ်လာကို ဝက်စ်ဟမ်းအသင်းက ခေါ်ယူမည်

ဝက်စ်ဟမ်းအသင်းသည် ဖရန့်ဖတ်အသင်းမှ တိုက်စစ်ကစားသမား ဟယ်လာကို ပေါင် ၄၅ သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၂၅ နှစ်အရွယ် ပြင်သစ် ယူ-၂၁ ကစားသမားဟောင်းသည် ပြီးခဲ့သည့် ရာသီ ဂျာမန်ကလပ်တွင် ၄၁ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၂၀ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

### အဲဗာတန်အသင်း ဒဲလ်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ

အဲဗာတန်အသင်းသည် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဖေဘီယန်ဒဲလ်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်စီးတီးအသင်း၌ စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော အသက် ၂၉ နှစ်အရွယ် အဆိုပါကစားသမားသည် ပေါင် ၁၀ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာကြောင်းလည်း သိရသည်။

### စတိဗ်ဘရစ် ရှက်ဖီးဝက်နက်စ်ဒေးအသင်းနည်းပြအဖြစ် နုတ်ထွက်

စတိဗ်ဘရစ်သည် ရှက်ဖီးဝက်နက်စ်ဒေးအသင်းနည်းပြအဖြစ် နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် နယူးကာဆယ်အသင်းနည်းပြဖြစ်လာရန် ရေပန်းစားနေသူဖြစ်သည်။ နယူးကာဆယ်အသင်းသည် ယနေ့တွင် ပရီမီယာလိဂ်အာရှဖလားပွဲအဖြစ် ဝုဖ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

### မာတင်နယ်လီ အာဆင်နယ်အသင်းအတွက် ပွဲဦးထွက်ဂိုးသွင်းယူ

အာဆင်နယ်အသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ကိုလိုရာဒို ရပ်ပစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထိုပွဲတွင် ဘရာဇီးကလပ် Ituano အသင်းမှ ခေါ်ယူထားသော မာတင်နယ်လီက အာဆင်နယ်အသင်းအတွက် ပွဲဦးထွက်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

### ဆမ်ဘိုင်ယန်ကို ခေါ်ယူလိုက်သည့် နော့ဝှစ်ချ်

နော့ဝှစ်ချ်စီးတီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းမှ ညာနောက်ခံကစားသမား ဆမ်ဘိုင်ယန်ကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

### ရှက်ဖီး ဝက်နက်စ်ဒေးအသင်းအား ပေါင်လေးသန်း ပေးချေရဖွယ်ရှိ

နယူးကာဆယ်အသင်းသည် စတိဗ်ဘရစ်အတွက် လျော်ကြေးငွေအဖြစ် ရှက်ဖီးဝက်နက်စ်ဒေးအသင်းအား ပေါင်လေးသန်း ပေးချေရဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ စတိဗ်ဘရစ်၏ နည်းပြအဖွဲ့ဝင်များဖြစ်သော စတိဗ်အက်နယူးနှင့် စတီဖင် ကလီးမန့်စ်တို့သည် ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းမှ ထွက်ခွာပြီး စိန့်ဂျိမ်းစ်ပတ်သို့ ပူးပေါင်းဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။

### ဖာနန်ဒက်စ်အတွက် တရားဝင်ကမ်းလှမ်းမှုပြုလုပ်သွားဖွယ်ရှိ

မန်ယူအသင်းသည် စပို့တင်း လစ္စဘွန်းအသင်းမှ ဘရူနို ဖာနန်ဒက်စ် (၂၄နှစ်) အတွက် လာမည့် ရက်သတ္တသုံးပတ်အတွင်း တရားဝင်ကမ်းလှမ်းမှုပြုလုပ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**
ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် ကန်စောက် ကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့် အကွာနေရာ၌ လုံခြုံရေးဆောင်ရွက်နေစဉ် ပုဏ္ဏားကျွန်းဘက်မှ ကျောက်တော်ဘက်သို့ စေတီနန်းကျေးရွာနေ ယာဉ်မောင်း ကျော်မြင့်(ဘ) ဦးမောင်သိန်း မောင်းနှင်လာပြီး ယာဉ်ပေါ်တွင် ယိုးတရုတ်ကျေးရွာနေသူများဖြစ်သည့် မင်းနိုင်ဌေး (ဘ) ဦးကျော်ဇင်အောင်နှင့် မောင်ဦးငြိမ်းဝေ(ဘ) ဦးဘသန်းတို့ လိုက်ပါလာသည့် Starex အမျိုးအစား ယာဉ်အမှတ်၊ BGO- 3P/---- မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် လက်လုပ်ခါးချိုး တစ်လုံးထိုးသေနတ် တစ်လက်၊ ၅ ဒသမ ၅၆ မမကျည် ၂၈ တောင့်၊ အရိုးအသွား ၉ လက်မခန့်ရှိ ဓားတစ်ချောင်း၊ အရိုးအသွား ၃ ပေ ၆ လက်မခန့်ရှိ ဓားရှည်တစ်ချောင်း၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ်သိန်း ၄၀ ခန့်)၊ လက်ကိုင်ဖုန်းငါးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းချက်အရ ယိုးတရုတ်ကျေးရွာနေ ထွန်းဝင်း (ဘ)ဦးမောင်ရွှေဇံသည် AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်မှုရှိကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ နေအိမ် အတွင်း ၎င်းနှင့်အတူ ဦးသန်းရွှေ(ဘ) ဦးဝေဖြိုးအောင်တို့အား AA အဖွဲ့၏ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံများနှင့် ဗီဒီယိုဖိုင်များအား Viber ဖြင့် အပြန်အလှန်ပေးပို့ထားသည့် Kambo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ပြည်ပငွေလွှဲ Western Union ငွေလွှဲပြေစာများ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုထားသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိ သူများ၊ လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် မော်တော်ယာဉ်တို့အား ကန်စောက်နယ်မြေရဲစခန်းနှင့် ယိုးတရုတ်နယ်မြေရဲစခန်းတို့သို့ စနစ်တကျ လွှဲပြောင်းအပ်နှံ၍ တရားဥပဒေအရ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



AA လက်နက်ကိုင်အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူများနှင့် ဖမ်းဆီးရမိသည့် ပစ္စည်းများ။
ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## မြန်မာ့ရုပ်မြင်သံကြား

**၁၇-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - ထိုင်ခုံခါးပတ်ပတ်ရန်
- ၇း၄၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည်(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်) နှင့်တွေ့ဆုံမေးမြန်းခန်း
- ၉း၁၀ - မြို့တော်များရဲ့မြို့ပြ
- ၉း၁၅ - "အောက်မေ့အမှတ်ရဖွယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဆီ"
- ၉း၄၀ - "ကလေးစာဖတ်ခန်းများမှသည် အကောင်းမွန်ဆုံးသောဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီသို့"
- **၁၂း၃၀ - လွှတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၃)**
- ၁၂း၃၅ - "မြန်မာတို့ရဲ့ ဂုဏ်ယူဖွယ်ရာ ပုဂံဒေသက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များ"
- ၁၄း၂၀ - ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှတ်တမ်း "မမေ့နိုင်သောနေ့တစ်နေ့"ဂန့်ဂေါ်၊ ဟယ်လင်သင်း၊ ရွှက်ဝါ (ဒါရိုက်တာ-အေဝမ်းသန်းထွင်)

**ညပိုင်း**

- **၁၆း၂၅ - လွှတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၄)**
- ၁၇း၁၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကြိမ်နှုန်း (Frequency)"
- ၁၇း၅၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
- ၁၈း၂၀ - "အာဇာနည်ခေါင်းဆောင်ကြီးများရှိရာ အာဇာနည်ဗိမာန်ဆီ"
- **၁၉း၁၅ - လွှတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၁)**
- ၁၉း၂၀ - "တိုင်းပြည်အတွက် အသက်ပေးကာ လွှတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့ တို့ဗိုလ်ချုပ်"
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၀း၃၀ - လွှတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၂)**
- ရေကြီးဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ
- ၂၀း၃၅ - "ဆယ့်ကိုးဇူလိုင်(၂)" (ဦးရာဇာတ်၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး)
- "ငွေငန်းသခင်၏ ရာပြည့်အလွန်"
- ပြည်သူ့နီတိ "ညစောင့်"

# မူဆယ်မြို့တွင် သေနတ်ပစ်ခံရသဖြင့် တရုတ်နိုင်ငံသားတစ်ဦးသေဆုံး

**မူဆယ် ဇူလိုင် ၁၆**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ယနေ့နံနက် ၁၁ နာရီခွဲခန့်က ဆိုင်ကယ်စီးလာသည့် တရုတ်နိုင်ငံသားတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့ (၄၅)ကုန်း ဟိုမွန်ရပ်ကွက်တွင် မတ်တူး(ခဲရောင်ကား)ဖြင့် မောင်းနှင်လာသည့် လက်နက်ကိုင်ဆောင်ထားသူများက ဆိုင်ကယ်စီးလာသူ တရုတ်နိုင်ငံသား ဂျိုလိဂျွန်း (၄၆နှစ်) အား ကားပေါ်မှသေနတ်ဖြင့် လိုက်လံပစ်ခတ်မှုကြောင့် ဆိုင်ကယ်ပေါ်မှ ဆင်း၍ အိမ်တစ်အိမ်လမ်းကြားထဲ၌ ပြေးပုန်းနေစဉ် ဝင်ပေါက်သာရှိပြီး ထွက်ပေါက်မရှိသည့်အတွက် ယင်းလမ်းကြားထဲတွင်ပိတ်မိကာ စုစုပေါင်း သေနတ် ဒဏ်ရာရစ်ချက်ဖြင့် အခင်းဖြစ်သည့်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။

**စုံစမ်းစစ်ဆေးလျက်ရှိ**

သေဆုံးသူ တရုတ်နိုင်ငံသား ဂျိုလိဂျွန်း(၄၆နှစ်)သည် မူဆယ်မြို့စွန်စော်ရပ်ကွက်တွင် အိမ်ငှားနေထိုင်သူဖြစ်ပြီး ယင်းဖြစ်စဉ်အား အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် မူဆယ်မြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထန်ထန်(မူဆယ်)**

# မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**
မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၃ နာရီက အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၊ နဘားလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် နော်ဘောက်(ခ)မာနော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ပင့်တင်ကျေးရွာနှင့် ပင်ဝယ်ရွာသစ်ကျေးရွာကြားတွင် ဖမ်းဆီးရမိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊

အလားတူ ယင်းနေ့ နံနက် ၅ နာရီက ခန္တီးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခန္တီးမြို့နယ် ရပ်နားကျေးရွာအနီးရှိ တောင်ယာတဲကို ဝင်ရောက်ရှာဖွေရာ စိန်အောင် (ခ) အိုက်ဇော်အား တွေ့ရှိရပြီး တဲအတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၁၆၆ ကီလိုနှင့် တူမီးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သိမ်းဆည်းရမိသည့် ဘိန်းဖြူများ၏ပိုင်ရှင်ဖြစ်သူ ယဉ်ဇော်ဦး (ခ)ဖိုးကြောင်အား ရပ်နားကျေးရွာရှိ ၎င်းနေအိမ်တွင် ဘိန်းဖြူ ၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉ ပြား၊ ငွေကျပ် ၆၈၅၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၁၄ ရက် ည ၉ နာရီက တပ်မတော်မှ ကျွန်းစုမြို့နယ် မဲတောကျေးရွာအုပ်စု ချောင်းညီကိုကျေးရွာ ချောင်းညီကိုချောင်းကမ်းပါးပေါ်၌ တွေ့ရှိသော ဆာလာအိတ်များကို ဖွင့်ဖောက်စစ်ဆေးရာ အိတ်အတွင်းမှ ဘိန်းစာမှုန့် ၂၂၅ ကီလို ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ စံပယ်တော-မင်းစုလမ်းတွင် ဇော်ထူး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ကျော်ဝင်းထွန်း မောင်းနှင်ပြီး ဇင်မင်းထက် လိုက်ပါလာသည့် ဆိုင်ကယ်တို့ကိုရပ်တန့်ရှာဖွေရာ ဇော်ထူးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန် (အနောက်) မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၆၁)ရှိ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း(EMS) ရုံးတွင် ဂျပန်နိုင်ငံသို့ ပို့ဆောင်မည့် မဆုဟာန်နီဦး(ခ)ဟန်နီ ၏ပါဆယ်ထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ပို့ဆောင်ခိုင်းသူ ဇေယျာဦးနှင့် နေလင်းဦး (ခ) ဗဒင်တို့အား အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံ လမ်းမပေါ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ည ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၃၅) မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာရှိ မျိုးအေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဖခင်ဖြစ်သူ တင်ဝင်းနှင့်အတူ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



စိန်အောင်(ခ) အိုက်ဇော်၊ ယဉ်ဇော်ဦး(ခ) ဖိုးကြောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ တူမီးသေနတ်တို့နှင့်အတူ တွေ့ရစဉ်။

# အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်ကျောက်စိမ်းတုံး ၉၅၈ ကီလိုဂရမ်ဖမ်းမိ

**အင်းတော် ဇူလိုင် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွှေဘိုမြစ်ကြီးနားသွားကားလမ်း လယ်နောင်ကျေးရွာအနီး ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆည်းရမိကြောင်း သိရသည်။

အင်းတော်မြို့မရဲစခန်းမှ ဒုရဲအုပ် သက်ဦးမောင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် တရားမဝင်ကျောက်စိမ်းတုံးများ သယ်ဆောင်လာကြောင်း သတင်းအရ ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီခွဲခန့်တွင် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ လယ်နောင်ကျေးရွာအနီးတွင် စောင့်ဆိုင်းနေစဉ် ရဲလင်းထွန်း မောင်းနှင်ပြီး အောင်ကြည်သောင်း လိုက်ပါလာသော မော်တော်ယာဉ်နှင့် အောင်ဇော် မောင်းနှင်လာပြီး ကျော်သူ လိုက်ပါလာသောမော်တော်ယာဉ်တို့အား မသင်္ကာ၍ ရပ်တန့်ရှာဖွေစစ်ဆေးရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၂၇၆ တုံး၊ စုစုပေါင်းအလေးချိန် ၉၅၈ ကီလိုဂရမ် ရှာဖွေစစ်ဆေးတွေ့ရှိသည်။ အဆိုပါ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူ မော်လူးမြို့နယ်နေ ရဲလင်းထွန်း၊ မန္တလေးမြို့နေ အောင်ကြည်သောင်းနှင့် အောင်ဇော်၊ နွားထိုးကြီးမြို့နယ်နေ ကျော်သူတို့ လေးဦးအား ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရပ်တန့်ထားသည့် ကုန်တင်ယာဉ်အား နောက်မှဝင်တိုက်သည့် ခရီးသည်တင် ယာဉ်မောင်းသေဆုံး

**သထုံ ဇူလိုင် ၁၆**
မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားရှမ်းရွာတံတားအနီးတွင် ဇူလိုင် ၁၅ ရက် ည ၁၀ နာရီခန့်က လမ်းဘေးချရပ်တန့်ထားသည့် ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီးအား ခရီးသည်တင် ပရိဘောက်မော်တော်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိရာ ပရိဘောက်ယာဉ်မောင်းဖြစ်သူသေဆုံးပြီး ယာဉ်ပေါ်ပါသူသုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နောင်ကုလားရှမ်းရွာတံတားအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၄၄/၄ နှင့် ၁၄၄/၅) အကြားတွင် မြင်းခြံမြို့နေသူ ဦးဝင်းခင် (၆၁နှစ်) အမျိုးသားတစ်ဦး မောင်းနှင်သည့် ၁၂ ဘီး မော်တော်ယာဉ်သည် လမ်းညာဘက် ဘေးချရပ်တန့်နားနေစဉ် လားရာတူ သထုံဘက်မှ ဘီးလင်းဘက်သို့ (၄၀နှစ်) ခန့်ရှိ ယာဉ်မောင်း (စိစစ်ဆဲ) မောင်းနှင်ပြီး ခရီးသည်များတင်ဆောင်လာသည့် ပရိဘောက်မော်တော်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ယာဉ်မောင်းမှာ နေရာတွင်သေဆုံးကာ ခရီးသည်သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူများက သထုံခရိုင် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# တောင်အာရှတစ်ခွင် မုတ်သုံရာသီမိုးကြောင့် လူပေါင်း ၁၈၀ ထက်မနည်းသေဆုံး

**နယူးဒေလီ ဇူလိုင် ၁၆**

တောင်အာရှတစ်ခွင် မုတ်သုံရာသီဝင်ရောက်ချိန် ရေကြီးမှု၊ မြေပြိုမှုဖြစ်စဉ်များကြောင့် လူပေါင်းသန်းချီဘေးဒုက္ခခံစားခဲ့ရပြီး လူပေါင်း ၁၈၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၁၆ ရက်တွင် ပြောသည်။

မုတ်သုံရာသီမိုးသည် လယ်ယာစိုက်ပျိုးရေးအတွက် အလွန်အရေးကြီးသလို ကမ္ဘာ့လူဦးရေ ငါးပုံတစ်ပုံ မှီတင်းနေထိုင်သော တောင်အာရှအတွက် အပူချိန်ပြင်းထန်မှုကို လျော့ပါးသက်သာစေသော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်အပိုင် ကက်ရှ်မီးယားဒေသများတွင် ရေဘေးဒုက္ခခံစားခဲ့ရသည်။

ဇူလိုင် ၁၅ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အနည်းဆုံး ကလေးငယ် ငါးဦးရေနစ်သေဆုံးခဲ့ပြီး ရေကြီးမှု၊ မိုးကြိုးပစ်ခံရမှုနှင့်ဆက်စပ် သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးသူလူဦးရေမှာ ၃၄ ဦးအထိ ရှိလာခဲ့သည်။

ဟိမဝန္တာမြစ်တစ်စင်းဖြစ်သည့် ဗြဟ္မပုတ္တရမြစ်တွင်လည်း စိုးရိမ်ရေမှတ်ကိုကျော်လွန်နေသလို ယင်းနိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုကြောင့် လူပေါင်းရာချီ သောင်တင်ခဲ့ကြသည်။

နီပေါနိုင်ငံတွင်လည်း ရေကြီးခြင်းဖြစ်စဉ်များကြောင့် လူပေါင်း ၆၇ ဦးထက်မနည်း သေဆုံးခဲ့သည်။ သက်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများက ရေဘေးဒုက္ခသည်များကို ကူညီနိုင်ရန် အတတ်နိုင်ဆုံးကြိုးစားလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီးမှုဖြစ်စဉ်များမှာ ပိုမိုဆိုးရွားလာနိုင်သဖြင့် ဇူလိုင် ၁၆ ရက်က အနီရောင်အဆင့် အန္တရာယ်သတိပေးချက်ထုတ်ပြန်ခဲ့သည်။ အာသံပြည်နယ်အတွင်းရှိ ကျေးရွာများ၊ အဝေးပြေးလမ်းမကြီးများမှာလည်း ရေကြီးမှုကြောင့် နစ်မြုပ်ခဲ့သည်။

ယခုအချိန်အထိ ရေကြီးမှုဖြစ်စဉ်ကြောင့် ၁၁ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၈၃၀၀၀ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း၊ အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် ယနေ့အထိ ၂၄ ဦးသေဆုံးခဲ့ကြောင်း၊ လူပေါင်း ၂ ဒသမ ၅ သန်း ရေဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။

ပါကစ္စတန်ပိုင် ကက်ရှ်မီးယားဒေသတွင်လည်း တောင်ကျရေကျဆင်းမှုဖြစ်စဉ်များကြောင့် လူပေါင်း ၂၃ ဦးအထိ သေဆုံးခဲ့ပြီး အိမ်ခြေ ၁၂၀ ပျက်စီးခဲ့သကဲ့သို့ လျှပ်စစ်ဓာတ်အားလိုင်းများလည်း ပြတ်တောက်ခဲ့ရသည်။

**အေအက်ဖ်ပီ**



ဇူလိုင် ၁၅ ရက်က အိန္ဒိယနိုင်ငံ အာဂါတာလာမြို့ပြင်တွင် ရေကြီးမှုဖြစ်ပွားနေသဖြင့် ဒေသခံများ လက်လုပ်ဖောင်များဖြင့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေစဉ်။

# နယ်စပ်ဖြတ်ကျော် နိုင်ငံရေးခိုလှုံခွင့်တောင်းခံမှုကို ထရမ့်အစိုးရ ကန့်သတ်

**ဝါရှင်တန် ဇူလိုင် ၁၆**

နယ်စပ်ဖြတ်ကျော် နိုင်ငံရေးခိုလှုံခွင့်တောင်းခံမှုကို ကန့်သတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်မှုကြောင့် မက္ကဆီကိုနိုင်ငံမှ တစ်ဆင့်ဖြတ်ကျော်ဝင်ရောက်လာသည့်အမေရိကအလယ်ပိုင်းနိုင်ငံများမှ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများကို များစွာထိခိုက်စေမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့က အမေရိကန်တရားရေးဌာနနှင့် အမိမြေလုံခြုံရေးဌာနက ထုတ်ပြန်သည့် စာမျက်နှာ ၅၈ မျက်နှာပါ ကြေညာချက်တွင် အမေရိကန်ပြည်ထောင်စုကို မဝင်ရောက်မီ ကုန်းလမ်းမှတစ်ဆင့် ဖြတ်ကျော်လာသည့် နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားမည်ဆိုပါက အမေရိကန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားမှုကို မပေးရန် သို့မဟုတ် ပိတ်ပင်သွားရန် ဖော်ပြပါရှိပါသည်။

အစိုးရရှေ့နေချုပ် ဝီလီယံဘားရ်ထုတ်ပြန်သည့် ကြေညာချက်တွင် အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်မှတစ်ဆင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားအရေအတွက် သိသိသာသာ တိုးလာကြောင်း၊ အဆိုပါလူများတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ အနည်းငယ်သာ ပါဝင်ကြောင်း ဖော်ပြထားသည်။




အမေရိကန်-မက္ကဆီကိုနယ်စပ်တွင် တွေ့ရသည့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏ နိုင်ငံရေးခိုလှုံခွင့်တောင်းခံမှုကို ကန့်သတ်ရန် ပြဋ္ဌာန်းချက်သည် ဇူလိုင် ၁၆ ရက်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါထုတ်ပြန်ချက်များနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများလည်း ထွက်ပေါ်လာဖွယ်ရှိကြောင်း သိရသည်။

ယခုပြဋ္ဌာန်းချက်တွင် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံသားများ အကျုံးဝင်ခြင်းမရှိပေ။ အမေရိကန်သမ္မတ ထရမ့်သည် လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများမှ လာရောက်အခြေချနေထိုင်သူများကို ပိုမိုကန့်သတ်သည့် သဘောဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# လစ်ဗျားရှိ ရွှေ့ပြောင်းနေထိုင်သူများ ထိန်းသိမ်းရေးစင်တာကို ပိတ်သိမ်းရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက တောင်းဆို

**ထရီပိုလီ ဇူလိုင် ၁၆**

လစ်ဗျားနိုင်ငံ ၌ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအတွက် ဖွင့်လှစ်ထားသည့် ထိန်းသိမ်းရေးစင်တာများကို ပိတ်သိမ်းရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဇူလိုင် ၁၅ ရက်တွင် တောင်းဆိုခဲ့သည်။ "လစ်ဗျားက ထိန်းသိမ်းရေးစင်တာတွေကို ပိတ်ပစ်ဖို့ တစိုက်မတ်မတ်တောင်းဆိုခဲ့တာပါ။ လူပေါင်း ၂၀၀ ခန့်ဟာ တာဂျိုအာထိန်းသိမ်းရေးစင်တာကို ခေါ်ဆောင်သွားခြင်းခံရပါတယ်" ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

ဇူလိုင်လအစောပိုင်းကလည်း ထရီပိုလီ အရှေ့ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် ထိန်းသိမ်းရေးစင်တာမှ လူပေါင်းများစွာ သေဆုံး၊ ဒဏ်ရာရရှိခဲ့ရကြောင်း သိရသည်။ လစ်ဗျားတွင် ကုလသမဂ္ဂကကျောထောက်နောက်ခံ ပြုထားသော လစ်ဗျားအစိုးရတပ်ဖွဲ့နှင့် လစ်ဗျားအရှေ့ပိုင်းအခြေစိုက် လက်နက်ကိုင်တပ်ဖွဲ့တို့ကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ယခုလိုသေဆုံးမှုများအတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ်စွဲနေကြသည်။

အရှေ့ပိုင်းအခြေစိုက်သူပုန်များကလည်း ထရီပိုလီမြို့ကို လစ်ဗျားအစိုးရထံမှ သိမ်းပိုက်ရယူနိုင်ရေးတိုက်ပွဲများဆင်နွှဲလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာအရ လူပေါင်း ၁၀၀၀ ခန့်မှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ရပြီး လူပေါင်း ၅၇၀၀ ဒဏ်ရာရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တိုက်ပွဲများကြောင့်လူပေါင်း ၁၀၀၀၀၀ ခန့်မှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ် မွမ်မာကဒါဖီကို ဖြုတ်ချပြီးနောက်ပိုင်းတွင် နိုင်ငံရေးအရ မငြိမ်မသက်မှုများဖြစ်ပေါ်ပြီး တိုက်ပွဲများ ပေါ်ပေါက်ခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန် အမ် ၁၆ ရိုင်ဖယ်သေနတ်များ ဖိလစ်ပိုင်နိုင်ငံက ဝယ်ယူရန် စိတ်ဝင်စားနေ

**မနီလာ ဇူလိုင် ၁၆**

အမေရိကန်မှ အမ် ၁၆ ရိုင်ဖယ်သေနတ်များနှင့် ဆက်စပ်ကိရိယာများကို ဝယ်ယူရန် ဖိလစ်ပိုင်က စိတ်ဝင်စားနေကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး သီအိုဒိုရိုလော့ဆင်က ဇူလိုင် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ရှစ်ကြိမ်မြောက် အမေရိကန်-ဖိလစ်ပိုင် နှစ်နိုင်ငံမဟာဗျူဟာဆွေးနွေးပွဲအတွက် မနီလာသို့ရောက်ရှိနေသည့် အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်စတီဝဲလ်နှင့် တွေ့ဆုံခဲ့ပြီးနောက်တွင် အမေရိကန်မှ ရိုင်ဖယ်သေနတ်များဝယ်ယူမည့်အစီအစဉ်ကို လော့ဆင်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် ဖိလစ်ပိုင်ချစ်ကြည်မှုကို အပြောမှ လက်တွေ့သို့ ပြောင်းလဲနိုင်ရန်မှာ အမ် ၁၆ ရိုင်ဖယ်သေနတ်အသစ် ၇၄၀၀၀ ကို ဖိလစ်ပိုင်သို့ ရောင်းချပေးရန်ဖြစ်ကြောင်း၊ မစ္စတာစတီဝဲလ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု မစ္စတာလော့ဆင်က တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ တောင်းဆိုမှုကို အမေရိကန်ဘက်မှ တုံ့ပြန်ရန် စောင့်ဆိုင်းလျက်ရှိကြောင်းကိုလည်း လော့ဆင်ကပြောကြားခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၆ခုနှစ်က ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် အမေရိကန်မှ ရိုင်ဖယ်သေနတ် ၂၆၀၀၀ ဝယ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းရန် ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့သို့ ညွှန်ကြားခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ရမှုများကြောင့် ရိုင်ဖယ်သေနတ်များအား ဖိလစ်ပိုင်ရဲတပ်ဖွဲ့သို့ ရောင်းချမှုကို ရပ်တန့်ရန် အမေရိကန်က ခြိမ်းခြောက်ခဲ့ပြီးနောက် ထိုသို့ ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဥရောပကော်မရှင်ဥက္ကဋ္ဌအဖြစ် ဗွန်ဒါလီယန်ကို နောက်ဆုံးအကြိမ် မဲခွဲဆုံးဖြတ်

**ဘရပ်ဆဲလ် ဇူလိုင် ၁၆**

အာဆူလာ ဗွန်ဒါလီယန်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌအဖြစ် အသိအမှတ်ပြုရေး ဥရောပပါလီမန်၌ ဇူလိုင် ၁၆ ရက်က လျှို့ဝှက်မဲပေးမှုများ ပြုလုပ်လျက်ရှိသည်။

အကယ်၍ အသက် ၆၀ အရွယ် ဗွန်ဒါလီယန်သည် ပြင်သစ်နိုင်ငံ စထရားစဘို့ဂ်မြို့တွင် ပြုလုပ်သည့် ညီလာခံ၌ မဲအများစုရရှိခဲ့ပါက ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျင်းကလော်ဒီဂျန် ကာ၏ နေရာတွင် အစားထိုးသွားမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မဲရလဒ်ရှုံးနိမ့်သွားခဲ့လျှင် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံနှင့် ပါလီမန်တို့တွင် အငြင်းပွားမှုများ ဆက်လက်ပေါ်ပေါက်လာမည် ဖြစ်သည်။

ဗွန်ဒါလီယန် အောင်မြင်မှုရရှိခဲ့လျှင်မူ နိုဝင်ဘာလအတွင်း ဥရောပသမဂ္ဂအဖွဲ့ကြီးတွင် ပထမဆုံးအမျိုးသမီးခေါင်းဆောင် ပေါ်ထွက်လာမည်ဖြစ်သည်။ ဗွန်ဒါလီယန်သည် ဥရောပသမဂ္ဂအဖွဲ့ကြီးက ၎င်းကို ရွေးချယ်သည်ဖြစ်စေ၊ မရွေးချယ်သည်ဖြစ်စေ အင်္ဂလာမာကယ်အစိုးရအဖွဲ့အတွင်းမှ နုတ်ထွက်တော့မည်ဟု ဇူလိုင် ၁၅ ရက်က ကြေညာခဲ့သည်။

မဲပေးမှုများကို စထရားစဘို့ဂ်မြို့ ညီလာခံတွင် ဇူလိုင် ၁၆ ရက် ညနေ ၆ နာရီတွင် ပြုလုပ်မည်ဖြစ်ပြီး နှစ်နာရီအကြာတွင် အဖြေကို ကြေညာမည်ဖြစ်သည်။ အသစ်ရွေးချယ်ခံရသည့် ဥရောပကော်မရှင်ဥက္ကဋ္ဌသည် နိုဝင်ဘာ ၁ ရက်တွင် တာဝန်စတင် ထမ်းဆောင်ရမည်ဖြစ်သည်။



ဥရောပကော်မရှင်ဥက္ကဋ္ဌအဖြစ် အမည်စာရင်းတင်သွင်းခံရသူ ဗွန်ဒါလီယန်

**အေအက်ဖ်ပီ**

# အာကာသအစီအစဉ်အတွက် ဆက်လက်မျှော်လင့်ကြဆဲဖြစ်သည့် အိန္ဒိယပြည်သူများ

ချိုးစန္ဒီနွေး

အိန္ဒိယရဲ့ ထိပ်တန်းသိပ္ပံပညာရှင်တွေ၊ အထူးဧည့်သည်တော်ကြီးတွေဟာ တစ်နေရာတည်းမှာ စုဝေးခဲ့ကြပါတယ်။ ဘာလို့သူတို့ စုဝေးနေကြတာပါလဲ။ ချန်ဒရာယန်း ၂ လို့ အမည်ပေးထားတဲ့ လဆင်းယာဉ်လွှတ်တင်တာကို စောင့်ကြည့်ဖို့ စုဝေးခဲ့ကြတာပါ။

**အာကာသအိပ်မက်**

မိုးဖွဲဖွဲလေးရွာသွန်းပြီးတဲ့နောက် ကောင်းကင်ဟာလည်း ကြည်လင်နေပါတယ်။ လဆင်းယာဉ်ကိုလွှတ်တင်ဖို့အတွက်လည်း ဒုံးပျံစင်ပေါ်မှာ လောင်စာအပြည့်နဲ့ နေရာယူထားပါတယ်။ လပေါ်မှာ ဆင်းသက်မယ့်ယာဉ်၊ စက်ရုပ်အစရှိတဲ့အရာတွေလည်း ပြင်ဆင်ခဲ့ပါတယ်။

ဒါတွေ အားလုံးကတော့ အိန္ဒိယရဲ့ အာကာသအိပ်မက်တစ်ခုပါ။ ဒါပေမယ့် သူတို့ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာခဲ့ပါဘူး။ အိန္ဒိယဟာ လကမ္ဘာပေါ်မှာ ဆင်းသက်နိုင်တဲ့ စတုတ္ထမြောက်နိုင်ငံဖြစ်လာဖို့ ရည်ရွယ်ချက်ကြီးကြီးထားခဲ့ပါတယ်။

ချန်ဒရာယန်း ၂ ဟာ အိန္ဒိယအာကာသအစီအစဉ်ရဲ့ မျှော်လင့်ချက်အထားခံရဆုံး အစီအစဉ်တစ်ခုလည်းဖြစ်ပါတယ်။ ကမ္ဘာအနှံ့က သိပ္ပံပညာရှင်တွေရော ကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူတွေပါ အိန္ဒိယရဲ့ အာကာသအစီအစဉ်ကို စောင့်ကြည့်ခဲ့ကြပါတယ်။

**စိတ်လှုပ်ရှားမှုအမြင့်ဆုံး**

အစီအစဉ်ကတော့ ဇူလိုင် ၁၅ ရက်နေ့ နံနက် ၂နာရီ ၅၁ မိနစ်မှာ ချန်ဒရာယန်း ၂ လဆင်းယာဉ်ကိုလွှတ်တင်ဖို့ပါပဲ။ ဒါပေမယ့် လွှတ်တင်ခါနီး ၅၆ မိနစ်အလိုခန့်မှာအချိန်ရေတွက်မှုဟာရပ်တန့်သွားခဲ့ပါတယ်။ ဒုံးပျံစင်နဲ့ မိုင်အနည်းငယ်အကွာမှာရှိတဲ့ မီဒီယာစင်တာမှာ လွှတ်တင်ရေးအတွက်ပြသမှုအစီအစဉ် ရပ်ဆိုင်းသွားပါတယ်။

သိပ္ပံ ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ပယ်လာဗာဘာဂလာကတော့ အဲဒီနေ့က ဆက်တစ်ရှိဒါဝန် အာကာသစင်တာမှာ ရှိနေခဲ့ပါ တယ်။ သူကတော့ အဲဒီနေ့က လမင်းကြီးဟာ တိမ်တွေကြားထဲက တောက်ပနေလိုက်တာ သူ့ဆီကို အလည်လာဖို့ဖိတ်ခေါ်နေတဲ့အတိုင်းပဲ၊ ဒါပေမယ့်လည်း ခဏကြာတော့ ရှုပ်ထွေးမှုတွေ ဖြစ်ပေါ်ခဲ့တယ်။

လူတိုင်းလူတိုင်းဟာ ဘယ်နေရာကများ မှားနေတာလဲလို့ တွက်ချက်နေကြတယ်။ အားလုံးရဲ့ စိတ်လှုပ်ရှားမှုကတော့ အမြင့်ဆုံးပါပဲလို့ သူ့ရဲ့ အတွေ့အကြုံကို ပြောပြခဲ့ပါတယ်။




အိန္ဒိယ၏ ပထမဦးဆုံး လဆင်းယာဉ် ချန်ဒရာယန်း ၂ ကို လွှတ်တင်မည့် အနေအထားဖြင့် တွေ့ရစဉ်။

**ပြည်သူများရဲ့မျှော်လင့်ချက်**

အိန္ဒိယနိုင်ငံတစ်လွှားမှာရှိကြတဲ့ ပြည်သူတွေကလည်း လဆင်းယာဉ်လွှတ်တင်မယ့် အစီအစဉ်ကို ညသန်းကောင်ယံမှာ စိတ်လှုပ်ရှားစွာနဲ့ စောင့်မျှော်နေခဲ့ကြပါတယ်။ ဒါပေမယ့် စိတ်မကောင်းစွာနဲ့ပဲ ပြီးဆုံးသွားခဲ့ရတယ်။

အာကာသကျောင်းဆရာတစ်ဦးဖြစ်တဲ့ နမ်ရာတာဘီရာကတော့ “ကျွန်တော့်လက်ပတော့ကို တစ်ချိန်လုံး ဖွင့်ထားပြီး ဘာသတင်းများထူးမှာတုံးလို့ စောင့်နေခဲ့တယ်။ အလွန်လည်း စိတ်လှုပ်ရှားရပါတယ်။ “ဒါဟာ အိန္ဒိယနိုင်ငံသား အားလုံးအတွက် ဂုဏ်ယူရမယ့်အခိုက်အတန့်ပဲမဟုတ်လား၊ ဒီလို အချိန်မှာပဲ အစီအစဉ်ရွှေ့ဆိုင်းလိုက်ရတယ်လို့ သိရတော့ ဝမ်းနည်းမိတယ်။ ဒါပေမယ့် နောက်တစ်ခါကျရင်တော့ လဆင်းယာဉ်ကို အောင်အောင်မြင်မြင် လွှတ်တင်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်” ဆိုပြီး သူ့ရဲ့ ခံယူချက်ကို ပြောပြသွားပါတယ်။

**အချိန်ရွှေ့ဆိုင်းဖို့လို**

နောက်ဆုံးမှာတော့ အိန္ဒိယသိပ္ပံပညာရှင်တွေကတော့ အခုအာကာသအစီအစဉ်မှာ ဘာမှ ဆိုးဆိုးရွားရွားကြီး ဖြစ်မသွားဘူး။ ဒါပေမယ့် အချိန်ရွှေ့ဆိုင်းဖို့တော့လိုတယ်လို့ ပြောကြားလိုက်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာ ပြဿနာအချို့ကြောင့်လို့ ပြောပြခဲ့ပါတယ်။ နောက်ထပ် အသေးစိတ်အချက်အလက်တွေ တွေ့ရရင်လည်း အားလုံးကို အသိပေးသွားမယ်လို့ ပြောပါတယ်။

သယ်ယူပို့ဆောင်ပေးမယ့် ဒုံးကျည်ရဲ့အင်ဂျင်စနစ်မှာ ယိုစိမ့်မှုအနည်းငယ်ရှိတယ်လို့ အာကာသစင်တာမှာ ပြောဆိုနေကြကြောင်းကိုလည်း အာကာသယာဉ်လွှတ်မှု အကြိမ် ၂၀ ခန့် တက်ရောက်ဖူးသူ မစ္စတာဘန်ဂလာက ပြောပါတယ်။ အိန္ဒိယအာကာသသိပ္ပံပညာရှင်တွေကတော့ ဒီကိစ္စအပေါ်မှာ မှတ်ချက်ချပြောဆိုခဲ့ခြင်း မရှိပါဘူး။

**ယုံကြည်မှုရှိ**

အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်းကပြောရေးဆိုခွင့်ရှိသူ ဗီဗစ်ဆင်းကတော့ အခုအချိန်အထိ အားလုံးအဆုံးသတ်မသွားသေးပါဘူးလို့ ပြောလိုက်ပါတယ်။ ဒါဟာ ကံမကောင်းလို့ ဖြစ်ရတာပါလို့ မစ္စတာဆင်းက ပြောပါတယ်။ ဆက်တစ်ရှိဒါဝန် အာကာသစင်တာကတော့ ဝေးလံတဲ့ ကမ်းရိုးတန်းဒေသမှာရှိပြီး မြို့တွေနဲ့ အလှမ်းဝေးကွာလွန်းလှပါတယ်။

အဲဒီစင်တာမှာ သိပ္ပံပညာရှင်တွေရော၊ မီဒီယာသမားတွေပါ လဆင်းယာဉ်လွှတ်တင်မှုကို စောင့်ကြည့်ခဲ့ကြပါတယ်။ လကမ္ဘာကို လွှတ်တင်မယ့်ယာဉ်ဟာ ရက်ပေါင်း ၅၀ ကြာမြင့်မယ်လို့ ခန့်မှန်းထားခဲ့ကြပါတယ်။ လမျက်နှာပြင်ပေါ်ကို ဆင်းသက်မယ့် ယာဉ်ငယ်ဟာ ဖြည်းဖြည်းချင်း ဆင်းသက်မှာဖြစ်ပြီး လုပ်ဆောင်မှုတစ်ခုလုံးရဲ့ ရှုပ်ထွေးမှုအရှိဆုံးအပိုင်းလို့လည်း သတ်မှတ်ထားခဲ့ပါတယ်။

အစ္စရေးကလည်း ဒီလိုမျိုးလုပ်ငန်းစဉ် လုပ်ဖို့ ဧပြီလအတွင်းက ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် အိန္ဒိယကတော့ လမျက်နှာပြင်ပေါ်ဆင်းသက်မယ့်ယာဉ်ကို လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်မှုရှိခဲ့ပါတယ်။

**ယုံကြည်မှုပျောက်မသွား**

ဘီးခြောက်လုံးပါ အဝေးထိန်းစနစ်နဲ့ ထိန်းချုပ်ရတဲ့ စူးစမ်းလေ့လာရေးစက်ရုပ်ဟာ တောင်ဘက်ဝင်ရိုးစွန်းဘက်ကိုသွားပြီး သုတေသနပြုလုပ်ဖို့ နမူနာတွေ ကောက်ယူခဲ့မယ်လို့ စဉ်းစားခဲ့ကြပါတယ်။ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို အချိန်တိတိကျကျ သတ်မှတ်ခဲ့ကြပါတယ်။

လမျက်နှာပြင်ပေါ်မှာ စူးစမ်းလေ့လာရေးပြုလုပ်မယ့် စက်ရုပ်ဟာ နေစွမ်းအင်သုံးစနစ်ဖြစ်တဲ့အတွက်ကြောင့် နေရောင်များများရဖို့ အချိန်သေချာ တွက်ချက်ခဲ့ကြပါတယ်။ မစ္စတာဆင်းကတော့ အိန္ဒိယအာကာသအေဂျင်စီဟာ လက်ရှိကြုံတွေ့ရတဲ့ ပြဿနာကိုဖြေရှင်းပြီး မကြာခင်မှာ နောက်တစ်ကြိမ် လွှတ်တင်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်လို့ ပြောပါတယ်။

ဘယ်အချိန်လဲဆိုတာ တိတိကျကျ မသိပေမယ့် သူ့ယုံကြည်မှုကတော့ ပျောက်ပျက်မသွားပါဘူး။

**ကလေးများ၏ မျှော်လင့်ချက်**

အိန္ဒိယတစ်နိုင်ငံလုံးကလည်း စောင့်ဆိုင်းနေဆဲပါပဲ။ လကမ္ဘာဆီအရောက်သွားနိုင်ဖို့က နိုင်ငံရဲ့ ဂုဏ်သိက္ခာလိုဖြစ်နေပါတယ်။ အထူးသဖြင့် အာကာသအကြောင်း သင်ယူနေကြတဲ့ ကလေးတွေကြားထဲမှာ မျှော်လင့်ချက်အကြီးကြီးရှိပါတယ်။

အသက် ၁၂ နှစ်အရွယ် ဗီရှန်နီကာဆော့ဒ်ဟီကတော့ အာကာသယာဉ်မှူး ဖြစ်ချင်သူပါ။ သူဟာ နယူးဒေလီမြို့အနီးက ကျောင်းတစ်ခုမှာ ပညာသင်ကြားနေပါတယ်။ ချန်ဒရာယန်း ၂ လဆင်းယာဉ်နဲ့ ပတ်သက်ပြီး အကြောင်းအရာတိုင်းကို သူလေ့လာထားပါတယ်။

လဆင်းယာဉ်လွှတ်တင်တာကို ကြည့်ဖို့ အခွင့်အရေးမရပေမယ့် နောက်တစ်နေ့ကျရင် လွှတ်တင်ပုံကို ရိုက်ထားတဲ့ ဗီဒီယိုကို ပြန်ကြည့်မယ်လို့ အားခဲထားသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့စိတ်ကူးတွေဟာ ဖြစ်မလာခဲ့ပါဘူး။

**သတင်းဆိုးသယ်ဆောင်လာ**

တနင်္လာနေ့နံနက်ပိုင်းမှာ သူ့မိဘတွေဟာ သူ့အတွက် သတင်းဆိုးကို သယ်ဆောင်လာပါတယ်။ ကိုယ်တကယ်မျှော်လင့်ထားတဲ့ အရာဖြစ်မလာတဲ့အခါ ခံစားရတဲ့ခံစားမှုကို နားလည်သလားလို့ ဗီရှန်နီကာက ပြောပါတယ်။

ဒါပေမယ့် ဗီရှန်နီကာရဲ့ ယုံကြည်မှုဟာလည်း ပျက်မသွားသေးပါဘူး။ နည်းပညာပိုင်းဆိုင်ရာကြောင့်လို့ ဝမ်းသာတဲ့ လေသံနဲ့ပြောပါတယ်။ နှစ်လ သုံးလလောက်ကြာရင်လည်း လဆင်းယာဉ်လွှတ်တင်တာ ဖြစ်နိုင်တာပဲလို့ သူ့ရဲ့မျှော်လင့်ချက်ကို ပြောပြခဲ့ပါတယ်။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

# နိုင်ငံတကာသတင်းတိုများ

## တောင်ကိုရီးယားသမ္မတ၏ ဝေဖန်မှုကို ဂျပန်ပယ်ချ

**တိုကျို ဇူလိုင် ၁၆**

တောင်ကိုရီးယားနိုင်ငံမှ နည်းပညာမြင့်ထုတ်ကုန်ပစ္စည်းအချို့တို့အပေါ် တင်ပို့ကုန်ဆိုင်ရာ စည်းမျဉ်းများ ပိုမိုတင်းကျပ်လိုက်ခြင်းသည် စစ်အတွင်းကာလ လုပ်သားများကိစ္စကို လက်တုံ့ပြန်ခြင်း မဟုတ်ကြောင်း ဂျပန်ကုန်သွယ်ရေးဝန်ကြီး ဟီရိုရှိဂီစီကိုက ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံမှ နည်းပညာမြင့် တင်ပို့ကုန်များကို ပိုမိုစည်းကမ်းတင်းကျပ်လိုက်သည့်လုပ်ရပ်မှာ စစ်အတွင်းကာလက လုပ်သားများကိစ္စကို တုံ့ပြန်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက ဝေဖန်ပြောဆိုခဲ့ပြီးနောက်တွင် ဂျပန်ကုန်သွယ်ရေးဝန်ကြီးက ထိုသို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ မကြာသေးမီက လုပ်ဆောင်ခဲ့သည့် စည်းကမ်းတင်းကျပ်မှုသည် တင်ပို့ကုန်ဆိုင်ရာလုံခြုံရေးဆိုင်ရာ ရည်ရွယ်ချက်အတွက် တင်ပို့ကုန်ထိန်းချုပ်မှုများ သင့်လျော်စွာဆောင်ရွက်နိုင်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း စတင်ဆောင်ရွက်ချိန်ကတည်းက ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ပြီးဖြစ်သည်ဟု မစ္စတာစီကိုက ပြောကြားခဲ့ပြီး သမ္မတ မွန်ဂျယ်အင်း၏ စွပ်စွဲချက်မမှန်ကန်ကြောင်း ငြင်းဆန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်တောင်ပိုင်းတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ကလေးငယ်များ သေဆုံး

**ကဘူးလ် ဇူလိုင် ၁၆**

အာဖဂန်တောင်ပိုင်းတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့ပြီး သေဆုံးသူများထဲတွင် ကလေးငယ်ခုနစ်ဦးထက်မနည်း ပါဝင်ခဲ့ကြောင်း သိရသည်။

သေဆုံးသွားသူများမှာ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် တမန်တော်မိုဟာမက်၏ ဂူဗိမာန်တစ်ခုဆီသို့သွားရာလမ်းပေါ်တွင် ရှိနေခဲ့ကြကြောင်း သိရသည်။ ဇူလိုင် ၁၅ ရက်က ကန်ဒါဟာပြည်နယ်၌ ဖြစ်ပွားခဲ့သည့် လမ်းဘေးဗုံးပေါက်ကွဲမှုတွင် ၎င်းတို့၏ယာဉ်မီးစွဲလောင်ခဲ့သည်။

ပေါက်ကွဲမှုအတွင်း ၃၃ ဦးမှာ အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ထဲတွင် ကလေးငယ် ၂၂ ဦးပါဝင်ကြောင်း သိရသည်။ မည်သည့်အဖွဲ့က မြေမြှုပ်မိုင်းထောင်ထားခဲ့ခြင်းဖြစ်ကြောင်း မသိရှိရသေးပေ။

အာဖဂန်၌ မိုင်းများနှင့် အခြားပေါက်ကွဲပစ္စည်းများကြောင့် ပြီးခဲ့သည့်နှစ်က အရပ်သား ၁၄၀၀ ကျော် သေဆုံးဒဏ်ရာရမှုများရှိခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားခဲ့သည်။ မြေမြှုပ်မိုင်းကဲ့သို့ လက်နက်များကြောင့် ကလေးငယ်များ သေဆုံးဒဏ်ရာရမှုမှာ ၈၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ရွှေဘိုမြို့၌ ကျင်းပ

**ရွှေဘို ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် MPT အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံး ပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က ရန်ကြီးအောင်အားကစားကွင်း၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်တည်ဆောက်ပေးနေခြင်းဖြစ်သည်ဆိုသော စကားနှင့်အညီ တစ်နိုင်ငံလုံးက စိတ်ဝင်တစား တစ်ခဲနက်အားပေးလျက်ရှိသည့် ဘောလုံးအားကစားနည်းဖြင့် တစ်ချိန်မှာ နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်သော မျိုးဆက်သစ်ကစားသမားများဖြစ်လာအောင် ကြိုးစားသွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်နှင့် MPT တို့က အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို နေရှင်နယ်လိဂ်စည်းမျဉ်းများအတိုင်း ကျင်းပသွားပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်း၊ အသန့်ရှင်းဆုံးဆုငွေကျပ်နှစ်သိန်းနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားဆု ခြောက်ဆု ချီးမြှင့်သွားမည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ယခုလို ပြိုင်ပွဲ ၁၀ ပွဲ ကျင်းပသွားပြီး တစ်ပွဲစီတွင် ကစားသမားခြောက်ဦး ရွေးချယ်သွားမည်ဖြစ်ရာ ပြိုင်ပွဲအားလုံးပြီးစီးသွားပါက ထူးချွန်ကစားသမားဦးရေ ၆၀ ပေါ်ထွက်လာ၍ ၎င်းကစားသမား ၆၀မှ ၂၅ယောက်ရွေးချယ်ပြီး ဂျပန်နိုင်ငံနှင့် ချိတ်ဆက်၍ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးနှင့် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြောသည်။

ယခုပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြိုင်ပွဲဝင် ၁၂ သင်းကို အုပ်စုလေးအုပ်စုခွဲ၍ ၁၆ရက်မှ ၂၄ ရက်အထိ ၂၂ ရက်တစ်ရက်နားကာ မနက်တစ်ပွဲ ညနေတစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးမင်းဆွေက ပြောကြားသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**



သဘာဝဘေးသင့်ပြည်သူများနှင့် နေရပ်စွန့်ခွာသူများအတွက် လှူဒါန်းငွေကို ပြည်နယ်ဝန်ကြီး ဦးဝီကော လက်ခံယူစဉ်။

# ပလက်ဝဒေသ သဘာဝဘေးသင့်ပြည်သူများနှင့် နေရပ်စွန့်ခွာသူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**ဟားခါး ဇူလိုင် ၁၆**

ချင်းပြည်နယ် ပလက်ဝဒေသ သဘာဝဘေးသင့်ပြည်သူများနှင့် နေရပ်စွန့်ခွာသူများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင်ဒေါ်ငွန်ထလွဲကျင်မိသားစုက အလှူငွေကျပ် ၁၀၃ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလှူရှင် ဒေါ်ငွန်ထလွဲကျင်က ဘေးဒုက္ခကြုံတွေ့နေရသူများကို စာနာသောအားဖြင့် ကူညီခွင့်ရသည့်အတွက် ဝမ်းသာပီတိဖြစ်မိကြောင်း၊ ယခုလို လှူဒါန်းပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသည့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ နောင်တွင်လည်း ပြည်နယ်အတွင်း အခက်အခဲဖြစ်သည့်ဒေသများတွင် ထပ်မံလှူဒါန်းနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီးနောက် အလှူငွေကျပ် ၁၀၃ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်းဘူး(စကု) မြို့နယ် ရွာသာယာအခြေခံပညာအထက်တန်းကျောင်း ရွှေပွင့်ဖြူခန်းမဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မင်းဘူး ဇူလိုင် ၁၆**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ ခန်းမသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

မင်းဘူး(စကု)မြို့နယ် ရွာသာယာအခြေခံပညာအထက်တန်းကျောင်းတွင် ရွှေပွင့်ဖြူခန်းမဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးစန်းလင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးဆရာမကြီး ဒေါ်ခင်သန်းဦးတို့က ရွှေပွင့်ဖြူခန်းမ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူရှင် ရွှေပွင့်ဖြူမိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာများအား လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ရွှေပွင့်ဖြူခန်းမအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းသော အလှူရှင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး အလှူရှင်မိသားစုက ရွှေပွင့်ဖြူခန်းမဆောင်နှင့် စာရင်းဇယားများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းဝေက လက်ခံယူသည်။

အဆိုပါ ခန်းမဆောင်သည် ၈၄ × ၄၂ ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ရွှေပွင့်ဖြူခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး မိသားစုက ငွေကျပ် သိန်းငါးရာ့နှစ်ဆယ်အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမြတ် (မင်းဘူး)**

# တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့၌ ဖွံ့ဖြိုးရေးနှင့် လိုအပ်ချက်များ ဆွေးနွေး

**မေတ္တာ ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ဦးဆောင်သော တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထားဝယ်ခရိုင် မေတ္တာမြို့သို့ ယမန်နေ့က အမှတ်(၁)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဆရာဝန်နေအိမ်(၂) ခန်းတွဲ တစ်ထပ်ဆောင်တစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲတစ်ထပ်ဆောင်တစ်ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မေတ္တာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် မေတ္တာမြို့ပြည်သူ့ဆေးရုံဝင်းရှိ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရ ရန်ပုံငွေအပါအဝင် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ရန်ပုံငွေများဖြင့် ခွင့်ပြုပေးခဲ့သော စီမံကိန်းလုပ်ငန်းများ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ မေတ္တာမြို့ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသ၏ လိုအပ်ချက်၊ ဒေသ၏အခက်အခဲများကို တင်ပြနိုင်အောင် တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံများနှင့် ရပ်မိရပ်ဖများက လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ မြေယာဥယျာဉ်ခြံတို့အတွက် ပိုင်ဆိုင်မှုမြေဂရန်များရရှိရေး၊အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားမှတ်ပုံတင်ရရှိရေးစသည့် လိုအပ်သည်များ တင်ပြဆွေးနွေးရာ တာဝန်ရှိသူများ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရန်နောင်စိုး (ပြန်/ဆက်)**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး

**ဘားအံ ဇူလိုင် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေရှင်းလင်းခြင်းနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအသိပညာပေးခြင်းအခမ်းအနားကို ယမန်နေ့က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြုလုပ်သည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ပြည်နယ်အတွင်းရှိကြသည့် မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများတွင် တက်ရောက်နေစဉ်အတွင်းသော်လည်းကောင်း၊ ကျောင်းတက် ကျောင်းဆင်းချိန်များတွင်လည်းကောင်း၊ ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက် စနစ်တကျအသေးစိတ်စောင့်ကြပ်ကြည့်ရှုရန်လိုကြောင်း၊ ၎င်းတို့အတွက် ကာကွယ်ဆေးစနစ်တကျတိုက်ကျွေးရေးအတွက် လိုအပ်ကြောင်းနှင့် မိဘများကိုလည်း တိုက်တွန်းလိုကြောင်း၊ ကလေးသူငယ်များအတွက် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်မှု ခံယူပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်များကို အပြည့်အဝရရှိစေရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (ဗဟိုအဆင့်)၊ တိုင်းဒေသကြီး၊ ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းပြီး ကလေးသူငယ်ကိစ္စရပ်များကို ကူညီဖြေရှင်းလျက်ရှိနေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဇော်မင်းက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ UNICEF နှင့် MSI တို့မှ တာဝန်ရှိသူများက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအသိပညာပေးခြင်းများကိုလည်း ရှင်းလင်းခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများမှ တာဝန်ခံကျောင်းအုပ်များ၊ ကျောင်းကြီးကြပ်ရေးကော်မတီဝင်များ၊ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရာသီတုပ်ကွေးအများဆုံးဖြစ်ပွားရာ မြို့နယ်သုံးခုကို အထူးစောင့်ကြည့် ကုသလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ၌ ယခုနှစ်မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး အတွင်း H1N1 ဖြစ်ပွားသော မြို့နယ် ၄၀ တွင် မြို့နယ်သုံးမြို့နယ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

"ရာသီတုပ်ကွေးက အသက်ရှူလမ်းကြောင်းကနေ ကူးစက်တာပါ။ ရောဂါပိုးရှိသူထံကထွက်တဲ့ အမှုန်အမွှားတွေကိုရှူမိသည်ဖြစ်စေ၊ ထိတွေ့မိသည်ဖြစ်စေ မျက်လုံး၊ နှာခေါင်း၊ပါးစပ်မှ ကူးစက်မှုမြန်တဲ့ ရောဂါဖြစ်တာကြောင့် တိကျတဲ့ ထိန်းချုပ်မှုရပြီလားဆိုရင် မလွယ်ကူသေးပါဘူး။ ဒါပေမယ့် ဆောင်ရွက်ရမယ့်အပိုင်းနဲ့ ကုသရမယ့်အပိုင်းကို အထူးကြပ်မတ်ဆောင်ရွက်နေပါတယ်။ ရာသီတုပ်ကွေးဟာ ရန်ကုန်တိုင်းဒေသကြီးမှာအများဆုံးဖြစ်ပွားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ရဲလင်းနိုင် က ပြောသည်။

ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုများသော ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၄၅ မြို့နယ်၌ မြို့နယ်ပေါင်း ၄၀ တွင်ဖြစ်ပွားလျက်ရှိပြီး လှိုင်သာယာမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် ဒဂုံတောင်မြို့နယ်တို့တွင် အများဆုံးဖြစ်ပွားခဲ့သည်။ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီအထိ ရာသီတုပ်ကွေးရောဂါ သံသယလူနာ ၃၄၇ ဦးနှင့် ရောဂါရှိသူ ၁၄၇ ဦးဖြစ်၍ သေဆုံးသူ ၄၃ ဦး ရန်ကုန်တိုင်းဒေသကြီးတွင်ရှိခဲ့ကြောင်း၊ သေဆုံးသူများမှာ ရာသီတုပ်ကွေးရောဂါကြောင့် သေဆုံးမှုရှိသကဲ့သို့ ကုသမှုခံယူနေချိန် ကိုယ်ခံစွမ်းအားနည်းစေသော နာတာရှည်အဆုတ်ရောဂါ၊ နှလုံးရောဂါတို့ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ယမန်နှစ် မိုးရာသီက ရာသီတုပ်ကွေးရောဂါ စောင့်ကြည့်ရေးဌာနအဖြစ် ဆေးရုံ ရှစ်ရုံကိုဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ရန်ကုန်ဆေးရုံကြီးနှင့် သဃ်န်းကျွန်းဆေးရုံတို့တွင် ခွဲခွဲစမ်းသပ်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုများခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပြန်လည်ကျဆင်းသွားကာ ၂၀၁၉ ခုနှစ် မိုးရာသီတွင် ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေး ဓာတ်ခွဲခန်းတို့ ချိတ်ဆက်ဆောင်ရွက်ကာ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုကို စောင့်ကြည့်လျက်ရှိကြောင်း၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုကို ဖြစ်ပွားရာ နေအိမ်နှင့် ဆေးရုံတို့တွင် အထူးကြပ်မတ်ကုသပေးလျက်ရှိ၍ ကြိုတင်ကာကွယ်ရေး နည်းလမ်းအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပညာပေး ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် မိုးရာသီတွင် ရောဂါကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရာသီတုပ်ကွေးဖြစ်ပွားမှုမရှိသော မြို့နယ်ငါးမြို့နယ်မှာ ဇူလိုင် ၁၅ ရက်အထိ ကိုကိုးကျွန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ တွံတေးနှင့် ကျောက်တန်းမြို့နယ်တို့ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကူးစက်ရောဂါ ၁၇ မျိုးကို စောင့်ကြည့်ကုသပေးလျက်ရှိပြီး ကူးစက်မြန်ပြင်းထန်ရောဂါနှင့် ပြန်လည်ဦးမော့လာသောရောဂါဟူ၍ရှိသည်။ H1N1 သည် ကူးစက်မြန်ပြင်းထန်ရောဂါတွင် ပါဝင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ အစဉ်စောင့်ကြပ်စစ်ဆေး၍ သက်ဆိုင်ရာဆေးရုံများက ကြပ်မတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**



ရာသီတုပ်ကွေးရောဂါကိုကြိုတင်ကာကွယ်နိုင်ရန်အများပြည်သူကိုလက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်။

# ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေး ငပုတောမြို့၌ စီမံချက်ရေးဆွဲအကောင်အထည်ဖော်နေ

**ငပုတော ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း၌ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း ဦးစီးကော်မတီ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးကော်မတီ၊ ရောဂါကုသတုံ့ပြန်ဆောင်ရွက်ရေးကော်မတီ၊ ရောဂါသတင်းနှင့် ပြန်ကြားရေး ပြန်ကြားကော်မတီ စသည့် ကော်မတီ လေးခုတို့ကို ဖွဲ့စည်းထားကြောင်း၊ ရာသီတုပ်ကွေး ရောဂါကာကွယ်မှု၊ ဖြစ်ပွားမှုနှင့်ပတ်သက်သည့် လိုအပ်ချက်များကို ထောက်ပံ့စီမံပေးအပ်ခြင်း၊ ရောဂါကို ဆောလျင်စွာသိရှိနိုင်ရေးအတွက် သံသယလူနာများ၊ ဖျားနာသူများကို စုံစမ်းဖော်ထုတ်၍ အထက်အဆင့်ဆင့်သို့ သတင်းပေးပို့ခြင်း၊ သံသယရှိ လူနာများအား ပြင်ပလူနာဌာန၊ ဆေးရုံဆေးခန်းသို့ အချိန်မီပြသနိုင်ရေး လမ်းညွှန်မှုပေးခြင်းနှင့် အတူနေမိသားစုအား တစ်ပတ်စောင့်ကြပ်ကြည့်ရှုခြင်း၊ ပြည်သူလူထုအား အသိပညာပေးခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံဆောင်ရွက်ထားကြောင်း၊ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**လှမင်းထွဋ်(မြန်/ဆက်)**

# မော်လမြိုင်ကျွန်းတွင် ကမ်းထိန်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ပေ ၁၅၀၀ အထိ ဆောင်ရွက်ပေးမည်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၆**

မော်လမြိုင်ကျွန်းမြို့အနောက်ပိုင်းရှိ ရေစီးကြမ်းသော တုံးလုံချောင်းမြစ်ရေတိုက်စားမှုကြောင့် ယမုန်နာလမ်း မြို့လမ်းမြေ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့လမ်းမြေဆုံးရှုံးမှု မရှိစေရေးအတွက် ဗိုလ်ချုပ်ဈေး ယမုန်နာကမ်းနားတစ်လျှောက် ကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး မူလခွင့်ပြုရန်ပုံငွေဖြင့် ဧပြီ ၃၀ ရက်မှ စတင်ကာ ကမ်းထိန်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းကမ်းထိန်းလုပ်ငန်းကို ဘဏ္ဍာရေးနှစ်အလိုက် ပေ ၁၅၀၀ အထိကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကနဦးကမ်းထိန်းလုပ်ငန်းပေ ၁၂၀ ကို ကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ကျေးရွာပေါင်းစုံရေယာဉ်များ ဆိုက်ကပ်မှု အဆင်ပြေစေရေး ရေဆင်းတံတားအရှည်ပေ ၂၀၊ တံတားအကျယ် ၁၅ ပေ တည်ဆောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၄ ရက်က လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခဲ့သောကြောင့် ရေစီးကြမ်းသော တုံးလုံချောင်းမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ပေးနိုင်သည့်အပြင် လမ်းမြေဆုံးရှုံးခြင်းမှလည်း ကာကွယ်ပေးနိုင်ခဲ့သည်။ ကမ်းထိန်းလုပ်ငန်းစတင်ဆောင်ရွက်ခဲ့သဖြင့် ယခင်က တုံးလုံချောင်းမြစ်ရေတိုက်စားခြင်းခံရသော ယမုန်နာနှင့် ဇီဇဝါလမ်းမှ ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# မိုးမြေပဲ ဆင်းပဒေသာ (၁၁) မျိုးသန့် မျိုးစေ့ထုတ် စံပြကွက် မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြ

**မုံရွာ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မိုးမြေပဲဆင်းပဒေသာ (၁၁) မျိုးသန့် မျိုးစေ့ထုတ် စံပြကွက် အပင်ဖြစ်ထွန်းချိန် မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုဆိုးကုန်းကျေးရွာတွင် ဇူလိုင်လ ဒုတိယပတ်က ကျင်းပသည်။

ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးကြည်၊ ခရိုင်မျိုးစေ့တာဝန်ခံ၊ ခရိုင်မြေအသုံးချရေး တာဝန်ခံ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ Intership ကျောင်းသား ကျောင်းသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာများမှ တောင်သူ ၆၀ တက်ရောက်ကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရခြင်းမှာ စိုက်ပျိုးသူ တောင်သူများ ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များရရှိစေရန်၊ တောင်သူများ ကိုယ်တိုင် မျိုးသန့်မျိုးစေ့ထုတ်ကွက်များ လက်တွေ့ဆောင်ရွက်ပြီး အရည်အသွေးကောင်းသော မျိုးကောင်း မျိုးသန့်များ ရရှိနိုင်ရန်နှင့် မိမိတို့ကိုယ်တိုင်မျိုးကွဲပယ်ခြင်း လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ | ကျပ် | ၉၃၅/၉၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ | ကျပ် | ၉၅၀/၉၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၀၅ | ကျပ် | ၈၄၅/၈၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ | ကျပ် | ၉၅၀/၉၆၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၅ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၉၅ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၉・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၅ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ ・ ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ ・ ၁၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ ・ ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၇ ・ ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ ・ ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နေတိုးနှင့် Sonicstar ခရီးသွားကုမ္ပဏီ လက်တွဲ၍ ပရိသတ်စိတ်ဝင်စားမည့် ခရီးသွားအစီအစဉ်များ တင်ဆက်နိုင်ရန် စီစဉ်နေ



အနုပညာအလုပ်များ မအားလပ်သည့်ကြားမှ ပရိသတ်များနှင့်အနီးကပ် တွေ့ဆုံနိုင်ရန် ကြိုးစားနေသူ ထပ်ဆင့်အကယ်ဒမီ နေတိုး အနေဖြင့် Sonicstar ခရီးသွားကုမ္ပဏီနှင့်အတူ ပူးပေါင်းပြီး TVC ကြော်ငြာတစ်ခုကို လက်ခံရိုက်ကူးခဲ့သလို ဆက်လက်၍လည်း ပရိသတ်များ စိတ်ဝင်စားမည့် ခရီးသွားခြင်းဆိုင်ရာ အနုပညာအကြောင်းအရာများကို တင်ဆက်ပြသနိုင်ရန် အစီအစဉ်များရှိကြောင်း သိရသည်။ ထိုအစီအစဉ်များနှင့်ပတ်သက်၍ နေတိုးနှင့် တွေ့ဆုံခိုက် ယခုလို မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။အနုပညာပိုင်းနဲ့အတူ ပရိသတ်တွေ စိတ်ဝင်စားဖို့ ကိုနေတိုး ပြင်ဆင်နေတာလေးတွေ ရှိတယ်ဆို။**

ဖြေ။ ။ဟုတ်ပါတယ်၊ အခုနောက်ပိုင်း TVC ကြော်ငြာဆိုတာမျိုးထက် ပရိသတ်တွေပါ ပါဝင်လို့ရမယ့် ဟာမျိုးလေး၊ ပရိသတ်ပါ ဆော့လို့ရမယ့် TikTok လိုအရာမျိုး၊ လူတိုင်း အလွယ်တကူ လိုက်လုပ်လို့ရမယ့် အနုပညာလှုပ်ရှားမှုမျိုးတွေ လုပ်ဖို့ စဉ်းစားပါတယ်။ အခုရိုက်တဲ့ Sonicstar ခရီးသွားလုပ်ငန်းအတွက်ဆိုရင် နည်းနည်း မြူးမြူးကြွကြွပုံစံဘက်ကို သွားတယ်၊ သီချင်းကလည်း တိုင်မင်စိပ်စိပ်လေးနဲ့ တကယ့်ကို တက်တက်ကြွကြွ ပုံစံမျိုးလေး၊ ခရီးသွားချင်တဲ့စိတ်ကို လှုံ့ဆော်ပေးတဲ့ music ပုံစံမျိုးလေးနဲ့ စဉ်းစားပြီး ရိုက်ကူးနေပါတယ်။

**မေး။ ။အရင်က ကိုနေတိုးတို့ နှင်းဆီအဖွဲ့သားတွေ ခရီးသွားပရိုဂရမ်ပုံစံလေး လုပ်သေးတယ်နော်။**

ဖြေ။ ။ကျွန်တော်တို့က နှင်းဆီခရီးသွား program ကို မြန်မာပြည်မှာ ခရီးသွားပရိုဂရမ်တွေ စစချင်းမှာပဲ ရိုက်ပေးခဲ့ဖူးပါတယ်။ ပြည်ပခရီးစဉ်တွေမှာ ကင်မရာမင်းခေါ်ဖို့ အဆင်မပြေလို့ ကျွန်တော်တို့တွေ အချင်းချင်းပဲ ကင်မရာကိုင်ပြီး ဒေါက်ထောင်ပြီး စကားပြောရတာတွေလည်း ရှိခဲ့တာပေါ့။ ပြီးတော့ ကျွန်တော်တို့က နှင်းဆီအငြိမ့်အနေနဲ့ ခရီးသွားရတာဆိုတော့ ခရီးစထွက်ပြီဆိုကတည်းက လူရွှင်တော်ခံစားမှုနဲ့ သွားရတာဆိုတော့ ဒီ mood တွေက တစ်ယောက်နဲ့တစ်ယောက်ရဲ့မျက်နှာမှာလည်း ပေါ်နေတယ်။ ရယ်စရာအကြောင်းတွေလည်း ပြောဖြစ်တယ်၊ မိသားစုပုံစံမျိုးနဲ့ သွားတဲ့အခါကျတော့ ပျော်စရာကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် စကြ နောက်ကြနဲ့ အဲဒီလို ဗီဒီယိုတွေက အများကြီးရှိတယ်။ ဟိုတလောက ဦးမျိုးမွေးနေ့မှာတောင် ဗီဒီယိုတစ်ခု တက်သွားလိုက်သေးတယ်။ နောက်ပိုင်းမှာလည်း ကျွန်တော်တို့ရဲ့နေ့ရက်တွေကို ပျော်စရာကောင်းအောင် ဖြတ်သန်းတာတွေထဲက တချို့ဟာတွေ၊ ပရိသတ်ကို ပြချင်တာတွေကို ကျွန်တော့်ရဲ့ Facebook page ကနေ ပြသွားဖို့ စဉ်းစားထားတာတွေ ရှိပါတယ်။ ပရိသတ်ကို ပြချင်တဲ့ အနုပညာလှုပ်ရှားမှုမျိုးတွေပေါ့။ ပြီးတော့ လတ်တလော ပရိသတ်ကို သိစေချင်တဲ့အရာမျိုးပေါ့။ My Day ကတော့ အချိန်တိုအတွင်း လှုပ်ရှားမှုလေးတွေပဲ မြင်ရတယ်၊ သူက အချိန် ခဏပဲဆိုတော့လေ၊ My Day ကတော့ စိတ်ခံစားမှုအရ တင်တာများပါတယ်။

**မေး။ ။ခရီးသွားတဲ့အပေါ် ကိုနေတိုးရဲ့ စိတ်ခံစားမှုပိုင်းက ဘယ်လိုရှိသလဲ။**

ဖြေ။ ။ခုနောက်ပိုင်းတော့ အချိန်ပေးနိုင်ရင် သွားချင်ပါတယ်။ အဓိက ကတော့ ပင်လယ်ခရီးစဉ်ပေါ့နော်။ ရခိုင်ဒေသနဲ့ပတ်သက်တဲ့ ပင်လယ်ခရီးစဉ်တွေ ကြိုက်တယ်။ ပြီးတော့ ရှေးဟောင်းနဲ့ပတ်သက်တဲ့ဒေသတွေ၊ ပြတိုက်တွေကို နှစ်သက်တယ်၊ ခံစားမှုကတော့ မတူဘူးပေါ့နော်။ တောင်ပေါ်ဒေသတွေကို Advanture သွားတာတွေ၊ ရှေးဟောင်းဒေသတွေကို တစ်နှစ်တစ်ခါလောက် သွားချင်တဲ့ ဆန္ဒတွေတော့ ဖြစ်မိပါတယ်။

**ကိုလင်း**

# စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အာရှ ပစိဖိတ် ဖက်ရှင်ပြိုင်ပွဲ၌ ဂူးဂူး Winner ဆုရရှိ

စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော အာရှပစိဖိတ် ဖက်ရှင်ပြိုင်ပွဲ(Asia Pacific Beauty Fashion & Friendship Festival 2019)သို့ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် မော်ဒယ် ဂူးဂူးကို ဂျွန်လွင်၏ Stars & Models Agency က ရွေးချယ်စေလွှတ်ခဲ့ရာ ထိုပြိုင်ပွဲတွင် မြန်မာမော်ဒယ် ဂူးဂူးက Winner ဆု အပါအဝင် အခြားဆုများ ရရှိခဲ့သည်။ ဆုရခဲ့သော မော်ဒယ် ဂူးဂူးနှင့် တွေ့ဆုံ၍ ပြိုင်ပွဲ အတွေ့အကြုံများကို မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ပထမဆုံး ပြိုင်ပွဲအကြောင်းကို ပြောပြပါဦး။**

ဖြေ။ ။ဒီပွဲကြီးက စင်ကာပူနိုင်ငံမှာ ပြုလုပ်ခဲ့တာ နှစ်ကြိမ်မြောက် ရှိပါပြီ၊ စင်ကာပူနိုင်ငံအပါအဝင် နိုင်ငံ ကိုးနိုင်ငံက လာရောက်ယှဉ်ပြိုင်ကြပြီး ကျွန်တော်က Asia Pacific Prince Winner ဆုကို ရရှိခဲ့ပါတယ်၊ ဒီပွဲကြီးရဲ့ ထူးခြားချက်ကတော့ ယှဉ်ပြိုင်သူ နိုင်ငံ ကိုးနိုင်ငံက Kids Mister & Miss, Teen Mister & Miss စသည်ဖြင့် စုစုပေါင်း ၁၀၀ လောက် လာရောက်ယှဉ်ပြိုင်ကြတာဖြစ်ပါတယ်၊

**မေး။ ။ ရရှိခဲ့တဲ့ ဆုတွေကို ပြောပြပါဦး။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲမတိုင်ခင် တစ်လအလိုကစပြီး Stars & Models agency သင်တန်းမှာ training တွေဆင်းခဲ့ပြီး အကောင်းဆုံး လေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်၊ ဇွန်လ ၂၄ ရက်မှာ စင်ကာပူနိုင်ငံကို သွားရောက်ပြီး ဇူလိုင် ၁ ရက်အထိ ကမ့်ဝင်ရပါတယ်၊ ၂၅ ရက်မှာ ရေကူးဝတ်စုံနဲ့ ပြိုင်ပွဲစပြီး Swim Wear Competition ဆုကို ရရှိခဲ့ပါတယ်၊ ၂၉ ရက်နေ့ Talent show မှာ ကျွန်တော်က သီချင်း အကောင်းဆုံး ဆိုနိုင်ခဲ့ပါတယ်၊ ၃၀ ရက်နေ့မှာတော့ Final show ဖြစ်ပါတယ်၊ National costume, Swim wear , Suit တွေနဲ့ ယှဉ်ပြိုင်ရာမှာ Asia Pacific Prince Winner Award ကို ရရှိခဲ့ပြီး Best Formal Wear Winner & Best Catwalk 1st Runner-up ကိုလည်း ရရှိခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်တဲ့အခါ ကိုယ့်ရဲ့အတွေ့အကြုံနဲ့ သူတို့ဆီက ရခဲ့တဲ့ ဗဟုသုတလေးတွေကို ပြောပြပါဦး။**

ဖြေ။ ။ဒီပြိုင်ပွဲမှာ နိုင်ငံပေါင်းစုံက လာရောက်ယှဉ်ပြိုင်တာဖြစ်တာကြောင့် စိတ်လှုပ်ရှားတာ အမှန်ပါ၊ အချိန်က ခဏလေးဆိုပေမယ့် တခြားနိုင်ငံကလူတွေရဲ့ အချိန်တိကျမှုကတော့ အလွန်ပဲ လေးစားဖို့ ကောင်းပါတယ်၊ စကားအပြောအဆို၊ အစားအသောက်၊ အနေအထိုင်၊ ပေါင်းသင်းဆက်ဆံမှု စတဲ့ အတွေ့အကြုံတွေ အများကြီး ရခဲ့ပါတယ်၊ မြန်မာကိုယ်စားပြုတစ်ယောက်အနေနဲ့ အကောင်းဆုံး ကြိုးစားခဲ့ပြီး Asia Pacific Prince Winner ဆုအပါအဝင် အခြားဆုတွေ ရရှိခဲ့တာကြောင့် အလွန် ဝမ်းသာကျေနပ်မိပါတယ်၊ နောက်ထပ်သွားပြိုင်ကြမယ့်သူများကို အကြံပြုချင်တာကတော့ အဓိကက အင်္ဂလိပ်စကား အပြောအဆို ရထားဖို့ လိုပါတယ်ဗျ၊ ပြီးတော့ သူများနိုင်ငံဆိုတော့ ကိုယ့်ပစ္စည်းကို သေချာစွာသိမ်းပါ၊ အချိန်တိကျစွာ လုပ်ဆောင်ပါ။ အောင်မြင်သော ဆုလာဒ်များ ရယူနိုင်ပါစေလို့လည်း ဆုတောင်းပေးပါတယ်ခင်ဗျာ။

**ကိုလင်း**



# စိုးစန္ဒာထွန်း၏ ဂီတသက်တမ်း နှစ် ၂၀ ကျော်ဖြတ်သန်းမှု အမှတ်တရ စီးရီးသစ်ထွက်မည်



၁၉၉၅ ခုနှစ်က နိုင်ငံတော်အဆင့် ကျင်းပခဲ့သည့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲမှတစ်ဆင့် ကတ်ဆက်ခွေခေတ်၊ ဗွီစီဒီခေတ်တစ်လျှောက် အောင်မြင်ခဲ့သည့် မြန်မာသံ အဆိုပညာရှင် စိုးစန္ဒာထွန်းအနေဖြင့် မြန်မာသံ တေးဂီတလောကသို့ 'မင်းသမီးလေးလို လွမ်းပြမယ်' တေးစီးရီးဖြင့် ရောက်ရှိလာခဲ့ကာ ယခုအခါ ဂီတသက်တမ်း နှစ်ပေါင်း ၂၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ အဆိုပါ ဂီတသက်တမ်း အမှတ်တရအဖြစ် 'နှလုံးသားရဲ့ကေရီ'ဟု အမည်ရသည့် စီးရီးသစ်ကို ဇူလိုင် ၂၂ ရက်မှ စတင်ပြီး Myanmar Music Network မှ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မအနေနဲ့ တစ်ကိုယ်တော်ခွေအနေနဲ့ရော ပရိသတ်နဲ့ တွေ့ဆုံမှုလေးပါ မတွေ့ရ မလုပ်ရတာ ကြာပါပြီ၊ ကျွန်မကိုလွမ်းနေကြတဲ့သူတွေအတွက် အဓိကထားပြီး ကျွန်မအခုအခွေလေးကို လုပ်ဖြစ်တာပါ၊ စီးရီးအမည် နှလုံးသားရဲ့ကေရီ သီချင်းကတော့ သာသနာမိခင်ကြီးဖြစ်တဲ့ အစ်မတော် စောမွန်လှကို လေးစားလို့ တေးရေး နှလုံးသားက ဖန်တီးရေးသားခဲ့ပါတယ်"ဟု ပြောသည်။

နှလုံးသားရဲ့ကေရီ တေးစီးရီးကို Audio CD နှင့် DVD MTV အဖြစ် ထုတ်လုပ်ထားပြီး တေးသီချင်းများကို တေးရေး နှလုံးသားက တစ်ကိုယ်တော် ရေးသားထားကြောင်း၊ စုံတွဲအဖြစ် အဆိုတော် ဗညားဟန်နှင့်အတူ သီဆိုထားပြီး ဂီတမှူးအဖြစ် မိရာမိုရ်၊ အောင်မြတ်ထွန်း၊ သျှန်ထွန်း(မြန်မာစာ)နှင့် စန္ဒရားဇော်မင်းဦးတို့က တီးခတ်ပေးထားကြကာ MTV အဖြစ် ဒါရိုက်တာ ညွှန့်လှိုင်လှိုင်၊ ညီညီ(လဝန်းသစ်)တို့က ရိုက်ကူးထားကြောင်း၊ MTV တွင် သရုပ်ဆောင်များအဖြစ် အကယ်ဒမီရန်အောင်၊ နေမျိုးအောင်၊ ဗညားဟန်၊ အကယ်ဒမီဇော်ဦး၊ စိုးစန္ဒာထွန်း၊ အကယ်ဒမီ ဝတ်မှုံရွှေရည်၊ အကယ်ဒမီ ချစ်စနိုးဦးနှင့် အခြား သရုပ်ဆောင်များ၊ ယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသူများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

**ကိုလင်း**

# သုံးနှစ်ကျော်ကြာမှ ရုံတင်ခွင့်ရလာသည့် 'လက်ထပ်ပါရစေ' ရုပ်ရှင်နှင့်ပတ်သက်၍ စကားဝိုင်းကျင်းပ

သရုပ်ဆောင် မြင့်မြတ်ကို စင်တင်ခဲ့သည့် မဟော်ဂနီ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ကာ ထုတ်လုပ်သူ ကိုဂျမန်းကိုယ်တိုင် ပထမဆုံး ရိုက်ကူး၍ သူ၏ ညီမဖြစ်သူ အားဝေနှင့် မင်းသားများအဖြစ် ခါရာ၊ ထွန်းကိုကိုနှင့် အခြားအနုပညာရှင်များ ပါဝင်ထားသော လက်ထပ်ပါရစေဟု အမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားကို ယခုလအတွင်း စတင်ရုံတင်ပြသသွားမည်ဟု သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို စတင်ရိုက်ကူးပြီး သုံးနှစ်ကျော်ကြာမှ ရုံတင်ခွင့် ရရှိခဲ့ခြင်းဖြစ်ကာ ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲတစ်ခုကိုလည်း ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့ရာ ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရဏ်ဦး)နှင့် သရုပ်ဆောင်များဖြစ်ကြသည့် ခါရာနှင့် အားဝေတို့က ဇာတ်လမ်းနှင့်ပတ်သက်၍ ယခုလို အမှတ်တရ ပြောကြားခဲ့ကြသည်။

ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရဏ်ဦး)က "ဒီဇာတ်ကားက လွန်ခဲ့တဲ့ သုံး၊ လေးနှစ်လောက်က ရိုက်ခဲ့တဲ့ ကားလေးဆိုတော့ အနည်းငယ် အားနည်းချက်လေးတွေတော့ ရှိနိုင်ပါတယ်၊ ဒီကားလေး ရိုက်ဖြစ်သွားတာကလည်း ကိုမိုးနီကြောင့်ပါ၊ သူရေးထားတဲ့ ဝတ္ထုလေးပါ၊ သူနဲ့ ကျွန်မက ဒီကားမရိုက်ခင် ရှေ့မှာ မဟော်ဂနီထုတ်လုပ်ရေးနဲ့ ဗီဒီယိုကားတွေ ရိုက်ထားတာလေ၊ ညီမနဲ့ ကိုဂျမန်းကိုလည်း ကိုမိုးနီက မိတ်ဆက်ပေးခဲ့တာပါ၊ ညီမကို ယုံကြည်ပြီး အပ်ကြတယ်ဆိုပေမယ့် ဒီဇာတ်ကားကြီးက ညီမအတွက် ပထမဆုံး ရုပ်ရှင်ကားတစ်ကားဖြစ်တော့ ကြောက်လည်းကြောက်တယ်၊ ရင်လည်းခုန်တယ်၊ ဗီဒီယိုတွေပဲ ကိုယ်က ရိုက်ခဲ့တာဆိုတော့ အမှားတစ်ခုခုဖြစ်မှာ ကြောက်တာပါ၊ အခုအထိ ပွင့်ကို လုပ်ပိုင်ခွင့်တွေ အပြည့်ပေးတဲ့ ထုတ်လုပ်ရေးကို ကျေးဇူးအထူး တင်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် အားဝေကလည်း "အထူးသဖြင့် အစ်ကိုပေါ့နော်၊ သူက ရှုံးနိုင်မှန်းသိသိနဲ့ ညီမကို ဖြစ်စေချင်တဲ့စိတ်လေးနဲ့ အခုလို ယုံကြည်ပြီး ရိုက်ကူးပေးခဲ့တယ်၊ အားဝေက ဒီကားမှာ မမကြီးပေါ့၊ မကြီးကို မောင်လေးနှစ်ယောက်က အပြိုင်ပိုးကြတဲ့ ပုံစံလေးပါ၊ ဇာတ်ကတော့ အချစ်ဇာတ်ကားလေးတစ်ကားပါ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြစ်ပြီး ဒီကားရိုက်ခဲ့တာလဲဆိုတာတောင် စဉ်းစားလို့မရဖြစ်နေရတယ်"ဟု ပြောသည်။

သရုပ်ဆောင် ခါရာကလည်း "ကျွန်တော်တို့ ကြိုးစားမှုလေးကို အသိအမှတ်ပြုပေးစေချင်ပါတယ်၊ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်က ဆိုတော့ သရုပ်ဆောင်ပိုင်းမှာ အားနည်းမှုလေးတွေ ရှိမှာပေါ့နော်၊ ကျွန်တော်ကလည်း အဲဒီတုန်းက အသစ်တစ်ယောက်ဖြစ်နေတယ်၊ ပြီးတော့ ကျွန်တော်တို့ အခန်းတွေက တကယ်ကို ဆောင်းတွင်းကြီးမှာ ပြင်ဦးလွင်အထိ သွားရိုက်ရတယ်၊ အအေးက ၆ ဒီဂရီလောက်မို့ မြက်ခင်းပြင်မှာ လှိမ့်ရတဲ့အခန်းတွေဆို ချမ်းစိမ့်နေတာ အမှတ်တရပါပဲ"ဟု ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ရီဟားနားရဲ့ အယ်ဘမ်အသစ်အတွက် ခရစ္စဘရောင်း စိတ်လှုပ်ရှားနေ

အဆိုတော် ရီဟားနားနဲ့ ခရစ္စဘရောင်းတို့ လမ်းခွဲခဲ့ကြတာ ၁၀ စုနှစ်တစ်ခုစာ ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် ခရစ္စဘရောင်းကတော့ သူ့ရဲ့ချစ်သူဟောင်း အယ်ဘမ်အသစ်ထွက်မယ့်နေ့ကိုစိတ်လှုပ်ရှားစွာ မျှော်လင့်နေတုန်းပါပဲ။ ရီဟားနားကတော့ ရက်ဂေးဂီတအယ်ဘမ်တစ်ခု လုပ်နေတယ်လို့ပြောထားပေမယ့် အယ်ဘမ်ရဲ့နာမည်ကိုရော ထွက်ရှိမယ့်နေ့ကိုပါ အသိပေးထားတာ မရှိသေးပါဘူး။

ဒါပေမယ့်ခရစ္စဘရောင်းကတော့ သူ့ရဲ့ချစ်သူဟောင်း အသစ်ထွက်မယ့် အယ်ဘမ်မှာ ဘယ်လိုသီချင်းတွေပါသလဲဆိုတာကို အလွန်သိချင်နေတယ်လို့ ခရစ္စဘရောင်းနဲ့ရင်းနှီးသူတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ရီဟားနားဘယ်လိုသီချင်းကိုပဲဆိုဆို ခရစ္စဘရောင်းကတော့ အားပေးဆဲပါပဲ။

အခုလည်း ရီဟားနားရဲ့ သီချင်းအယ်ဘမ်သစ်အတွက် သူဟာ အလွန်စိတ်လှုပ်ရှားနေတယ်လို့ သိရပါတယ်။ လတ်တလောမှာတော့ ခရစ္စဘရောင်းတစ်ယောက်လည်း ဒရိတ်နဲ့အတူ သီချင်းဗီဒီယိုရိုက်ကူးရင်း အလုပ်ရှုပ်နေပါတယ်။ ရက်ပါအဆိုတော်တစ်ဦးဖြစ်တဲ့ ဒရိတ်ကလည်း ရီဟားနားရဲ့ချစ်သူဟောင်းတစ်ယောက်ပါပဲ။ တစ်ချိန်က ရန်သူတွေဖြစ်ခဲ့တဲ့ ဒရိတ်နဲ့ ခရစ္စဘရောင်းဟာ အခုတော့ ပြေပြေလည်လည်နဲ့အလုပ်တွဲလုပ်နေပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**



အဆိုတော် ခရစ်ဘရောင်းနှင့် ရီဟားနား

# မီဂန်မာကယ်နှင့် ဘီယွန်စေးတို့ တွေ့ဆုံ

ဗြိတိန်တော်ဝင်မင်းသားဟယ်ရီနဲ့ လက်ထပ်သွားတဲ့ ရုပ်ရှင်မင်းသမီး မီဂန်မာကယ်ဟာ The Lion King ရုပ်ရှင်ပြသပွဲကို တက်ရောက်ရင်း အဆိုတော်ဘီယွန်စေးနဲ့ တွေ့ဆုံခဲ့ပါတယ်။ မင်းသားဟယ်ရီနဲ့ မြို့စားကတော် မီဂန်မာကယ်တို့ဟာ လန်ဒန်မြို့မှာ ပြသတဲ့ The Lion King ရုပ်ရှင် ပြသပွဲကို တက်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။

မီဂန်က ဘီယွန်စေးကို ပွေ့ဖက်နှုတ်ဆက်ခဲ့ပြီး ဘီယွန်စေးတို့စုံတွဲကလည်း တော်ဝင်ဇနီးမောင်နှံ သားဦးလေးမွေးဖွားတဲ့အတွက် ဂုဏ်ပြုစကားဆိုခဲ့ကြပါတယ်။ ဘီယွန်စေးရဲ့ခင်ပွန်းဖြစ်သူ ဂျေဇီးကတော့ ဟယ်ရီနဲ့မီဂန်မာကယ်တို့အတွက် အကြံပြုစကားဆိုခဲ့ပါတယ်။ အဲဒါကတော့ ကိုယ့်အတွက်ကိုယ်သီးသန့်အချိန် ဖယ်ထားပါလို့ ပြောခဲ့တာပါ။ ဒီလိုမျိုးဗြိတိန်တော်ဝင်ဇနီးမောင်နှံရဲ့ ပွေ့ဖက်နှုတ်ဆက်တာကိုခံရဖို့ဆိုတာ လူတိုင်းအတွက် မဖြစ်နိုင်ပါဘူး။

သာမန်လူတွေအဖို့ တော်ဝင်မိသားစုကလူတွေ စပြီးနှုတ်ဆက်တာကလွဲရင် ထိတွေ့ဖို့ဆိုတာ မဖြစ်နိုင်တဲ့အရာပါ။ ဒီတော့ ဘီယွန်စေးနဲ့ဂျေဇီးတို့ဟာ သာမန်လူတွေမဟုတ်ဘူးဆိုတာ ပြသလိုက်သလိုပါပဲ။ The Lion King အန်နီမေးရှင်းရုပ်ရှင်မှာတော့ ဘီယွန်စေးက အသံဖြင့်ပါဝင်သရုပ်ဆောင်ထားပါတယ်။ **စီအင်န်အင်န်**



အဆိုတော် ဘီယွန်စေးနှင့် မြို့စားကတော် မီဂန်တို့ တွေ့ဆုံကြစဉ်။

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၂)

# သဘောရိုးဖြင့် ပြုလုပ်မှု



ဦးဟန်ညွန့် (ဥပဒေ)

**ကင်းလွတ်ရမြဲအချက်များ**

ရာဇသတ်ကြီးအခန်း(၄)မှ ကင်းလွတ်ရမြဲအချက်များ အကြောင်း ပြီးခဲ့သည့်အပတ်က ရေးခဲ့ပါပြီ။ ဤတစ်ပတ်တွင် သဘောရိုးဖြင့် ပြုလုပ်မှုအကြောင်း လေ့လာဖတ်ရှုသမျှ၊ တွေ့ကြုံဖူးသမျှ တင်ပြပါရစေ။

**ရာဇသတ်ကြီးပုဒ်မ ၈၉**

ကလေး၏ သို့မဟုတ် စိတ်ပေါ့သွပ်သူ၏အကျိုးငှာ အုပ်ထိန်းသူကဖြစ်စေ ထိုသူ၏ သဘောတူချက်နှင့်ဖြစ်စေ သဘောရိုးဖြင့် ပြုသည့်ပြုလုပ်မှုအကြောင်းဖြစ်ပါသည်။ ဥပဒေစကားလုံးများအတိုင်း (မူရင်းပြဋ္ဌာန်းချက်အတိုင်း)ဖော်ပြရခြင်းဖြစ်၍၊ စာရှုသူများအတွက် မပြေမပြစ် ဖြစ်ကောင်းဖြစ်နေပါမည်။ ဥပမာလက်တွေ့နမူနာအမှုများနှင့် ရှင်းလင်းတင်ပြရလျှင် ရှင်းလင်းသွားပါမည်။ နားလည်သွားပါမည်။

**ရောဂါပျောက်စေရန် သဘောရိုး**

**ဥပမာ၊** မောင်ဖြူသည် ကျောက်ကို ထုတ်ယူလျှင် မိမိ၏ ကလေးသေတန်ရာသည်ကို သိသော်လည်း ကလေးသေစေရန် အကြံမရှိ။ ကလေးသဘောမတူဘဲ ကလေး၏ အကျိုးငှာ သဘောရိုးဖြင့် ခွဲစိတ်ကုဆရာဝန် တစ်ယောက်ကို ကျောက်ထုတ်ယူစေရာ ကလေးကို ရောဂါပျောက်ကင်းစေရန် သဘောထားရှိသည်ဖြစ်သောကြောင့်၊ မောင်ဖြူ၏ပြုလုပ်မှုသည် ဤကင်းလွတ်ချက်အတွင်း ကျရောက်သည်။

**ပုဒ်မ ၈၉ ၏ အနှစ်သာရ**

ဤပုဒ်မမှာ အသက် ၁၂ အောက်ကလေး သို့မဟုတ် စိတ်ပေါ့သွပ်သူ အကျိုးအတွက် အုပ်ထိန်းသူကဖြစ်စေ၊ ၎င်း၏သဘောတူညီချက်ဖြင့်ဖြစ်စေ၊ သဘောရိုးဖြင့် ပြုလုပ်မှုအတွက် ပြစ်မှုမမြောက်ဟု ဆိုလိုသည်။

ဤပုဒ်မသည် ရာဇဝတ်ဆိုင်ရာ အထူးဥပဒေများ ဒေသန္တရဥပဒေများနှင့်လည်း သက်ဆိုင်သည်။

**ကြိမ်လုံးနှင့်ရိုက်သော ကျောင်းအုပ်အမှု**

မိဘအုပ်ထိန်းသူက ကျောင်းအုပ် A ထံ ကျောင်းသား B ကို အပ်ရာတွင် ကျောင်းစည်းကမ်းပျက်ကွက်ပါက ဆိုဆုံးမရန်ပါ လွှဲအပ်သည်။ ကျောင်းပိတ်ရက်နှစ်ရက်ညကျောင်းတွင်ကျောင်းသား B က ကျောင်းသား C ကို လက်သီးနှင့် ထိုးသဖြင့်၊ C ၏ မိဘက ကျောင်းအုပ်ကို တိုင်ကြားသဖြင့် ကျောင်းပြန်ဖွင့်သည့်နေ့တွင် ကျောင်းအုပ် A က B ကို ကြိမ်လုံးဖြင့် ရှစ်ချက်၊ ကိုးချက်ရိုက်သဖြင့် B ၏ မိဘက A ကို ပုဒ်မ ၃၂၃ ဖြင့် တရားစွဲသည်။ ကျောင်းစည်းကမ်းပျက်ကွက်သဖြင့် ကျောင်းဆရာက လိမ္မာရေးခြားရှိရန် ရိုက်နှက်ဆုံးမခွင့်ကို မိဘအုပ်ထိန်းသူက သဘောတူရာရောက်သဖြင့် ကျောင်းအုပ် A သည် သာမန်နာကျင်မှု ပုဒ်မ ၃၂၃ မမြောက်။

**ရာဇသတ်ကြီးပုဒ်မ ၉၀**

ဤပုဒ်မမှာ ကြောက်ရွံ့သူ၊ အကြောင်းခြင်းရာအမှန်မသိသူ၊ စိတ်ပေါ့သွပ်သူ၊ မူးယစ်သူနှင့် အသက် ၁၂ နှစ်အောက်ကလေးတို့၏ သဘောတူညီချက်မှာ ရာဇသတ်ကြီးပါ ပုဒ်မတစ်ခုခု၌ပါရှိသော သဘောတူညီချက် မဟုတ်ကြောင်း ပြဋ္ဌာန်းချက်ဖြစ်သည်။ တစ်နည်းအားဖြင့် ၎င်းတို့က တရားဝင်သဘောတူညီချက် မပေးနိုင်ကြောင်းပင်ဖြစ်သည်။

**ကာမစပ်ယှက်ရန် အကြံဖြင့် သွေးဆောင်ခိုးယူမှု**

**ဥပမာ၊** အသက် ၁၂ နှစ် မပြည့်သေးသော မိန်းကလေးအား ကာမစပ်ယှက်ရန် အကြံဖြင့် သွေးဆောင်ခိုးယူမှုတွင် အသက်အရွယ် နုနယ်သူက အကြောင်းခြင်းရာအမှန် မသိခြင်း၊ အကျိုးအပြစ်မသိ၍ သဘောတူခြင်း၊ ကြောက်ရွံ့၍ သဘောတူရခြင်းသည် လွတ်လပ်ပြီး စဉ်းစား၍ ပေးသောသဘောတူညီချက်မမည်။ သဘောတူညီချက်မရှိခြင်းနှင့် သူမ၏ဆန္ဒမပါခြင်းဆိုသည့် စကားရပ်မှာ ကွဲလွဲကြောင်းဖော်ပြသည်။

**သဘောရိုးဖြင့် ပြုလုပ်မှု**

ရာဇသတ်ကြီးပုဒ်မ ၉၂ တွင် သဘောရိုးဖြင့် ပြုလုပ်မှုအကြောင်း ပြဋ္ဌာန်းထားသည်။

ဥပမာများကို လေ့လာလျှင် ပုဒ်မ ၉၂ ၏ သဘောသရုပ်ကို ပေါ်လွင်စေပါမည်။



**ဥပမာများ**

(၁) မောင်မည်းသည် မြင်းပေါ်ကကျ၍ မေ့မြောနေ၏။ ခွဲစိတ်ကုဆရာဝန်ဦးဖြူက မောင်မည်း သတိရစေရန် မောင်မည်း၏ ဦးခေါင်းခွံကို ဖောက်၍ ကုသသင့်ကြောင်း တွေ့မြင်၏။ မောင်မည်းသည် မိမိအတွက် ချင့်ချိန်ရန် သတိမရမီဦးဖြူက မောင်မည်းသေစေရန် ရည်ရွယ်ခြင်းမရှိဘဲ မောင်မည်းအကျိုးငှာ သဘောရိုးဖြင့် ဦးခေါင်းခွံကိုဖောက်၍ ကု၏။ ဦးဖြူသည် ပြစ်မှုကျူးလွန်ရာ မရောက်။

(၂) မောင်မည်းကို ကျားချီသွားရာ မောင်မည်းကို သေနတ်မှန်လျှင် သေတန်ရာသည်ကို သိလျက် မောင်မည်း အသက်ဘေးမှ ချမ်းသာရစေရန် သဘောရိုးဖြင့် မောင်ဖြူက ကျားကို သေနတ်ဖြင့်ပစ်သည်။ ထိုသို့ ပစ်သဖြင့် မောင်မည်းမှာ မောင်ဖြူ၏ ကျည်ဆန်ထိ၍ သေလောက်အောင် ဒဏ်ရာရစေကာမူ မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာ မရောက်။

(၃) ခွဲစိတ်ကုသဆရာဝန် ဦးဖြူသည် ကလေးတစ်ယောက်မတော်တဆထိခိုက်ဒဏ်ရာရသည်ကို မြင်၏။ ချက်ချင်းခွဲစိတ်မကုသလျှင် ထိုကလေးသေတန်ရာသည်ကိုလည်း သိ၏။ ထိုကလေးအတွက် အုပ်ထိန်းသူထံ အကြောင်းကြားရန်လည်း အချိန်မရှိ။ ကလေးက မခွဲမစိတ်ရန်တောင်းပန်ပါသော်လည်း ကလေးမသေစေရန် ရည်ရွယ်၍ သဘောရိုးဖြင့်ဦးဖြူက ခွဲစိတ်ကုသသဖြင့် ကလေးသေစေကာမူ ဦးဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

(၄) မီးလောင်နေသော အိမ်တစ်အိမ်တွင် ကလေးတစ်ယောက်နှင့်အတူ မောင်ဖြူရှိနေ၏။ အိမ်အောက်တွင် ရှိသူတို့သည် စောင်ကိုဖြန့်၍ခံပေးကြရာ ကလေးကိုပစ်ချလိုက်လျှင် ကလေးသေတန်ရာသည်ကို သိလျက် မောင်ဖြူက ထိုကလေးကို သေစေရန် ရည်ရွယ်ခြင်းမရှိဘဲ ကလေးအသက်ချမ်းသာ ရစေရန်သဘောရိုးဖြင့် အိမ်အောက်စောင်ဖြန့်ခံရာသို့ ကလေးကိုအိမ်ထက်မှ ပစ်ချလိုက်၍ ကလေးသေစေကာမူ မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

**ဒီလိုဆိုတော့လည်း**

**“ ဒီလိုဆိုတော့လည်း ဥပမာ၊ ဖြစ်စဉ်ဖြစ်ရပ်တွေနဲ့ ရှင်းပြ၊ ရေးပြလိုက်တော့၊ ရာဇသတ်ကြီးမူရင်းပြဋ္ဌာန်းချက်တွေဖတ်တာထက် ပိုပြီးရှင်းလင်းနားလည်သွားတာပေါ့ ”** ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော်၏ဆောင်းပါး(စာမူကြမ်း)ကို ဖတ်ပြီး သူ့မျက်နှာကြည်လင်ဝင်းပသွားလေသည်။

“ **သဘောရိုးမှန်ရင် ပြစ်မှုကျူးလွန်ရာမရောက်ဆိုတဲ့အတိုင်း သဘောရိုးဖြစ်ကြောင်း သက်သေပြရမှာပေါ့နော် ဆရာကြီး။ ကျွန်တော့်အမှုသည်တွေကို သဘောရိုးနဲ့ ပြစ်မှုမတော်တဆကျူးလွန်ခဲ့မိတဲ့အကြောင်း သက်သေထူနိုင်ဖို့၊ ကျွန်တော်ရှေ့နေလိုင်စင်ရရင် ကြိုးစားရဦးမယ်** ” ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ဆက်ပြီး သူ့ရှေ့ဘဝခရီးကို မျှော်လင့်နေလေသည်။

**သဘောရိုးဖြင့် အကြောင်းကြားခြင်း**

တစ်ဦးတစ်ယောက်သောသူ၏ အကျိုးငှာ သဘောရိုးဖြင့်ထိုသူအား အကြောင်းကြားလျှင် ထိုသို့အကြောင်းကြားခြင်းကြောင့် ထိုသူ၌ ဘေးအန္တရာယ်ရောက်သော်လည်း အကြောင်းကြားသူသည် ပြစ်မှုကျူးလွန်ရာမရောက်ဟု ရာဇသတ်ကြီးပုဒ်မ ၉၃ က ပြဋ္ဌာန်းသည်။

**ဥပမာ** ခွဲစိတ်ကုဆရာဝန် ဦးဖြူက လူနာတစ်ယောက်အား အသက်ရှင်နိုင်ခွင့်မရှိဟု သဘောရကြောင်းကို သဘောရိုးဖြင့် အကြောင်းကြားခြင်းကြောင့် လူနာသည်ထိတ်လန့်၍ သေဆုံး၏။ ဤသို့ အကြောင်းကြားခြင်းဖြင့် လူနာသေတန်ရာသည်ကို ဦးဖြူသိစေကာမူ ဦးဖြူသည် ပြစ်မှုကျူးလွန်ရာ မရောက်။

သဘောရိုးဟူသော အဓိပ္ပာယ်ကို ဤမျှဖြင့် သဘောပေါက်နားလည်နိုင်မည် ဖြစ်ပါသည်။

**သဘောရိုး၏ အနှစ်သာရများ**

သဘောရိုးဆိုသည်မှာ ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းတို့ ကင်းသောပြုလုပ်မှုသည် သို့တည်းမဟုတ် ယုံကြည်မှုသည် သဘောရိုးနှင့်ပြုလုပ်သည်မမည်။ သို့တည်းမဟုတ် ယုံကြည်သည်မမည်ဟု ရာဇသတ်ကြီး ပုဒ်မ ၅၂ တွင် ဖွင့်ဆိုသည်။

**စီရင်ထုံး**

သဘောရိုး (Good Faith) နှင့် စပ်လျဉ်း၍ ထင်ရှားသော စီရင်ထုံးတစ်ခုမှာ-

သတိမထားလျှင်ဖြစ်စေ၊ ပေါ့လျော့လျှင်ဖြစ်စေ ဤပုဒ်မအရ သဘောရိုးဖြင့်ပြုသည်မမည်။ ရိုးဖြောင့်မှုရှိ၊ မရှိ ထည့်သွင်းစဉ်း စားရန်မလို။ တရားခံက မိမိအလုပ်သမားအား မိမိလိုင်စင်ရသည့် အကွက်၏ အပြင်ဘက်၌ အလုပ်ခိုင်းလျှင် တရားခံ၌ ရိုးဖြောင့် မှုမရှိဟု မဆိုနိုင်စေကာမူ ပေါ့လျော့စွာပြုခဲ့သဖြင့် သဘောရိုးဖြင့် ပြုသည်မမည်။ ဆုံးဖြတ်ခဲ့သည်။

**လူသတ်မှု**

“ လူသတ်မှုတွင် ကိုယ်ပိုင်ခုခံပိုင်ခွင့်နှင့် စပ်လျဉ်း၍ ပြုလုပ်မှုတစ်ခုသည် သဘောရိုးဖြင့်ပြုခြင်း ဟုတ်၊ မဟုတ် အမှု၏အကြောင်းခြင်းရာအပေါ် မူတည်ပြီး ဆုံးဖြတ်မည်။ တစ်မှုနှင့်တစ်မှု မတူညီ။ တရားခံသတိရှိရှိဖြင့် ကျူးလွန်ခဲ့ခြင်းရှိ၊ မရှိ စဉ်းစားရန်ရှိသည်။ ထိုက်သင့်သော သတိရှိမှုကို ကျူးလွန်သူ၏အဆင့်အတန်း၊ အသိဉာဏ်နှင့် အတွေ့အကြုံများအပေါ် ခွဲခြားပြီး ချင့်ချိန်ရသည် ” ဟု ဆုံးဖြတ်ခဲ့ဖူးသည်။

**မရိုးမသားဆောင်ရွက်ခဲ့ကြောင်း**

အမှုတစ်မှုတွင်-

“ တစ်နည်းအားဖြင့် ပိုင်ရှင်နှင့် ထားခဲ့သော ပဋိညာဉ်အတိုင်းလိုက်နာခြင်းမရှိဘဲ မရိုးမသားဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ တစ်နည်းအားဖြင့် မူလကပင် မရိုးမဖြောင့်သော ရည်ရွယ်ချက်ရှိခဲ့ကြောင်း ပေါ်ပေါက်သည်။

လိုအပ်သော သတိဝီရိယမရှိဘဲ အလွယ်တကူ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ စိတ်နေသဘောထားမှာလည်း သဘောရိုးရှိသည်ဟု ဆိုနိုင်ရန် ခဲယဉ်းလျက်ရှိသည်။ ထို့ပြင် ပြည်သူ့ရဲတပ်ဖွဲ့မှ ရှာဖွေပုံစံဖြင့် ပစ္စည်းသိမ်းစဉ်က ပြေစာလက်ခံကိုပါ တစ်ပါတည်းပြသရှင်းလင်းသင့်ပါလျက် ဆောင်ရွက်ခဲ့ခြင်းမရှိ။ တရားရုံးရောက်မှ ပြေစာတင်ပြခဲ့ကြောင်း တွေ့ရသည်။ ၎င်း၏အပြုအမူသည် ရိုးသားမှုမရှိ ” ဟု ဆုံးဖြတ်ခဲ့သည်။

**အမှုသည်တွေစိတ်ကြိုက်**

အမှုမှန်သမျှလွတ်ချင်၊ ထောင်မကျချင်သောအမှုသည်တွေ စိတ်ကြိုက်ဖြစ်အောင်ရှေ့နေတစ်ယောက်အနေဖြင့်ဆောင်ရွက် ပေးချင်လှပါသည်။ သို့သော် အထက်က တင်ပြခဲ့သည့်အတိုင်း ဥပဒေဘောင်အတွင်း ညီညွတ်မှုသာဖြစ်နိုင်ပေသည်။ အမှုတစ်မှုချင်း အလိုက် စိစစ်အကြံပြုကြပါစို့။

**စေတနာ**

ရှေ့နေဘဝကြုံခဲ့ရသည်များ တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

# ငါ့သရောက်မြို့နယ်၌ မိုးခေါင်၍ စိုက်ထားသော မြေပဲနှင့် နှမ်းများ ခြောက်သွေ့သေဆုံး

**ငါ့သရောက် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တစ်ခုလုံးတွင် မေလနောက်ဆုံးပတ်က ရွာသွန်းခဲ့သည့်မိုးဖြင့် မြေပဲနှင့် နှမ်းများ ကြဲပက်စိုက်ပျိုးခဲ့ရာ အပင်ပေါက်နှုန်းနှင့် ရှင်သန်မှု အားကောင်းခဲ့သော်လည်း ဇွန်လနှင့် ဇူလိုင်လ ဒုတိယပတ်အထိ မိုးရွာသွန်းမှုမရှိခြင်းကြောင့် စိုက်ထားပြီးသော မြေပဲနှင့်နှမ်းခင်းများ ခြောက်သွေ့ကာ အပင်များ သေကုန်ကြပြီဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်တို့သည် ဆီထွက်သီးနှံ စိုက်ပျိုးရာတွင် မိုးကိုသာ အားကိုးစိုက်ပျိုးကြရသည့် ဒေသများဖြစ်ကာ ရာသီဥတု ဖောက်သွားခဲ့လျှင် တစ်နှစ်စာ ကောက်ပဲသီးနှံ၊ ဆီထွက်သီးနှံများ မရရှိတော့ဘဲ တစ်ရာသီ ပြီးဆုံးသွားတတ်ကြောင်း၊ ငါ့သရောက်မြို့နယ်တွင် ရာသီဥတုမမှန်သည်မှာ နှစ်နှစ်ရှိပြီဖြစ်ကြောင်း၊ တောင်သူအများစုမှာလည်း ရာသီဥတုကို မယုံ၍ စိုက်ပျိုးမှုမရှိသလောက်နည်းလာပြီး ယာခင်းအလွတ်များ တစ်နှစ်ထက်တစ်နှစ် ပိုများလာနေကြောင်း ကန်သာယာကျေးရွာနေ တောင်သူ ဦးချမ်းမြေ့အောင်က ပြောသည်။

ကုလားတဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်ကလည်း ငါ့သရောက်မြို့နယ်နှင့် ညောင်ဦးမြို့တို့သည် မြေပဲနှင့် နှမ်းကိုသာ အားထားစိုက်ပျိုးကြပြီး စိုက်ပျိုးချိန်က မျိုးစျေးနှုန်း ကြီးမြင့်ခြင်းကြောင့် အချို့သော တောင်သူများမှာ စွန့်စား၍ မစိုက်ကြတော့ကြောင်း၊ ပဲစင်းငုံဆိုလျှင် ညောင်ဦးတစ်ခရိုင်လုံး စိုက်ပျိုးလာခဲ့ရာ စိုက်ပျိုးမှု မရှိတော့ကြောင်း၊ ယခုနှစ်တွင် မိုးမရွာ၍ စိုက်ထားသောအပင်အများစု သေကုန်ကြပြီဖြစ်ရာ နောက်ထပ် ငါးရက်ခန့်အတွင်းမှ မိုးမရွာတော့လျှင် တောင်သူများအနေဖြင့် ယခုနှစ်အတွက် စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို ရရှိတော့မည်မဟုတ်ကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



ခြောက်သွေ့နေသော နှမ်းစိုက်ခင်းတစ်ခင်း

# အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲများ ကျင်းပ

**ကျွန်းစု**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အာဇာနည်နေ့ ဒို့မေ့ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က မြို့နယ် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အထက ကျွန်းစုကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်တင်ဆန်းရီက အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းနှင့် အာဇာနည်နေ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို လည်းကောင်း၊ အထက်တန်းပြဆရာ ဦးသန့်ဇင်ဦးက ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထားနှင့် ဘဝနေထိုင်မှုပုံစံကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြပြီး မြို့နယ်ပြန်/ဆက်ဝန်ထမ်းများ ခင်းကျင်းပြသထားသော အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ၊ မိန့်ခွန်းကောက်နုတ်ချက်များ ပါဝင်သော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**ဘုတ်ပြင်း**

ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာန ပူးပေါင်း၍ အာဇာနည်နေ့ အကြိုအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲကို ဇူလိုင် ၁၅ ရက်က အမက-ရွှေဘုံသာကျောင်း၌ ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ကြီး ဦးမြင့်ဝေက အာဇာနည်ခေါင်းဆောင်များအကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဖြူဖြူသိန်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်းကို ဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အာဇာနည်ခေါင်းဆောင်များ၏ မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်ရေးအကျဉ်းနှင့် အာဇာနည်နေ့နှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သလို မြို့နယ်ပြည်သူ့စာကြည့်တိုက်မှ သုတ ရသ စာအုပ်စာစောင်များကိုလည်း ကျောင်းသား ကျောင်းသူများအား ငှားရမ်းပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**မလှိုင်**

မလှိုင်မြို့၌ ကျင်းပခဲ့သော အာဇာနည်နေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများမှ မြို့နယ်အဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီ ပြိုင်ပွဲများတွင် မြို့နယ်အဆင့် ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးခဲ့သည်။ ဆုချီးမြှင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ၅၆ စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

**အောင်ဒွေး (မလှိုင်)**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အင်းစိန်ထောင်အတွင်းမှ ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၅၂ ဦးနှင့် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အင်းစိန် ဗဟိုအကျဉ်းထောင်အတွင်းမှ ဖြေဆို အောင်မြင်ခဲ့ကြသော အကျဉ်းသား ကျောင်းသား ကျောင်းသူ ၅၂ ဦးနှင့် ၎င်းတို့အား စာပေသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုသည့် အခမ်းအနားကို ဇူလိုင် ၁၄ ရက်က အဆိုပါ အကျဉ်းထောင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။



တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့ သော အကျဉ်းသား ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်နေစဉ်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော အကျဉ်းသား ကျောင်းသား ကျောင်းသူ ၅၂ ဦးနှင့် ၎င်းတို့အား စာပေသင်ကြားပေးခဲ့သော အင်းစိန်မြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမ ၄၀၊ ပြင်ပမှ စေတနာရှင် ဆရာ ဆရာမ ခုနစ်ဦးနှင့် အကျဉ်းသား ဆရာ ဆရာမ ၁၂ ဦးတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော အကျဉ်းသား ကျောင်းသား ကျောင်းသူများနှင့် စာပေသင်ကြားပေးခဲ့သော ဆရာ ဆရာမများအတွက် အလှူငွေများကို အလှူရှင်များက ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အင်းစိန် ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်က “အင်းစိန်အကျဉ်းထောင်အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ မိန်းကလေးတစ်ဦးနဲ့ ယောကျ်ားလေး ၅၁ ဦး အောင်မြင်ခဲ့တယ်။ သူတို့ကို အကျဉ်းသားဆိုပေမယ့် အပြင်လိုပဲ ကျောင်းသားစိတ်ဖြစ်အောင် စာသင်ကျောင်း အဆောက်အအုံ ဆောက်လုပ်ပေးထားပြီး အဖြူနဲ့အစိမ်း ဝတ်ခွင့်ပေးပါတယ်။ အခြားအလုပ်တွေကို တာဝန်မပေးဘဲ ကျောင်းစာနဲ့ပတ်သက်ပြီးပဲ လေ့လာစေပါတယ်။ လက်ရှိမှာတော့ အဝေးသင်ကိုပဲ ဆက်လက်ပြီး သင်ကြားခွင့်ပြုမှာ ဖြစ်ပါတယ်။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ အဲဒီကျောင်းသားတွေထဲက ၂၆ ဦးက ပြစ်ဒဏ်စေ့လို့ လွတ်မြောက်သွားပြီဖြစ်ပါတယ်”ဟု ပြောသည်။

**အောင်ချက်နှင့် ဂုဏ်ထူး**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရန်ကုန်မြို့ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၃ ဦး ဖြေဆိုခဲ့သည့်အနက် ၅၂ ဦးအောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး ထွက်ပေါ်ခဲ့သည်။

သုံးဘာသာဂုဏ်ထူးရှင် မောင်ကောင်းထက်ဇော်က “စာပေးပွဲမဖြေခင်အချိန်ကတည်းက ဂုဏ်ထူးသုံးဘာသာ ထွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားခဲ့တာပါ။ ကြိုးစားမှုအတိုင်း အောင်မြင်ခဲ့ပါတယ်။ ကျွန်တော့်မှာ တကယ်လို့ အခွင့်အရေးများ ရမယ်ဆိုရင် ကျွန်တော့်အမှတ်နဲ့မီတဲ့ တက္ကသိုလ် ပညာတွေကို သင်ကြားချင်ပါတယ်။ ကျွန်တော့်အမှတ်က ၄၂၃ မှတ်ပါ။ ကျွန်တော်တို့ကို အခုလို အသိအမှတ်ပြုပြီး ဂုဏ်ပြုတဲ့အတွက် ဝမ်းသာပါတယ်”ဟု ပြောသည်။

ယနေ့ ဂုဏ်ပြုပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအား ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ကျပ်တစ်သိန်းစီနှင့် ဂုဏ်ထူးတစ်ဘာသာလျှင် ကျပ်တစ်သိန်းနှုန်းစီဖြင့် ချီးမြှင့်ခဲ့သည့်အပြင် ၎င်းတို့အား စာပေသင်ကြားပေးခဲ့သော ဆရာ ဆရာမ ၅၉ ဦးတို့အတွက်လည်း တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းစီ ဂုဏ်ပြုချီးမြှင့်ခဲ့ရာ စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၅၉ သိန်းရှိကြောင်း သိရသည်။

ယနေ့လှူဒါန်းမှုနှင့်ပတ်သက်၍ အလှူရှင် မဟာသဒ္ဓမ္မဇောတိကဓဇ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဦးစိုးသိန်း(ရွှေနေအောင်ကုမ္ပဏီလီမိတက်)က “အင်းစိန်အကျဉ်းထောင်မှာရှိတဲ့ ကလေးတွေရဲ့ ပညာရေးအတွက် အရင်တုန်းကတည်းက ထောက်ပံ့လှူဒါန်းခဲ့တာပါ။ ဒီကလေးတွေ ပညာတတ်တွေဖြစ်လာပြီး လူတော်လူကောင်းလေးတွေ ဖြစ်လာအောင်၊ သူတို့လေးတွေအနေနဲ့ နောင်တစ်ချိန်မှာ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်နိုင်အောင် ကူညီပံ့ပိုးပေးတာပါ။ ဒီလိုဂုဏ်ပြုပွဲတွေ လုပ်ပေးခြင်းအားဖြင့် သူတို့လေးတွေရဲ့ စိတ်ဓာတ်ခွန်အားတွေလည်း ပြန်လည်မြင့်တက်လာစေမှာဖြစ်ပါတယ်”ဟု ပြောသည်။ အင်းစိန် ဗဟိုအကျဉ်းထောင်အနေဖြင့် ပညာသင်ကြားလိုသော အကျဉ်းသား အကျဉ်းသူများအား အတန်းပညာများကို သင်ကြားပေးလျက်ရှိပြီး စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန်လည်း ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

**စာသင်ကြားပို့ချမှု**

ထိုသို့သင်ကြားပေးရာတွင် အကျဉ်းထောင်ဝင်းအတွင်းရှိ အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၌ ပြင်ပကျောင်းချိန်များအတိုင်း သင်ခန်းစာများ သင်ကြားပို့ချပေးကာ နေ့စဉ်သင်ကြားပို့ချမှုများကို ည ၇ နာရီမှ ၁၀ နာရီအတွင်း ပြန်လည်လေ့ကျင့်သင်ကြားမှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ အကျဉ်းသား ကျောင်းသား ကျောင်းသူများအား အကျဉ်းသူ အကျဉ်းသား ဘွဲ့ရပညာတတ်များ၊ အကျဉ်းသူ အကျဉ်းသား ဆရာ ဆရာမများနှင့် အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ဆရာ ဆရာမများက အနီးကပ် သင်ကြားပို့ချပေးကြသည့်အပြင် ပြင်ပမှ စေတနာရှင် ဆရာ ဆရာမများကလည်း ကျောင်းပိတ်ရက်များတွင် အချိန်ပိုအဖြစ် လာရောက်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**နှစ်အလိုက်အောင်မြင်မှု**

အင်းစိန် ဗဟို အကျဉ်းထောင်အနေဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ကာ အကျဉ်းသား အကျဉ်းသူများအား တက္ကသိုလ်ဝင်တန်းအဆင့် ပညာများကို စတင်သင်ကြားပေးခဲ့ပြီး စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခွင့်ပြုခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နှစ်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခုနစ်ဦး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၁၁ ဦး၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကိုးဦး၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၁၉ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

ထိုသို့ အောင်မြင်ခဲ့ကြသော အကျဉ်းသား ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုနှင့် ၎င်းတို့အား သင်ကြားပြသသော ဆရာ ဆရာမများ၏ မေတ္တာစေတနာတို့ကို အသိအမှတ်ပြုသည့်အနေဖြင့် လည်းကောင်း၊ အင်းစိန် ဗဟိုအကျဉ်းထောင်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်မှုရာခိုင်နှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာစေရန်လည်းကောင်း၊ နောင်ကာလတွင် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် မွေးထုတ်ပေးမှုအနေဖြင့် လည်းကောင်း ရည်ရွယ်ချက်များဖြင့် ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သော ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အကျဉ်းဦးစီးဌာနမှ အကျဉ်းသား ကျောင်းသား ကျောင်းသူများ ဖြေဆိုအောင်မြင်မှုမှာ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၁ ဦး၊ လွိုင်ကော်ထောင်မှ အကျဉ်းသား လေးဦး၊ ဘားအံထောင်မှ အကျဉ်းသား အချုပ်သား ၁၅ ဦး၊ တောင်ငူထောင်မှ အကျဉ်းသား လေးဦး၊ မြိတ်ထောင်မှ အကျဉ်းသားနှစ်ဦး၊ ကသာထောင်မှ အချုပ်သား နှစ်ဦး၊ သရက်ထောင်မှ အချုပ်သား တစ်ဦး၊ မုံရွာထောင်မှ အချုပ်သား တစ်ဦးနှင့် အင်းစိန် ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၅၂ ဦးဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းများ အရှိန်မြှင့်အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲကျင်းပ

**ပုသိမ် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်း ဦးစားပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ အသိပေးဆွေးနွေးပွဲကို ဇူလိုင်လ ဒုတိယပတ်အတွင်းက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျောင်းကျန်းမာရေးကော်မတီ နာယကက တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်း ဦးစားပေးလုပ်ငန်းစဉ်များဖြစ်သော မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံ သောက်သုံးခြင်းကြောင့် ဖြစ်ပွားတတ်သောနောက်ဆက်တွဲ အန္တရာယ်များ ပညာပေးခြင်း၊ ကျောင်းသား ကျောင်းသူများအတွင်း ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရောက်ရှိရေး၊ ယာဉ်အန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျှော့ချရေး အသိပညာပေးခြင်း၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများ ဂိမ်းအလွန်အကျွံ စွဲလမ်းမှု ပပျောက်ရေး လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းအောင်နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)ဦးဖြူဝင်းတို့က လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာသီဟအောင်က ကျန်းမာရေးအဆင့်မြှင့် ကျောင်း ဦးစားပေးလုပ်ငန်းများ၊ တိုင်းဒေသကြီး FDA မှ ဒေါက်တာပြည့်ဖြိုးက ကျောင်းမုန့်ဈေးတန်း စီမံချက်အကြောင်းတို့ကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်နှင့် အခက်အခဲများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ရန်ကုန်မြို့တော် စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာရေး ရည်မှန်းချက်ထား ဆောင်ရွက်နေ

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့တော်ကြီးကို စိမ်းလန်းစိုပြည်ကာ သန့်ရှင်းသာယာပြီး နေချင်စဖွယ် မြို့တော်ကြီးတစ်ခုအဖြစ် ပေါ်ပေါက်လာစေရေး ရည်မှန်းချက်ထားကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ဇူလိုင် ၁၅ ရက်က ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့စိမ်းလန်းစိုပြည်ရေးအတွက် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံချက်ကို ယခင်ကတည်းက ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း သက်တမ်းရင့်သစ်ပင်ကြီးများ များစွာရှိရာ ထိုအပင်ကြီးများကို မလိုအပ်ဘဲ ခုတ်လှဲခြင်းမပြုရန် တင်းတင်းကြပ်ကြပ် တားမြစ်ထားကြောင်း သိရ သည်။

သစ်ပင်ကြီးများ သက်တမ်းရင့်လာ၍ ကျိုးကျခြင်းနှင့် သဘာဝဘေးကြောင့် အန္တရာယ်ဖြစ်လာနိုင်ပါက လိုအပ်သလို ဖြတ်ညှိခြင်းကိုသာ ဆောင်ရွက်ကြောင်း၊ မြို့လယ်ဧရိယာအတွင်း အများပြည်သူအတွက် မဖြစ်မနေ ခုတ်ထွင်ရှင်းလင်းရန် လိုအပ်ပါက အနည်းဆုံးပမာဏကိုသာ ခုတ်ထွင်ကာ တစ်ပင်ခုတ် နှစ်ပင်ပြန်စိုက်သည့် ပုံစံမျိုးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း သစ်ပင်စိုက်ပျိုး ထိန်းသိမ်းမှု အခြေအနေနှင့် ပတ်သက်၍ မြေယာရှုခင်းနှင့် အားကစားကွင်းများလုပ်ငန်းဌာနမှ ဒုတိယဌာနမှူး ဦးမင်းအောင်က “အများအားဖြင့် မိုးရာသီတိုင်းမှာ ဆောင်ရွက်နေကြဖြစ်တဲ့ လှော်ကားဥယျာဉ်မှာ သစ်ပင်စိုက်ပွဲတော်တွေ လုပ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့က တစ်ပင်ခုတ်တဲ့အတွက် နှစ်ပင်ပြန်စိုက်တဲ့ပုံစံမျိုး စိုက်ပါတယ်။ အဲဒီအချိန်ကျ ကျွန်တော်တို့က ရတနာတန်းဝင်အပင်မျိုးတွေ ရွေးချယ်ပြီး စိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ စီမံခန့်ခွဲမှုဧရိယာအတွင်းမှာ ရှိတဲ့ ကစားကွင်းဧရိယာတွေ ပတ်လည်က မြေနေရာလေးတွေမှာ စိုက်ပျိုးတဲ့ပုံစံမျိုးတွေလည်း ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ နှစ်စဉ် ရတနာတန်းဝင် အပင်ပေါင်း လေးသိန်းခန့် ပျိုးပြီးတော့ စိုက်လို့ပျိုးလို့ အဆင်ပြေမယ့်နေရာတွေ ရွေးချယ်စိုက်ပျိုးပါတယ်”ဟု ရှင်းပြသည်။

သစ်ပင်များကို ဘုရားဝင်းများ၊ ရေကန်ပတ်လည်နေရာများတွင် စနစ်တကျ စိုက်ပျိုးလျက်ရှိပြီး သစ်ပင်များကို ခွင့်ပြုချက်မရဘဲ မိမိသဘောဖြင့် မည်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမျှ ခုတ်၍မရကြောင်း၊ သစ်ပင်များကို ခွင့်ပြုချက်မရဘဲ ခုတ်ပါက ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ကြောင်း သိရသည်။ ပန်းခြံများတွင် သစ်ပင်များ စိုက်ပျိုးထားခြင်းအားဖြင့် အများပြည်သူ အနားယူနိုင်သကဲ့သို့ အပူချိန်နှင့် လေထု ညစ်ညမ်းမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှု အောက်ရှိ စည်ပင်သာယာနယ်နိမိတ်အတွင်း ပန်းခြံပေါင်း ၆၁ ခြံရှိပြီး ဧကအနေဖြင့် စုစုပေါင်း ၃၈၅ ဧကခန့်၊ ကစားကွင်းများအနေဖြင့် ၁၄၉ ကွင်းရှိပြီး ဧကအနေဖြင့် စုစုပေါင်း ၆၀၀ ဧကခန့်ရှိကြောင်း သိရသည်။ ထို့အပြင် မြေလွတ်များ၌ ကစားကွင်းများဆောင်ရွက်ပေးရန်၊ ပန်းခြံများ တည်ဆောက်ပေးရန် ပြည်သူများ၏ တင်ပြတောင်းခံလာမှုများ ရှိလျှင် ယင်းမြေနှင့်ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်ကြောင်း၊ ရလဒ်အပေါ်မူတည်ကာ ဆောင်ရွက်ပေး၍ရပါက ဘတ်ဂျက်ရေးဆွဲ၍ နှစ်အလိုက် အများပြည်သူ အပန်းဖြေအနားယူရာ ဧရိယာများ တိုးချဲ့ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ သို့သော် ရန်ကုန်မြို့လယ်ဧရိယာ လူနေသိပ်သည်း၍ အဆောက်အအုံထူထပ်သော ခြောက်မြို့နယ်နှင့် အခြားနေရာအချို့တွင်မူ ပန်းခြံများ၊ ကစားကွင်းများ တိုးချဲ့တည်ဆောက်ပေး၍ မရနိုင်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# လက်ပံတန်း မဇ္ဈိမာရုမ်ကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာ မဇ္ဈိမာရုမ်ကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဓမ္မဝိနယာနုလောမ မူလဒ္ဓါရနိကာယဂိုဏ်း ဂဏာဓိပတိ ဆရာတော် ဘဒ္ဒန္တဗုဒ္ဓင်္ကုရ မဟာထေရ်မြတ်ကြီးသည် သက်တော် (၁၀၀) သိက္ခာတော် (၇၅)ဝါအရ (၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၈ ရက်)၊ ၉-၇-၂၀၁၉ ရက်၊ (အင်္ဂါနေ့)၊ နံနက် ၄း၃၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

## လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု မဇ္ဈိမာရုမ်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဓမ္မဝိနယာနုလောမ မူလဒ္ဓါရနိကာယဂိုဏ်း ဂဏာဓိပတိ ဘဒ္ဒန္တဗုဒ္ဓင်္ကုရ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကွမ်းခြံကုန်းရွာ၌ ခမည်းတော် ဦးဘိုးထွား၊ မယ်တော် ဒေါ်မယ်သန့်တို့မှ ၁၂၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့ဆုတောင်းပြည့်ကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝအား ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆုတောင်းပြည့်ကျောင်း ခဏ္ဍာသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိ တော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ပန်းတောင်းမြို့ဆုတောင်းပြည့်ကျောင်း ဆရာတော် အပါအဝင် ဆရာတော်များထံတွင် ပရိယတ္တိစာပေ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ကျမ်းကြီးပေါက် သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ရန်ကုန်မြို့ရှမ်းလမ်း မဟာရာဇိကာရုမ် ကျောင်းတိုက် တည်ထောင်ရာ၌ ပါဝင်ခြင်း၊ လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းရွာမ ဝိဇိတာရုမ်ကျောင်းတိုက်ရှိ ကျောင်းဟောင်းများပြုပြင်ခြင်း၊ ပဲခူးမြို့၌ ထန်းတောကျောင်း၊ ဆင်ဖြူကျွန်းကျောင်း၊ မဟာဝိဇိတာရုံကျောင်းများ တည်ထောင်ခြင်း၊ ငါးပါးမာန်အောင်မြင် စေတီတော်မြတ်ကြီး တည်ခြင်း၊ စိန်ရောင်ခြည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင်ပူဇော်ခြင်းများ ဆောင်ရွက်တော်မူခဲ့ပြီး နေဝင်နေထွက် အချိန်ဇယားကျမ်း၊ ဗုဒ္ဓဝန္ဒနာကျမ်းများကို ပြုစုတော်မူခဲ့ပါသည်။



ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့(မူလဒ္ဓါရ) အကျိုးတော်ဆောင်၊ ၁၃၇၅ ခုနှစ်မှ ၁၃၇၈ ခုနှစ်အထိ ဓမ္မာဝိနယာနုလောမ မူလဒ္ဓါရ နိကာယဂိုဏ်း၊ ဒုတိယ ဂဏာဓိပတိ၊ ၁၃၇၉ ခုနှစ်မှ ယနေ့အထိ ဂဏာဓိပတိ၊ ၁၃၇၇ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော် သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၀)၊ သိက္ခာတော် (၇၅)ဝါအရ၊ (၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၈ ရက်)၊ ၉-၇-၂၀၁၉ ရက်၊ (အင်္ဂါနေ့) နံနက် ၄း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# ကျောက်ကြီးမြို့နယ်၌ အရေးပေါ်တုံ့ပြန်မှုစီမံကိန်းအရ ဓာတ်မြေသြဇာများ ထောက်ပံ့

**ကျောက်ကြီး ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း ၂၀၁၈ ခုနှစ်က ရေကြီး၍ ပျက်စီးခဲ့သော မိုးစပါးစိုက်ခင်းများအတွက် အရေးပေါ်တုံ့ပြန်မှုစီမံကိန်း အစီအစဉ်ဖြင့် ဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့က အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးစိုးနိုင်က အရေးပေါ်တုံ့ပြန်မှုစီမံကိန်း အစီအစဉ်အရ ဓာတ်မြေသြဇာအိတ်များထောက်ပံ့ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၃၁ စုရှိ ပျက်စီးသော မိုးစပါး ၁၀၀၅၃ ဧကအတွက် ငါးဧကလျှင် ၅၀ ကီလိုဂရမ် ကွန်ပေါင်းဓာတ်မြေသြဇာ တစ်အိတ်နှုန်းဖြင့် ဓာတ်မြေသြဇာ ၂၀၁၁ အိတ်ကို တောင်သူများကိုယ်စား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကိုသားကြီး(ကျောက်ကြီး)**

# မလှိုင်မြို့နယ်၌ မိုးကောင်း၍ ဆယ်နှစ်အတွင်း နှမ်းများ အကောင်းဆုံးဖြစ်ထွန်း

**မလှိုင် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်း မိုးကောင်းစွာရွာသွန်းခဲ့၍ ထန်းပင်ကန်အုပ်စု ထန်းပင်ကန်ကျေးရွာရှိ နှမ်းစိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် ဆယ်နှစ်တာကာလအတွင်း နှမ်းများ အကောင်းဆုံး အောင်မြင်ဖြစ်ထွန်းသည်ကို ကြုံတွေ့ရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ထန်းပင်ကန်ကျေးရွာမှ တောင်သူ ဦးလှဖေက “နှမ်းစိုက်လာတာ နှစ်ပေါင်း မနည်းတော့ပါဘူး၊ ယခုနှစ်က နှမ်းအဖြစ်ဆုံးပါ။ မိုးကောင်းလို့လည်း ဖြစ်တာပါ။ တစ်ခါမှလည်း ဒီလောက်မကောင်းဖူးပါဘူး၊ နှမ်းကို ရက်ပေါင်း ၆၀ လောက် စိုက်ပျိုးရပြီး ကျွန်တော်က အခြောက်စိုက်ထားတာပါ။ မေ ၁၅ ရက်က စစိုက်ခဲ့ပြီး ၂၃ ရက်က မိုးရွာသွန်းခဲ့တာပါ။ စိုက်ခဲ့တာ တစ်လခွဲလောက်ရှိပါပြီ။ နှစ်လခွဲလောက်ကျမှ ရိတ်ရမယ်။ အခုတော့ အပွင့်မြိုင်တုန်းရှိသေးတယ်။ မနှစ်က နှမ်းအဟောင်းက အခုလေးသောင်းခွဲ၊ ငါးသောင်းလောက် ပေါက်တယ်။ အခုနှစ် ထွက်မယ့်နှမ်းကိုတော့ တစ်တင်း သုံးသောင်းလောက်ရဖို့ မျှော်လင့်တယ်”ဟု ပြောသည်။

ထန်းပင်ကန်ကျေးရွာတွင် နှမ်းစိုက်ချိန်စော၍ ပထမမိုးကို မီခဲ့သူများမှာ နှမ်းဖြစ်ထွန်းမှု ပိုမိုကောင်းမွန်ပြီး နှမ်းစိုက်နောက်ကျသည့် တောင်သူများမှာ ပထမစိုက်သူများလောက် မကောင်းသော်လည်း မိုးကောင်းစွာ ရွာနေသောကြောင့် ဒေသခံ နှမ်းစိုက်တောင်သူအားလုံး နှမ်းဖြစ်ထွန်းမှု ကောင်းမွန်ကြကြောင်း သိရသည်။



ထန်းပင်ကန်ကျေးရွာမှ အောင်မြင်နေသော နှမ်းစိုက်ခင်းများ

တောင်သူတစ်ဦးကလည်း “ကျွန်တော်လုပ်ခဲ့တဲ့ ဆယ်နှစ်လောက်အတွင်းမှာ ဒီနှစ်က အကောင်းဆုံးပါ၊ ဒီဘက်မှာ ရက် ၆၀၊ ကံရှိ၊ စိန်ခို အစရှိတဲ့ နှမ်းအမျိုးအစား သုံးမျိုးလောက် စိုက်ပါတယ်၊ ကျွန်တော်ကတော့ ရက် ၆၀ နဲ့ စိန်ခို အမျိုးအစားကို စိုက်ပါတယ်၊ ခုစိုက်တာ ရက်ပေါင်း ၄၀ လောက်ရှိပြီမို့ ရက်ပေါင်း ၇၀ လောက်ဆို ရိတ်သိမ်းနိုင်မှာပါ၊ ဒီနှစ် နှမ်းပိုထွက်မယ်လို့ မျှော်လင့်ပါတယ်၊ မနှစ်ကတော့ ရာသီဥတုမကောင်းတော့ သိပ်မထွက်ဘူး၊ ဈေးလည်းမကောင်းခဲ့ဘူး”ဟု ပြောသည်။

မလှိုင်မြို့နယ်အတွင်း ထန်းပင်ကန်အုပ်စုရှိ ကျေးရွာများနှင့် လယ်ကြီးကျေးရွာအုပ်စုရှိ ကျေးရွာများတွင် မိုးကောင်း၍ နှမ်းဖြစ်ထွန်းမှုကောင်းနေသော်လည်း နှောကန်ကျေးရွာနှင့် မကျည်းပင်ပုကျေးရွာ အစရှိသည့် ကျေးရွာအချို့တွင်မူ မိုးမရွာသေးသဖြင့် စိုက်ပျိုးထားသော နှမ်းခင်းများ မအောင်မြင်ကြသည့် တောင်သူများလည်း ရှိနေကြကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# လိုင်လင်းပီမြို့မှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**လိုင်လင်းပီ ဇူလိုင် ၁၆**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၏ မေ ၄ ရက်က လိုင်လင်းပီမြို့ ခရီးစဉ်အတွင်း ညွှန်ကြားချက်အရ မတူပီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများက ဇွန် ၅ ရက်က လိုင်လင်းပီမြို့ အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများထံသို့ ဇူလိုင် ၁၅ ရက်က ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

လိုင်လင်းပီမြို့သည် ကျေးရွာအုပ်စုအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခြင်းခံရသော်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှာ မတူပီမြို့နယ်တွင်သာ ရှိသည့်အတွက် လိုင်လင်းပီ ဒေသခံများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် အခက်အခဲများ ကြုံတွေ့နေ၍ ပြည်နယ်ဝန်ကြီးချုပ်၏ ခရီးစဉ်၌ ပြည်သူများက တင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၏ ပြန်လည်ညွှန်ကြားချက်အရ မတူပီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက လိုအပ်သည့် အချက်အလက်၊ လူဦးရေစာရင်းများကို ဇွန်လအတွင်းက လာရောက်ပြုစု၍ လူဦးရေ ၃၀၀ ကျော်အတွက် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့သည်။ ပြုလုပ်ပေးပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လိုင်လင်းပီမြို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တာဝန်ယူ၍ မတူပီမြို့သို့ သွားရောက်ထုတ်ယူပြီးနောက် လျှောက်ထားသူ ပြည်သူများထံသို့ ဇူလိုင် ၁၅ ရက်က အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ထုတ်ပေးခဲ့ကြခြင်း ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားသူ စုစုပေါင်း ၃၀၀ ကျော်ရှိသည့်အနက် လက်ရှိတွင် ၂၀၈ ဦးကိုသာ ကတ်များထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိနေသေးသည့် ကတ်ပြားများမှာ အချက်အလက်များ မပြည့်စုံခြင်း/မှားယွင်းနေခြင်းတို့ကြောင့် ကြန့်ကြာနေခြင်းဖြစ်ပြီး မတူပီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် အဆိုပါအချက်အလက်များကို ပြန်လည်စိစစ်၍ အမြန်ဆုံး ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူဆယ် မြို့တွင်းလမ်းကို အောက်တိုဘာလမှစတင်၍ လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်မည်



ယာဉ်သွားလာမှု များပြားသော မူဆယ်မြို့တွင်း လမ်းတစ်နေရာ

**မူဆယ် ဇူလိုင် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ဒေသခံပြည်သူများ၏ တောင်းဆိုချက်နှင့်အညီ မြို့တွင်းလမ်းကို လေးလမ်းသွား ကတ္တရာလမ်းအဖြစ် အောက်တိုဘာလသို့မဟုတ် နိုဝင်ဘာလမှ စတင်၍ တိုးချဲ့အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများကို တစ်နှစ်ခန့်အကြာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် လျာထားကြောင်း မူဆယ်မြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

“မူဆယ်မြို့တွင်းလမ်းကို လေးလမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်မယ်ဆိုရင် ဖုန်းတိုင်များ၊ လျှပ်စစ်မီးတိုင်များနဲ့ ရေပေးပိုက်လိုင်းများကို သက်ဆိုင်ရာ ဌာနဖြစ်တဲ့ စည်ပင်သာယာရေးဦးစီးဌာန၊ ဆက်သွယ်ရေးဌာနနဲ့ လျှပ်စစ်စွမ်းအင်ဌာနတို့က ကြိုတင်ဖယ်ရှားဆောင်ရွက်ပေးမှသာ မြန်ဆန်စွာ အောင်မြင်ပြီးစီးနိုင်မှာဖြစ်တယ်၊ မူဆယ်မြို့တွင်းလမ်းကို လေးလမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်ပြီးစီးရင် လက်ရှိ မူဆယ်မြို့တွင်းမှာ တွေ့ကြုံနေရတဲ့ ယာဉ်ကြောပိတ်ဆို့မှုများကို ပြေလျော့သွားစေမယ်လို့ ယုံကြည်ပါတယ်” ဟု မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးမှူး (မြို့ပြ) ဦးကျော်ကျော်မိုးက ပြောသည်။

လက်ရှိအချိန်တွင် လမ်းတိုးချဲ့နိုင်ရန်နှင့် လိုအပ်သည်များကို ကူညီပံ့ပိုးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် အဖွဲ့များကို ဖွဲ့စည်းထားပြီး Oriental Highway ကုမ္ပဏီ လီမိတက်အနေဖြင့် လုပ်ငန်းဆောင်ရွက်မည်ဆိုပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီက မလွတ်ကင်းသည့် မီးတိုင်များ၊ ဖုန်းတိုင်များနှင့် ရေမြောင်းများကို အချိန်မီ ဖယ်ရှားပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

သတ်မှတ်ချက်များအရ မြို့တစ်မြို့တွင် ယာဉ်အစီးရေ ၂၀၀၁ စီးမှ ၅၀၀၀ အထိ ရှိလာပါက ၄၈ ပေအကျယ် ယာဉ်သွားလမ်းကို တိုးချဲ့ဆောင်ရွက်ပေးရမည်ဖြစ်ရာ မူဆယ်မြို့လမ်းမပေါ်၌ အကြမ်းဖျင်းအားဖြင့် တစ်ရက်လျှင် ယာဉ်အစီးရေ လေးထောင်ကျော် သွားလာနေကြောင်း သိရသည်။ မူဆယ်မြို့သည် ယာဉ်သွားယာဉ်လာများသည့်မြို့ ဖြစ်သည့်အတွက် မြို့တွင်းလမ်းသည် လေးလမ်းသွားဖြစ်သွားပါက သွားလာရေးကို ချောမွေ့စေမည့်အပြင် မြို့၏ ဂုဏ်ကျက်သရေ၊ အလှအပများလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများက လမ်းတိုးချဲ့သည့် လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဦးစီးမှူးက ပြောကြားသည်။

**ဆလိုင်းဗန်ရှိုးထန် (ပြန်/ဆက်)**

# ခန္တီးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ခန္တီး ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ဆန်ဖိုးထောက်ပံ့ငွေများကို မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များက ဇူလိုင် ၁၅ ရက် ညနေပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။ လူတစ်ဦးလျှင် တစ်ပတ်စာ ဆန်ဖိုး ကျပ် ၂၁၀၀ နှုန်းဖြင့် လူဦးရေ ၈၅၀ ကျော်အတွက် တစ်ပတ်စာ ဆန်ဖိုးထောက်ပံ့ငွေ ကျပ် ၁၀ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်လွန်၍ ခန္တီးမြို့၏ အနိမ့်ပိုင်းနေရာအချို့ ဆင်သေကျေးရွာနှင့် အချို့ရွာများသို့ ဝင်ရောက်လျက်ရှိရာ ခန္တီးမြို့မှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၅၂ စု၊ လူဦးရေ ၂၅၃ ဦးကို မြသိန်းတန်စေတီ မြို့ညွန့်ဗိမာန်တော်နှင့် ဘုရားစောင်းတန်း၌လည်းကောင်း၊ ဇီးဖြူကုန်းရွာမှ အိမ်ထောင်စု ၂၀ စု လူဦးရေ ၁၀၀ ကို ဇီးဖြူကုန်း အလကကျောင်း၌လည်းကောင်း၊ ဆင်သေကျေးရွာမှ အိမ်ထောင်စု ၁၀၃ စု လူဦးရေ ၅၀၈ ဦးကို ဆင်သေတရုတ်ဘုံကျောင်း၌လည်းကောင်း ယာယီရွှေ့ပြောင်းထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ကမ်းပါးပြို၍ ကြိုတင်ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ထောက်ပံ့

**ရေစကြို ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ကျေးရွာများ၌ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေ တိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရသော အိမ် ၃၅ လုံးမှ အိမ်ထောင်စု ၃၉ စုအတွက် ထောက်ပံ့ငွေများကို ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဇူလိုင် ၁၅ ရက်က ပေးအပ်ခဲ့သည်။

ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် အောင်ပန်းချောင်း၊ ပခန်းငယ်၊ ချစ်သူ၊ ချင်းယား၊ ငါးလန်၊ ကွေ့ထောင့်နှင့် ဇယမ ကျေးရွာတို့မှ နေအိမ်များ ဖျက်သိမ်းရွှေ့ပြောင်းရသည့် ပြည်သူများအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ငွေကျပ် ၃၈၆၄၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၃၅ သိန်းနှင့် တစ်အိမ်ထောင်လျှင် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးစီတို့ကို ရေစကြိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင်နှင့် ရေစကြိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရွှေ့ပြောင်းအိမ်ထောင်စုဝင်များကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ကသာ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများကို ကသာခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက်တွင် ကသာမြို့ အမှတ်(၃)ရပ်ကွက် မဟာလေးထပ်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၈)ရပ်ကွက်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေတက်မှုကြောင့် နေအိမ်များကိုစွန့်ခွာ၍ ကသာမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စု ၁၀၄ စု၊ လူဦးရေ ၅၅၃ ဦးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုး ငွေကျပ် ၁၂ သိန်းကျော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မိသားစုသုံးပစ္စည်းပုံး(Family Kits)များကို ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေဝင်ရောက်နေသော ဒေသများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ရန် ဌာနဆိုင်ရာ ဝန်ထမ်းများအား မှာကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းထက်(ပြန်/ဆက်)**

# နတ်မောက်မြို့နယ်မှ သီးနှံပျက်စီးသည့်တောင်သူများအား ထောက်ပံ့

**နတ်မောက် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ်က သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံထိခိုက်ပျက်စီးခဲ့သည့် တောင်သူများအတွက် ထောက်ပံ့ငွေများကို ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်က ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်သည့် အခြေအနေနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကြည်မြင့်က သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သီးနှံပျက်စီးသည့် တောင်သူလယ်သမားများကိုယ်စား ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များထံသို့ ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

နတ်မောက်မြို့နယ်၌ ၂၀၁၈ ခုနှစ်က သဘာဝဘေးများကြောင့် မိုးနှမ်း ၁၃၇၂ ဧက၊ မိုးမြေပဲ ငါးဧကနှင့် နွေနှမ်း ၃၃ ဧက ပျက်စီးခဲ့ရာ အဆိုပါ ပျက်စီးမှုများအတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် တောင်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**လှဝင်း (နတ်မောက်)**

# ဆားလင်းကြီးမြို့နယ်၌ သဘာဝဘေးသတိပေးချက် မိုဘိုင်းအက်ပလီကေးရှင်း ဖြန့်ဝေပေး

**ဆားလင်းကြီး ဇူလိုင် ၁၆**

ဆားလင်းကြီးမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် သဘာဝဘေး အန္တရာယ်များကို ကြိုတင်သိရှိ ကာကွယ်နိုင်ရန်အတွက် သဘာဝဘေးသတိပေးချက် မိုဘိုင်းအက်ပလီကေးရှင်း(Disaster Alert Notification-DAN Application)ကို ယင်းမာပင်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ ဆားလင်းကြီးမြို့မှ ပြည်သူများထံသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ဇူလိုင် ၁၅ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မိုဘိုင်းအက်ပလီကေးရှင်းကို ဖြန့်ဝေပေးရာတွင် ယင်းမာပင်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်ဆုဝေက DAN Application ကို ဖြန့်ဝေပေးသည့် ရည်ရွယ်ချက်များနှင့် အက်ပလီကေးရှင်းထဲတွင် ပါဝင်သော သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ သဘာဝဘေးများအတွက် ကြိုတင်သတိပေးချက်များ၊ ဘေးကင်းစေရန် အကြံပြုချက်များ၊ အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ စသည့် အကြောင်းအရာများနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ DAN Application ကို ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၂ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများထံ ဖြန့်ဝေ၍ အသုံးပြုပုံများ ရှင်းလင်းပြသခဲ့သလို အခြားသော ရယူအသုံးပြုလိုသူများအနေဖြင့်လည်း DAN Application ကို ဖုန်းအမျိုးအစားအပေါ်မူတည်၍ Play Store နှင့် Apple Store တို့တွင် Download ဆွဲပြီး ရယူနိုင်ကြောင်း သိရသည်။

**ဇော်လင်း(ဆားလင်းကြီး)**

# လပွတ္တာမြို့နယ်၌ မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုပြုလုပ်

**လပွတ္တာ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရေတွင်းဆိပ်အုပ်စု အရာတော်ကျေးရွာ၌ မုန်တိုင်းသဏ္ဌာန်တူ ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို လပွတ္တာခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဦးဆောင်၍ AVSI အဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။



ရှာဖွေကယ်ဆယ်ရေး သဏ္ဌာန်တူလေ့ကျင့်နေသည့် မီးသတ်နှင့် ရဲတပ်ဖွဲ့ဝင်များ

အဆိုပါ မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုတွင် လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအဖွဲ့တို့မှ ဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း ၇၀၀ ကျော် ပူးပေါင်းပါဝင်ခဲ့ပြီး လေ့ကျင့်မှုမပြုလုပ်မီ ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေး ရီက သဘာဝဘေးနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန် အချက်များ၊ မုန်တိုင်းအဝါရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့်တို့တွင် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ အနီရောင်အဆင့်တွင် အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရွှေ့ပြောင်းရေးအစီအစဉ်များ၊ ကျေးရွာသဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်များ၊ အညိုရောင်အဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အစိမ်းရောင်အဆင့်တွင် မုန်တိုင်းဖြတ်ကျော်ပြီးဖြစ်၍ အန္တရာယ်ကင်းရှင်းပြီဖြစ်သောကြောင့် ပြန်လည်ရွှေ့ပြောင်းရန် အစီအစဉ်များ စသည်တို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုကို ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်း၍ ပြုလုပ်ခဲ့ပြီး မုန်တိုင်းကြောင့် ပျောက်ဆုံးသူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ဒဏ်ရာရသူများအား ရှေးဦးသူနာပြုပုံများကို လက်တွေ့သဏ္ဌာန်တူ ပြုလုပ်ခဲ့ကြသည်။

**ဝင်းကျော်မြင့်**

## တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန် ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအုပ်စု၊ ပြင်သာကျေးရွာ အနီးတွင် တည်ရှိသော တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအား အများပြည်သူလေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန်အတွက် အစီရင်ခံစာနှင့်အတူ အများပြည်သူ၏သုံးသပ်အကြံပြုချက်များ ရေးသွင်းရန်ပုံစံကို အောက်ဖော်ပြပါနေရာများတွင် ထားရှိပြီးဖြစ်ပါသည်။

၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ပင်လောင်းမြို့နယ်
၂။ မြို့အုပ်ချုပ်ရေးမှူးရုံး၊ နောင်တရားမြို့
၃။ တီကျစ်/ဘန်းပြင်/ဘုရားဖြူ/မြင်တွင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ
၄။ ပြည်သူဆက်ဆံရေးရုံး၊ တီကျစ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ၊ တီကျစ်။
၅။ E Guard Environmental Services ၏ ရုံး၊ အမှတ် (၁၁)၊ လေဆိပ်ရိပ်သာလမ်း၊ (၁၀) မိုင်ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
၆။ http://www.eguardservices.com/disclosure တွင်လည်း download ရယူနိုင်ပါသည်။

မှတ်ချက် ။ ။ အကြံပြုချက်ပုံစံများအား အထက်ဖော်ပြပါနေရာများတွင်ရယူနိုင်ပြီး၊ ယခုကြေညာပြီး (၁၄) ရက်အတွင်း နောက်ဆုံးထား၍ သုံးသပ်အကြံပြုချက်များကို အထက်ပါနေရာများသို့ ပေးပို့နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ။ ။ စက်ရုံမှူး ၀၉-၄၀၁၅၈၃၂၂၁
E mail လိပ်စာ ။ ။ moeptegyit@hotmail.com

တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ

---

**အမည်ပြောင်း**

မြောင်းမြမြို့၊ ရွှေဂုံတိုင် (၂)လမ်းနေ (ဘ)ဦးမြင့်နိုင်၏ သား အ၄မတန်း(ဇီဇဝါ) အထက(၁)မှ မောင်ကောင်းခန့်နိုင်အား မောင်ခိုင်မြဲအောင်ဟု ခေါ်ဆိုပါရန်။

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၃၂၃)၊ ဧရိယာ ၀ ဒသမ၁၄၆ဧကရှိ ဒေါ်ခင်မာအေး (ဘ)ဦးဖေသောင်း ၉/မထလ(နိုင်)၀၁၀၆၁၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးချမ်းသာ (ဘ)ဦးဗဗ ၉/မထလ(နိုင်)၀၁၀၆၁၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၃၃၀)၊ ဧရိယာ ၀ ဒသမ၁၄၆ဧကရှိ ဒေါ်ခင်မာအေး (ဘ)ဦးဖေသောင်း ၉/မထလ(နိုင်)၀၁၀၆၁၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးချမ်းသာ (ဘ)ဦးဗဗ ၉/မထလ(နိုင်)၀၁၀၆၁၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၃၂၉)၊ ဧရိယာ ၀ ဒသမ၁၄၆ဧကရှိ ဒေါ်ခင်မာအေး (ဘ) ဦးဖေသောင်း ၉/မထလ(နိုင်)၀၁၀၆၁၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးချမ်းသာ(ဘ)ဦးဗဗ ၉/မထလ(နိုင်)၀၁၀၆၁၅မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၃၂၈)၊ ဧရိယာ ၀ ဒသမ၁၄၆ဧကရှိ ဒေါ်ခင်မာအေး (ဘ)ဦးဖေသောင်း ၉/မထလ(နိုင်)၀၁၀၆၁၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးချမ်းသာ(ဘ)ဦးဗဗ ၉/မထလ (နိုင်)၀၁၀၆၁၅မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၈)၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)၊ ဦးပိုင်အမှတ် (၃၈/၄၄၂ ဃ)၊ ဧရိယာ ၀ဒသမ၀၆၃ဧကအား ဒေါ်နော်မို့မို့ဇော်မှ အမှုတွဲအမှတ် ၄၇၀-၅/၁၉၉၉-၂၀၀၀(အေ)ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားပြီး မြေဧရိယာ ၀ဒသမ၀၆၃ဧကအနက်မှ ၀ဒသမ၀၄၈ဧကအား အိမ်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ်(၇၇I/၂၀၁၃)ဖြင့် ဒေါ်အယ်လ်မောရီ ၁၃/လရန(နိုင်)၀၂၆၉၃၁ မှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ ခွဲစိတ်ခွင့်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၆)၊ ဟတ်ကာလမ်း၊ အိမ်အမှတ် (၆/၄၇) နေ ဦးဝမ်ကျင်ဆန်း ၁၃/လရန(နိုင်) ၀၆၂၃၇၆နှင့် ဒေါ်ခွမ်ပွေဖန် ၁၃/လရန(နိုင်)၀၆၃၆၀၀ တို့၏သား မောင်အောင်ဆန်း ၁၃/လရန(နိုင်)၁၁၇၀၉၃သည် မိဘဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးဝမ်ကျင်ဆန်း-ဒေါ်ခွမ်ပွေဖန်**

---

### ဖခင်အမည်မှန်

လက်ပံတန်းမြို့နယ်၊ အထက ခမုံဆိပ် တက္ကသိုလ်ဝင်တန်း (A) မှ မအေးဝတ်ရည်ကြွယ်၏ ဖခင်အမည်မှန်မှာ ဦးဖိုးလှ ၇/လပတ(နိုင်)၀၆၄၀၉၇ ဖြစ်ပါကြောင်း။

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ စခန်း ရ·မ·ခ နေ တကက/စရ သိန်းသန်းအောင်နှင့်ဒေါ်ရီရီစိုးတို့၏သား မောင်ရဲထွဋ်အောင်နှင့်မောင်ရဲထွဋ် ၁၃/လရန(နိုင်)၂၄၁၇၄၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းသန်းအောင်**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၅၁၉၂ Honda cop custom cms/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစောလင်းအောင် ၁၀/သထန(နိုင်)၀၉၇၀၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၁၈၅၅၄ Honda Wave 125/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဌေး ၁၀/မလမ(နိုင်)၀၄၇၈၈၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

---

### ခင်ပွန်းအဖြစ်မသက်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာ၊ အိမ်အမှတ်(၁)နေ ဒေါ်နွယ်နီဝင်း ၉/ပမန(နိုင်)၁၅၅၁၃၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်စံ(ဘ)ဦးတင်သောင်း ၅/စကန(နိုင်)၁၉၈၃၈၀ သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စများဖြင့် ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ၆-၇-၂၀၁၉ရက်တွင် ဦးအောင်ကျော်စံသည် လုပ်ငန်းသုံးငွေများနှင့် ပိုင်ဆိုင်မှုပစ္စည်းအချို့ယူပြီး ၎င်းသဘောဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားခဲ့သဖြင့် အဆက်အသွယ်ပြုလုပ်၍ ပြန်ခေါ်သော်လည်း လုံးဝဆက်သွယ်မရတော့ပါသောကြောင့် ဤကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေမိသားစုနှင့် ဦးအောင်ကျော်စံတို့ မည်သို့မျှသက်ဆိုင်မှုမရှိတော့ကြောင်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း တာဝန်မယူကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နီဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နွယ်ဦး LL.B.,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၅၈၆/၁၄)**
**အမှတ်(၈၇)၊ မအူတောရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၂၅၀၉၅၅၅၇၁**

---

### အမည်မှန်

ဦးမင်းအောင်မွန်သမီး မော်လမြိုင်မြို့၊ ပညာဖူးပွင့် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မိမဏိစန္ဒာ၏ အမည်မှန်မှာ မိသဇင်စော ဖြစ်ပါကြောင်း။

**မိသဇင်စော**

---

### ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း အ၄မတန်း(B) မှ မိသဥ္ဇာထွန်း၏ ဖခင်အမည်မှန်မှာ မင်းနေမင်းထွန်း ၁၀/ကမရ(နိုင်)၀၆၃၁၉၂ ဖြစ်ပါကြောင်း။

**မင်းနေမင်းထွန်း**

---

### ဖခင်အမည်မှန်

တောင်သာမြို့ အထက(ခွဲ) ကျွန်းကြီး တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းငြိမ်းဖိုလ်၊ အ၄မတန်းမှ မစုစုပို၊ ဆ၄မတန်းမှ မောင်ရဝေထွန်းနှင့် စတုတ္ထတန်းမှ မောင်ရဲရှိန်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးညွန့်တင် ၉/တသန(နိုင်)၁၃၂၇၂၈ ဖြစ်ပါကြောင်း။

**ဦးညွန့်တင်**

---

### မွေးသက္ကရာဇ်အမှန်

နေပြည်တော် အထက (၅)၊ ပထမတန်း(က)မှ ဦးအောင်နိုင်၏ သမီး မယွန်းသီရိအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၉-၂၀၁၂ ဖြစ်ပါကြောင်း။

**မယွန်းသီရိအောင်**

---

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် အထက (၁) နဝမတန်း (I)မှ မောင်ဖြိုးမင်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၂၀၀၅ ဖြစ်ပါကြောင်း။

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5315 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

### ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားကျေးရွာ၊ အမှတ်(၂)ပြည်လမ်းနေ ဦးဇော်ဦးသည် Aryone Oo အမည်ဖြင့် ရေသန့်ထုတ်လုပ်ရောင်းချမည်ဖြစ်သဖြင့် နာမည်တူရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဇော်ဦး ၈/တတက(နိုင်)၀၂၁၄၂၄**
**ဖုန်း-၀၉-၅၃၃၃၆၉၀**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၃၂၇)၊ ဧရိယာ ၀ ဒသမ၁၄၆ဧကရှိ ဒေါ်ခင်မာအေး (ဘ)ဦးဖေသောင်း ၉/မထလ(နိုင်)၀၁၀၆၁၆ အမည်ပေါက်ပါမစ်မြေကွက်အား ဦးချမ်းသာ (ဘ) ဦးဗဗ ၉/မထလ(နိုင်)၀၁၀၆၁၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၉)၊ ဦးပိုင်အမှတ် (၁၂၉/၄၅-က)၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေကွက်ကို ဦးဇော်ထွန်း ၁/မကန(နိုင်)၁၅၃၆၅၄ မှ (၂၀၀၀)ပြည့်နှစ်မှစတင်၍ မိသားစုနှင့်အတူ ခြံဝင်းအားအခိုင်အမာခတ်၍ နေအိမ်တစ်ထပ်ဆောက်လုပ်နေထိုင်လာသည်မှာ (၁၉)နှစ်ခန့်ရှိပြီဖြစ်သဖြင့် ဦးဇော်ထွန်း ၁/မကန(နိုင်)၁၅၃၆၅၄ မှ ၎င်း၏အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁၄-၅-၂၀၁၉ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ် (၂၇၂/၂၀၁၉)ကို ၁၆-၅-၂၀၁၉ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၃၂/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ အကွက်အမှတ် (၁၄/ပြည်တော်သာရပ်)၊ ဦးပိုင်(၁၄)၊ ဧရိယာ ၀ ဒသမ ၁၀၈ဧကရှိ ဦးအောင်ဝင်း ၁၃/လရန(နိုင်)၀၂၁၉၁၁ အမည်မှ ဒေါ်နန်းလီ ၁၃/လရန(နိုင်)၀၇၀၈၁၉ သို့ အမည်ပြောင်းမြေဂရန်လျှောက်ထားခြင်းအပေါ် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသော ဒေါ်စိန်ညွန့် ၁၃/လရန(နိုင်)၀၂၂၃၄၁၊ ရပ်ကွက် (၁)၊ နယ်မြေ (၁)ပိုင်မြေကွက်အဝင်အထွက်အသုံးပြုနေသော (၉) ပေအကျယ်လမ်းအား ဦးအောင်ဝင်းနှင့် ဒေါ်နန်းလီတို့၏ မြေဂရန်အတွင်း ထည့်သွင်းထားပါသဖြင့် ကျွန်မပိုင်ဒေါ်စိန်ညွန့်၏ ဝင်ထွက်လမ်းအား မြေဂရန်အတွင်းမှပယ်ဖျက်ပေးပါရန် ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။ (လားရှိုးမြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ၂၀၁၉ ခုနှစ် မေ ၂၁ရက် ကန့်ကွက်လွှာတင်သွင်းပြီးဖြစ်ပါသည်)

**ဒေါ်စိန်ညွန့်**
**ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ သဇင်လမ်း၊ လားရှိုးမြို့**
**ဖုန်း-၀၉-၄၀၃၇၄၁၆၁၂**

---

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၈)၊ အကွက်အမှတ် (၃၅/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ် (၉၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၉ဧက၊ မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၄-၅/၂၀၀၁-၂၀၀၂(အေ)ကို ဦးလောက်အဲမှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၃၁-၁-၂၀၁၉ ရက်တွင် ဦးလောက်အဲမှ လားရှိုးမြို့နယ်စာချုပ်အမှတ် ၃၆၈I/၂၀၁၉ ဖြင့် ဒေါ်ဟော်ကြူလန် ၁၃/လရန(နိုင်)၁၀၁၁၃၅အား ရောင်းချခဲ့ပြီး ဒေါ်ဟော်ကြူလန်မှ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာတွင်ပါသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၈)၊ အကွက်အမှတ် (၄၂/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ် (၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၉ဧက၊ မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၅-၅/၂၀၀၁-၂၀၀၂ (အေ)ကို ဦးလောက်အဲမှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၃၁-၁-၂၀၁၉ရက်တွင် ဦးလောက်အဲမှ လားရှိုးမြို့နယ်စာချုပ်အမှတ် ၃၅၄I/၂၀၁၉ ဖြင့် ဒေါ်ဟော်ကြူလန် ၁၃/လရန(နိုင်)၁၀၁၁၃၅အား ရောင်းချခဲ့ပြီး ဒေါ်ဟော်ကြူလန်မှ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာတွင်ပါသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

### မိခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ အထက (ကျိုက္ခမီ)၊ တက္ကသိုလ်ဝင်တန်းမှ မနွယ်ဝါလွင်၏ မိခင်အမည်မှန်မှာ ဒေါ်တင်နွယ် ၁၀/သဖရ(နိုင်)၁၁၃၆၇၇ ဖြစ်ပါကြောင်း။

**ဒေါ်တင်နွယ်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း (A) မှ မမိုးမြတ်ဆွေ၏ဖခင် ဦးတင့်ဆွေ(ခ) ဦးတင့်ရွှေ ၇/လပတ(နိုင်)၀၆၃၈၉၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင့်ဆွေ(ခ)ဦးတင့်ရွှေ**

---

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၂)တာမွေ အ၄မတန်း (B) မှ မလဲ့လဲ့ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်လင်း ၇/မညန(နိုင်)၀၆၃၈၇၅ ဖြစ်ပါကြောင်း။

**ဦးဉာဏ်လင်း**

---

### ဖခင်အမည်မှန်

ပုသိမ်မြို့၊ ပန်းတင်ကုန်းရပ်ကွက်၊ စိန့်ဂျွန်ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းမှ မောင်ဥက္ကာဖိုလ်၏ ဖခင်အမည်မှန်မှာ ဦးကိုမျိုး ၁၄/ဟသတ(နိုင်)၂၀၂၁၉၆ ဖြစ်ပါကြောင်း။

**ဦးကိုမျိုး**

---

### ဖခင်အမည်မှန်

လှည်းကူးမြို့နယ်၊ အင်းတိုင် အထက တက္ကသိုလ်ဝင်တန်း (A)မှ မဝေဝေနွယ်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၈/နမန(နိုင်)၁၆၀၀၀၇ ဖြစ်ပါကြောင်း။

**ဦးဇော်လင်း**

---

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်ကျေးရွာ ဇေရတ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ဇော်ထက်အား မောင်ဖွဲ့ပိုင်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖွဲ့ပိုင်ဝင်း**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/3726 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/4549 Mitsubishi Canter Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်မိုး ၁၂/လမန(နိုင်)၁၂၁၃၁၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊**
**ရန်ကုန်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/8905 Toyota Probox NCP50 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးဦး ၉/မထလ(နိုင်)၃၀၉၃၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3024 Toyota Mark II S ယာဉ်အမည်ပေါက်သူ ဒေါ်အေးစန္ဒာ ၁၂/ဥကတ(နိုင်)၀၁၅၁၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဝ**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်းသွယ်(၁)နေ ဒေါ်မြနွဲ့၏ခင်ပွန်း၊ ဦးကျော်စိုးထူး-ဒေါ်ခင်မာလာတို့၏ဖခင် ဦးကျော်ဝ သည် ၁၄-၇-၂၀၁၉ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**

**1984-85 RC3(Physics) Group**

**မကြည်အောင်၊မမလှ၊အစော၊အသန်း၊အေးသန်း၊ အေးသန့်၊ မို့ဦး၊ ခိုင်မိုး၊ အုံ၊ တာတာ၊ ဘိုစု၊ မိုးမိုး၊ သန္တာ၊ အီကော၊ ချိုချို၊ သင်းသင်း၊ နီလာ၊ ဟန်နီ၊ ချိုညွန့်၊ သူရ၊ ဘကျန်၊ ကျင်ကျူး၊ ကယား၊ ကိုချစ်၊ ကိုသက်၊ အစိုး၊ အထွတ်၊ မောင်ထွန်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**(ကြည်း-၇၅၃၆) ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား)B.A,B.L**

ဥက္ကဋ္ဌ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့

ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး စောင့်ရှောက်ရေးအဖွဲ့

နယက၊တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)၊ ဥက္ကဋ္ဌ၊ ဥပါသကာအဖွဲ့၊ စစ်ကိုင်းရွှေဟင်္သာစံကျောင်း၊

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း

မှုခင်းတပ်ဖွဲ့မှူး(CID)(ငြိမ်း)

**အသက်(၈၅)နှစ်**

ဖျာပုံမြို့နေ(ဦးရွှေတိုး-ဒေါ်အေးသင်)တို့၏သား၊ဖျာပုံမြို့နေ(ဦးထွန်း-ဒေါ်ပန်းအိ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၁၇/ကနေ ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း(ပညာရေးတက္ကသိုလ်၊ငြိမ်း)၏ခင်ပွန်း၊ ကပ္ပတိန်တင်စိုးလွင်(Master Mariner FG)-ဒေါက်တာကေသီရှိန်၊ ဦးအောင်မျိုးရှိန်-ဒေါ်ဥမ္မာစိုးတို့၏ဖခင်၊ မအင်ကြင်းစုလွင်၊ မောင်ရဲဘုန်းအောင်၊ မောင်ခန့်ဇံအောင်၊မဖြူဝင်းသန့်အောင်တို့၏အဘိုးသည် ၁၅-၇-၂၀၁၉ရက် (တနင်္လာနေ့)ည ၁၀း၄၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ၁၆-၇-၂၀၁၉ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါတက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၁၇/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဖခင်အမည်မှန်**

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)မတောင့်တ တက္ကသိုလ်ဝင်တန်းမှမောင်ညီညီမင်းထက်၊ Grade-6မှ မောင်အာဇာနည်၊ အမက ထူးချောင်းGrade-3မှ မအိဖူးဝေတို့၏ဖခင် အမည်မှန်မှာ ဦးဇော်မင်း ၇/အဖန(နိုင်) ၀၉၉၈၃၃ ဖြစ်ပါကြောင်း။ **ဦးဇော်မင်း**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကျော်ခိုင် (ဘ)ဦးစိန်လှိုင် ၁၂/ကခက(နိုင်)၀၁၉၇၆၁ ၏ပတ်စ်ပို့ (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၈၁၂၇၈၃**

---

**ဖခင်အမည်မှန်**

ဂန့်ဂေါ အထက တက္ကသိုလ်ဝင်တန်း(E)မှ မအိချိုလွင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၈/ဂဂန(နိုင်) ၀၈၁၈၇၉ ဖြစ်ပါကြောင်း။

---

**အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ အိုက်ဂျား၏အမည်မှန်မှာ မိုင်းအိုက်ဂျား(ခ) မိုင်းဝင်းမြင့်ထွန်း ဖြစ်ပြီးဖခင်အမည်မှန်မှာ ဦးမိုင်းကျော်အေးဖြစ်ပါကြောင်း။**ဦးမိုင်းကျော်အေး**

---

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ လွေးသီတာအေး၏ ဖခင်အမည်မှန်မှာ ဦးကံဆိုင် ၁/မစန(နိုင်) ၀၂၄၀၅၉ ဖြစ်ပါကြောင်း။

**ဦးကံဆိုင်**

---

**ဥတုရာသီ တောကိုမှီ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**(ကြည်း-၇၅၃၆) ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား)B.A,B.L**

ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၁၇/ကနေ ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း (ပညာရေးတက္ကသိုလ်၊ငြိမ်း)၏ခင်ပွန်း၊ ကပ္ပတိန်တင်စိုးလွင်(Master Mariner FG)-ဒေါက်တာ ကေသီရှိန်၊ ဦးအောင်မျိုးရှိန်-ဒေါ်ဥမ္မာစိုးတို့၏ဖခင်၊ မအင်ကြင်းစုလွင်၊ မောင်ရဲဘုန်းအောင်၊ မောင်ခန့်ဇံအောင်၊ မဖြူဝင်းသန့်အောင်တို့၏အဘိုး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကြားတောရလမ်းထောင့်ရှိ ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးအား စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ ဥက္ကဋ္ဌ၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း သာသနာ့မြေဒါယကာကြီး ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) သည် ၁၅-၇-၂၀၁၉ရက် ည ၁၀း၄၉ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး**
**စောင့်ရှောက်ရေးအဖွဲ့ဝင်များ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်မောင်အေး (DSA 20th Intake)**

**VICE CHAIRMAN**

**Chindwin River Project Co.,Ltd**

**Ruby & Sapphire Co.,Ltd**

**Hello Madam Media Group Co.,Ltd**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်(A-3-1)၊ အခန်း(၁၃၀၁)နေ (ဦးခင်မောင်အေး-ဒေါ်ခင်မာကြည်)တို့၏သား၊ (ဒေါ်ဒေစီကျော်ဇော)-ဒေါ်စိုးယုဝေ(National Director-Miss Universe Myanmar Organization)၏ ချစ်လှစွာသောခင်ပွန်း၊ဗိုလ်ကြီးအောင်ကြည်(ငြိမ်း)-ဒေါ်တင်တင်ဦး၊ ဗိုလ်ချုပ်စိုးနိုင်(ငြိမ်း)-ဒေါ်တင်တင်လတ်တို့၏မောင်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းနိုင်-ဒေါ်ခင်သစ္စာဝတီ၊ ဦးသန့်စင်-ဒေါ်ခင်ပပဝတီတို့၏အစ်ကို၊ ဗိုလ်မှူးချုပ်ခင်မောင်စိုး-ဒေါ်တင်စန္ဒီအေး၊ ဦးတင်ဇာနည်မောင်-ဒေါက်တာနော်ဖူးငုံကိုကို၊ မောင်တင်အာကာမောင်၊ မောင်တင်သုတမောင်တို့၏ဖခင်၊ မဆုရတနာစိုး၊ မောင်ဘုန်းပြည့်စိုး၊ မတင်ချယ်ရီကို တို့၏ ဘိုးဘိုးကြီးသည် ၁၅-၇-၂၀၁၉ရက်တွင် စင်ကာပူနိုင်ငံ စံတော်ချိန် နံနက် ၇း၀၇နာရီတွင် စင်ကာကူနိုင်ငံ Gleneagles Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**(ကြည်း-၇၅၃၆) ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား) B.A,B.L**

နာယက၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၁၇/ကနေ ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း(ပညာရေးတက္ကသိုလ်၊ငြိမ်း)၏ခင်ပွန်း၊ ကပ္ပတိန်တင်စိုးလွင်(Master Mariner FG)-ဒေါက်တာ ကေသီရှိန်၊ ဦးအောင်မျိုးရှိန်-ဒေါ်ဥမ္မာစိုးတို့၏ဖခင်၊ မအင်ကြင်းစုလွင်၊ မောင်ရဲဘုန်းအောင်၊ မောင်ခန့်ဇံအောင်၊မဖြူဝင်းသန့်အောင်တို့၏အဘိုး၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)တွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အဘက် ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော နာယက၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း သာသနာ့မြေ ဒါယကာကြီး ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) သည် ၁၅-၇-၂၀၁၉ရက် ည ၁၀း၄၉နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကပ္ပိယကာယက အဖွဲ့**
**တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်မြိုင်**

**အသက်(၈၆)နှစ်**

ဒေါက်တာ နန်းကေသီဝင်း (တွဲဖက်ပါမောက္ခ၊ အသည်းအထူးကုဆရာဝန် မန္တလေးပြည်သူ့ဆေးရုံကြီး) ၏မိခင် ဒေါ်ခင်မြိုင်သည် ၁၄-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အသည်းရောဂါဆေးပညာဌာနမိသားစု**
**ခုတင်-၅၀၀အထူးကုဆေးရုံကြီး**
**လမ်းမတော်၊ ရန်ကုန်နှင့်**
**အသည်းရောဂါဆေးပညာဌာနမိသားစု**
**မြောက်ဥက္ကလာပ သင်ကြားရေးဆေးရုံကြီး**
**ရန်ကုန်**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**(ကြည်း-၇၅၃၆) ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား)B.A,B.L**

ဥက္ကဋ္ဌ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၁၇/ကနေ ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း(ပညာရေးတက္ကသိုလ်၊ငြိမ်း)၏ခင်ပွန်း၊ ကပ္ပတိန်တင်စိုးလွင်(Master Mariner FG)-ဒေါက်တာကေသီရှိန်၊ ဦးအောင်မျိုးရှိန်-ဒေါ်ဥမ္မာစိုးတို့၏ဖခင်၊ မအင်ကြင်းစုလွင်၊ မောင်ရဲဘုန်းအောင်၊ မောင်ခန့်ဇံအောင်၊မဖြူဝင်းသန့်အောင်တို့၏အဘိုး၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၁) နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအား (၂၄)နှစ်တိုင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သောနှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး၏ ဥက္ကဋ္ဌ၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း သာသနာ့မြေ ဒါယကာကြီး ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) သည် ၁၅-၇-၂၀၁၉ရက် ည ၁၀း၄၉နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊**
**ဘိုးဘွားများနှင့်ဝန်ထမ်းများ**

---

**အမည်မှန်**

စဥ့်ကူးမြို့နယ်၊ ကျဉ်တောက်ပေါက်ကျေးရွာ အထက စတုတ္ထတန်း(D)မှ ဦးမြင့်စိုး-ဒေါ်စံပယ်တို့၏သား မောင်ဝသုန်မြင့်၏ အမည်မှန်မှာ မောင်ဆန်းမောင်ဦးဖြစ်ပါကြောင်း။ **မောင်ဆန်းမောင်ဦး**

---

**ဖြည့်စွက်ဖတ်ရှုပါရန်**

၁၆-၇-၂၀၁၉ရက် မြန်မာ့အလင်း သတင်းစာစာမျက်နှာ(၂၆)ပါ ပန်းရောင်ကတ် ပျောက်ဆုံးကြောင်း ကြော်ငြာတွင် ဦးမင်းမင်း၅/ဝလန(နိုင်)၁၀၄၇၈၆ (ပန်းရောင်ကတ်) အမှတ် (MWD-000351/MP2167)ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

---

**အမည်မှန်**

လှိုင်းဘွဲမြို့နယ်၊ နောင်တိုင်ကျေးရွာအုပ်စု၊ မဲဆမိတ်ကျေးရွာနေ နန်းမိုးချစ် ၃/လဘန(နိုင်) ၁၅၂၉၇၈ ၏အမည်မှန်မှာ နန်းမိုးမိုးချစ် ဖြစ်ပါကြောင်း။

---

**ကန့်ကွက်နိုင်ပါကြောင်း**

ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၁-ဂ)၊ ဦးပိုင်အမှတ်(၁၅၀)၊ မြေဧရိယာ ၀ဒသမ၂၉ဧကရှိ ယာမြေအား ဒေါ်နေနွယ် ၉/အမရ(နိုင်)၀၆၂၄၆၄မှ လူနေထိုင်ရန်အတွက် ပြင်ဦးလွင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ် မ(၃၀)အရအခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**



ဝါဆိုလပြည့်နေ့ရုံးပိတ်ရက်တွင် နေပြည်တော် ရေပန်းဥယျာဉ်၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းမင်းဇော်

# ရုံးပိတ်ရက်တွင် နေပြည်တော်တစ်ဝန်း အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

ခရစ်နှစ် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ ဖြစ်သည်နှင့်အညီ တရားဝင်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ ကျောင်းကန်များ၌ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ကပ်လှူပူဇော်သူ၊ တရားဘာဝနာ ကျင့်ကြံအားထုတ်သူ၊ ဒါနပြုကုသိုလ်ယူ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အပန်းဖြေနားနေရာများ၌လည်း အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ အပန်းဖြေနေရာများဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လေ့ခွင်းတောင် အစရှိသည့်နေရာများနှင့် ဈေးဝယ်စင်တာများ၊ ရုပ်ရှင်ရုံများတွင် ဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်တော်ကွပ်ကဲရတဲ့ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ဒီနေ့ဟာ နေ့ထူးနေ့မြတ်ဖြစ်တဲ့အတွက် တိရစ္ဆာန်ဥယျာဉ်ထဲကို လာရောက်အပန်းဖြေကြရင်း တိရစ္ဆာန်တွေကို အစာကျွေးကုသိုလ်ကောင်းမှုပြုကြတဲ့ *စာမျက်နှာ ၅ ကော်လံ ၁* ❄





မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ပထမဆုရ GV Athletic အသင်းကို ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ-MFF

# မန္တလေး၌ ကျင်းပသော ဖူဆယ်ပြိုင်ပွဲတွင် GV Athletic အသင်း ဗိုလ်စွဲ

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Warrix ၏ အဓိကပံ့ပိုးမှုဖြင့် ကျင်းပမည့် MFF Warrix Futsal Cup 2019 (မန္တလေး) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိအားကစားရုံ၌ ကျင်းပရာ GV Athletic အသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲတွင် GV Athletic အသင်းက AKS (A) အသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရပြီး တတိယနေရာလုပွဲတွင် JZM (A) အသင်းနှင့် လင်းလက်အသင်းတို့ ငါးဂိုးစီသရေကျနေသောကြောင့် ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ လင်းလက်အသင်းက ၁၂ ဂိုး- ၁၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ဆုရအသင်းများနှင့် ဆုရကစားသမားများကို ပေးအပ်ချီးမြှင့်သည်။ ပြိုင်ပွဲအပြီးတွင် ပထမဆုရ GV Athletic အသင်းက ဆုကြေးငွေကျပ်သိန်း ၃၀၊ ချန်ပီယံဆုဖလားနှင့် တစ်ဦးချင်း ဆုတံဆိပ်၊ ဒုတိယဆုရ AKS (A) *စာမျက်နှာ ၁၂ ကော်လံ ၅* ❒

## မြန်မာ-အိန္ဒိယနယ်စပ်ချစ်ကြည်ရေးတံတားပေါ်မှ ကုန်စည်များသယ်ဆောင်ခြင်း ရက်အကန့်အသတ်မရှိ ပိတ်

**ရိခေါဒါရ် ဇူလိုင် ၁၆**

ချင်းပြည်နယ်မြောက်ပိုင်း ရိခေါဒါရ်မြို့ရှိ မြန်မာ- အိန္ဒိယနယ်စပ်ချစ်ကြည်ရေးတံတားပေါ်မှ ကုန်စည်များသယ်ဆောင်ခြင်းကို တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်မှ ရက်အကန့်အသတ်မရှိ ပိတ်ပင်ထားကြောင်း သိရသည်။

အဆိုပါ မြန်မာ - အိန္ဒိယနယ်စပ်ချစ်ကြည်ရေးတံတားပေါ်မှ ကုန်စည်များသယ်ဆောင်ခြင်းကို တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့အခြေစိုက် အကောက်ခွန်ဌာနချုပ်၏ ညွှန်ကြားချက်အရ ဇူလိုင် ၁၅ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ပိတ်ပင်ထားခြင်းဖြစ်ပြီး မည်သည့်အကြောင်းကြောင့် ကုန်စည်စီးဆင်းမှုအား ပိတ်ပင်ထားရှိသည်ကို မသိရှိရပေ။ ယခုရက် အကန့်အသတ်မရှိ ပိတ်ပင်မှုအပေါ် ကုန်စည်စီးဆင်းမှုသာ ပိတ်ပင်ထားခြင်းဖြစ်၍ လူဝင်ထွက်မှုနှင့် ယာဉ်ငယ်များ ဝင်ထွက်သွားလာမှုကိုမူ ခွင့်ပြုပေးထားကြောင်း သိရသည်။

ရိခေါဒါရ် (ပြန်/ဆက်)

## မြန်မာ ယူ- ၁၈ အသင်း အိုဆာကာမြို့၌ စတင်လေ့ကျင့်

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၁၉ အာဆီယံ ယူ- ၁၈ ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိနေသည့် မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၈ အသင်းသည် ဂျပန်နိုင်ငံ၌ လေ့ကျင့်ရန် ဇူလိုင် ၁၅ ရက် ညပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ဇူလိုင် ၁၆ ရက် နေ့လယ်ပိုင်းတွင် အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ မြန်မာယူ- ၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ- ၁၈ အသင်းသည် ခြေစမ်းပွဲအဖြစ် *စာမျက်နှာ ၁၂ ကော်လံ ၅* ❍

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် ၂၀၁၉- ၂၀၂၀ ဗုဒ္ဓဂယာ စရိတ်ငြိမ်း ခရီးစဉ်များ (စရံငွေချေဦးရာလူစနစ်)

၈ ရက် - ဒေါ်လာ ၆၂၅
၁၀ ရက် - ဒေါ်လာ ၆၇၅
၁၂ ရက် - ဒေါ်လာ ၇၂၅
၁၅ ရက် - ဒေါ်လာ ၇၇၅
၁၅ ရက် (ကိုလ်ကတ္တားပါ) - ဒေါ်လာ ၈၂၅
စရံ (၂) + သိန်း

ယခင်နှစ်အတိုင်း ဈေးနှုန်းမတက်ဘဲ မြတ်စွာဘုရား၏ ဓါတ်တော်များ ကိန်းဝပ်တော်မူရာ ရာမဂါမ (ခ) ရာမဂါမ်စေတီ ကုန်းတော်ရာ နှင့် ရောဟီဏီမြစ် စသည့် ဘုရားဌာနများအား ထပ်မံပို့ဆောင်ပေးပါမည်၊ ဇူလိုင်လအတွင်း စရံ(၂)သိန်း နှင့် ဒေါ်လာ (၁၀၀) ပေးသွင်း၍ နေရာယူပါက တစ်ဦးလျှင် ၅၀၀၀၀ိ/- လျှော့ပေးပါမည်၊ သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ခရီးစဉ်များအတွက် ကြိုတင်နေရာယူနိုင်ပါပြီ၊ ရက်တို ၊ ဟိုတယ် နှင့် မိသားစုသီးသန့် ခရီးစဉ်များ စီစဉ်ပေးပါသည်၊

သီရိလင်္ကာစွယ်တော်ဖွင့်ပွဲ (ဟိုတယ်တည်း/စား) ဩဂုတ်(၅)ရက်နေ့ထွက်မည်၊ တစ်ဦးလျှင် - ၁၃၀၀ ဒေါ်လာ

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (ခ)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်၊ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၃၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်၊ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၀၂ ရန်ကုန်မြို့တွင်း Home Service
Website : www.khinnandartravel.com Facebook Page - ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ Email : khinandartravels@gmail.com

**AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသူများအား ဖမ်းဆီးရမိ**

စာမျက်နှာ- ၁၃

**အာကာသအစီအစဉ်အတွက် ဆက်လက်မျှော်လင့်ကြဆဲဖြစ်သည့် အိန္ဒိယပြည်သူများ**

စာမျက်နှာ- ၁၅



ဓာတ်ပုံ - ကိုကြီးတင်

# စနစ်တကျရှိလာသော ဝိုင်ဘီအက်စ်မှတ်တိုင်များ

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ဒေါ်အေးမြင့်တစ်ယောက်ရုံးဆင်းပြီး မှတ်တိုင်တွင်လိုင်းကားကို စောင့်နေသော်လည်း ၄၅ မိနစ်ခန့်ကြာသည့်တိုင် လိုင်းကားပေါ်သို့ မရောက်နိုင်သေးပေ။

မိမိစီးနင်းမည့် လိုင်းကားများက လေးငါးစီး လာပြီးသော်လည်း မိမိရပ်စောင့်နေသည့်နေရာနှင့် အလှမ်းအကွာ၌ ရပ်လိုက်ကြသည့်အတွက် လိုင်းကားပေါ်သို့ မတက်နိုင်ခြင်းပင်ဖြစ်ပါသည်။

မှတ်တိုင်မှာ ဆူးလေဘုရားလမ်း၊ ဆူးလေအဝိုင်းနှင့် အနော်ရထာလမ်းဆုံ လူကူးတံတားအကြားတွင်ရှိသည့် မြောက်ဥက္ကလာပ၊ ဒဂုံတောင်ဘက်ဆီသို့သွားသည့် မှတ်တိုင်တွင် ဖြစ်သည်။

မှတ်တိုင်တွင် YBS ၃၊ ၂၈၊ ၂၉၊ ၈၇၊ ၃၆၊ ၇၈၊ ၆၁၊ ၁၂ လိုင်းကားများနှင့် မင်္ဂလာဒုံလေဆိပ်သို့သွားမည့် လိုင်းကားများရပ်ရာ မှတ်တိုင်ဖြစ်သည်။ အဓိက အရှေ့ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်ကိုယ်စားပြု လိုင်းကားများဖြစ်သည်။

မှတ်တိုင်က တစ်နေရာတည်းဖြစ်သည်။ ဆူးလေအဝိုင်းမှ ကွေ့လာသော ခရီးသည်တင်ယာဉ်များ အဆက်မပြတ်လာသော်လည်း တစ်စီးနောက်ကတစ်စီး ဆင့်ရပ်ရသည့်အတွက် ခရီးသည်များနှင့် မိမိစီးလိုသည့်လိုင်းကားများမှာ များသောအားဖြင့် အချိတ်အဆက်လွဲနေတတ်ပြီး လိုင်းကားရပ်ရာဆီသို့ အပြေးအလွှားသွားကြရခြင်းဖြစ်သည်။ ကားအနားရောက်သွားသော်လည်း ရှေ့ကရောက်နှင့်သူများပြားခြင်းကြောင့် တက်မရခြင်း၊ တံခါးပိတ်ပြန်လည်ထွက်ခွာသွားခြင်းကြောင့် ကျန်ခဲ့ခြင်းများနှင့် နေ့စဉ်ကြုံတွေ့နေရသည်။ မိမိရှေ့တည့်တည့်တွင်ရပ်လာပါက အလွန်ကံကောင်းသောနေ့တစ်နေ့ဟု ဆိုရမည်ဖြစ်သည်။

ကားဂိတ်အနီးတွင် "မြောက်ဥက္ကလာ-မြောက်ဥက္ကလာ" ဟု ခရီးသည်များကို တင်ခေါ်နေသည့်ကားငယ်လေးများရှိသော်လည်း ယာဉ်စီးခမှာ ကျပ် ၁၀၀၀ ဖြစ်သည်။ ဒေါ်အေးမြင့်က အစိုးရဝန်ထမ်းတစ်ဦး၊ ဤကဲ့သို့ အောက်ဆိုက်ကားလေးများကို နေ့စဉ်မစီးနိုင်၊ အသက်အရွယ်အားဖြင့်လည်း ပင်စင်နားနီးနေသော ဝန်ထမ်းဖြစ်သည်။ တစ်ခါတစ်ခါ ရုံးဆင်းရမှာကိုပင် ကြောက်လာသည်။ လိုင်းကားစီးရသည်မှာ နေ့စဉ်ပင်ပန်းလှသည်။ ဤအခက်အခဲက အမြန်ဆုံးလွတ်မြောက်ပါစေတော့ဟု အမြဲလိုလိုဆုတောင်းမိခဲ့သည်။

မ.ထ.သ မှသည် ဝိုင်ဘီအက်စ် သို့ ပြောင်းလဲခဲ့သည်မှာ နှစ်နှစ် ခြောက်လ ကျော်သက်တမ်းရှိခဲ့ပြီဖြစ်သည်။ ဝိုင်ဘီအက်စ်စတင်စဉ်က လိုင်းအရေအတွက်အားဖြင့် ၆၁ လိုင်းသာရှိသော်လည်း ယခုအခါ လိုင်းပေါင်း ၁၀၀ ကျော်ရှိလာပြီဖြစ်သည်။ ယခုလည်း လိုအပ်သောနေရာများဆီသို့ လိုင်းကားများ တိုးချဲ့ပြေးဆွဲပေးလျက်ရှိနေသည်။ **အချပ်ပို (ဃ) သို့**

**နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကိုဦးဆောင်တာဝန်ယူတဲ့သူတွေက အလေးထားကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ရဲ့ဖွံ့ဖြိုးတိုးတက်ရေးရဲ့ကူညီမှုဟာ ပို့ဆောင်ရေးကဏ္ဍမှာ ဂျပန်နိုင်ငံရဲ့ကူညီမှုက JICA လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက တိုင်းဒေသကြီးအစိုးရနဲ့ ပူးပေါင်းပြီး ရန်ကုန်မြို့ဘတ်စကား သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်ကြောကျပ်တည်းမှု လျှော့ချရေးကိစ္စများကို ဆောင်ရွက်နေပါတယ်**

# ရန်ကုန်မှာ အသစ်ထွက်ပေါ်လာဦးမယ့် စက်မှုဥယျာဉ်စီမံကိန်း

**အာကာဟိန်း**



**ရန်ကုန်** မြို့ပြင် ၁၁ နေရာမှာ စက်မှုဇုန်သစ် ၁၁ ခုကို အကောင်အထည်ဖော်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြိုးစားနေပါတယ်။ ဒီလိုစက်မှုဇုန်သစ်တွေကို အကောင်အထည်ဖော်နိုင်ရေး ကြိုးစားတဲ့အခါ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့မှာ လှည်းကူးမြို့နယ်တွင် ပြုလုပ်မယ့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းနဲ့ ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူခဲ့ရာမှာ သဘောတူအတည်ပြုခဲ့ပြီဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ထန်းတပင် စက်မှုဥယျာဉ်စီမံကိန်း ဆောင်ရွက်ဖို့ရှိနေပြီဖြစ်သလို အခုလည်း လှည်းကူးစက်မှုဥယျာဉ်မြို့တော်စီမံကိန်းကို အကောင်အထည်ဖော်ဖို့ စီစဉ်ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ လှည်းကူးမြို့နယ်မှာ ဖော်ဆောင်မယ့် စက်မှုဥယျာဉ်စီမံကိန်းဟာ လှည်းကူးမြို့နယ်ရဲ့ ပိုက်ကြီးဝဲရွာ၊ တံခွန်တိုင်ရွာ၊ အုန်းနဲကုန်းရွာနဲ့ ကျွန်းကုန်းရွာက လယ်မြေရေိယာအချို့ပေါ်မှာ ဆောင်ရွက်မှာဖြစ်တယ်လို့ ဆိုပါတယ်။

**လက်ယာမြေပိုင်ဆိုင်မှု အငြင်းများခြင်းမရှိ**

အဲဒီလယ်မြေရေိယာတွေနဲ့ ပတ်သက်ပြီး ဇူလိုင် ၂ ရက်က ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်နဝမပုံမှန်အစည်းအဝေးမှာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုး က "ထန်းတပင်နဲ့ လှည်းကူးမြို့နယ်တွေမှာ ဖော်ဆောင်မယ့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းအတွက် သိမ်းဆည်းလယ်ယာမြေ ၂၀ ရာခိုင်နှုန်းအား လယ်သမားတွေကို မြို့မြေအဖြစ် အကျိုးခံစားခွင့်ပြန်ပေးမယ်၊ လယ်သမားတွေလည်း သဘောတူထားပါတယ်" လို့ ပြောထားပါတယ်။ ဒါကြောင့်မို့ အဲဒီလယ်ယာမြေတွေနဲ့ ပတ်သက်ပြီး ပိုင်ဆိုင်တဲ့ အငြင်းပွားမှု မရှိတော့ပါဘူး။

လှည်းကူးမြို့နယ်ရဲ့ စက်မှုဥယျာဉ်စီမံကိန်း ရေိယာအနေအထားကိုကြည့်ရင် ပိုက်ကြီးဝဲရွာမှ တောင်သူ ၃၀ ပိုင်ဆိုင်တဲ့ မြေဧက ၂၀၀ ဒသမ ၁၉ ဧက၊ တံခွန်တိုင်ရွာမှ တောင်သူ ၉၉ ဦးပိုင်တဲ့ လယ်မြေဧက ၇၅၀ ဒသမ ၃၁ ဧက၊ အုန်းနဲကုန်းရွာမှ တောင်သူ ၂၉ ဦးပိုင်ဆိုင်တဲ့ လယ်မြေဧက ၂၃၉ ဒသမ ၃၉ ဧက၊ ညောင်တခြမ်းရွာမှ တောင်သူ ၁၂ ဦးပိုင်တဲ့ လယ်မြေဧက ၁၁၄ ဒသမ ၄၀၊ ကျွန်းကုန်းရွာမှ တောင်သူ ခုနစ်ဦးပိုင်တဲ့ လယ်မြေဧက ၁၇ ဒသမ ၈၄ ဧကတွေပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

> **လှည်းကူးမြို့နယ် စက်မှုဥယျာဉ်စီမံကိန်း အကောင်အထည်ဖော်ပြီးစီးသွားတဲ့အချိန်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာဖြစ်သလို ကုန်ထုတ်လုပ်မှုတွေလည်း ပိုမိုများပြားတိုးမြင့်လာနိုင်တယ်လို့ ပြည်တွင်းစီးပွားရေးပညာရှင်တွေက သုံးသပ်**

**ပူးပေါင်းအကောင်အထည်ဖော်ရန် အဆိုပြု**

အဲဒီစက်မှုဥယျာဉ်စီမံကိန်းကို စင်ကာပူနိုင်ငံမှ ကုမ္ပဏီတစ်ခုနဲ့ မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီတစ်ခုတို့ ပူးပေါင်းအကောင်အထည်ဖော်ဖို့ အဆိုပြုထားတယ်လို့ဆိုပါတယ်။ ဒီစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က သဘောတူအတည်ပြုပြီးဖြစ်တာမို့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြခွင့်ပြုဖို့တော့ ဆက်လက်ဆောင်ရွက်ဖို့ ရှိနေပါတယ်။

လှည်းကူးမြို့နယ်က စက်မှုဥယျာဉ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် စုစုပေါင်း အချိန်ကာလကိုးနှစ်ခန့် ကြာမြင့်နိုင်မှာဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၂၂၅ ဒသမ ၂ သန်းခန့် ရှိနိုင်တယ်လို့ဆိုပါတယ်။ ဒီစီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း ၇၅၀၀၀ ခန့် ထွက်ပေါ်လာနိုင်တယ်လို့ သိရပါတယ်။

လှည်းကူးမြို့နယ် စက်မှုဥယျာဉ်စီမံကိန်း အကောင်အထည်ဖော် ပြီးစီးသွားတဲ့အချိန်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာဖြစ်သလို ကုန်ထုတ်လုပ်မှုတွေလည်း ပိုမိုများပြားတိုးမြင့်လာနိုင်တယ်လို့ ပြည်တွင်းစီးပွားရေးပညာရှင်တွေက သုံးသပ်နေကြပါတယ်။

**ကုန်ပစ္စည်း ပြည်တွင်းပြည်ပ ချိတ်ဆက်ပို့နိုင်**

လှည်းကူးမြို့နယ်ဟာ ရန်ကုန်မြောက်ပိုင်းခရိုင်မှာ ပါဝင်ပြီး ရန်ကုန်-နေပြည်တော် အမြန်ကားလမ်းမက လှည်းကူးမြို့နယ်အတွင်း ဖြတ်သန်းသွားတဲ့အပြင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကလည်း အဲဒီစက်မှုဥယျာဉ်နဲ့ ချိတ်ဆက်သွားလာနိုင်တာမို့ ထုတ်ကုန်ပစ္စည်းတွေ ပြည်တွင်း ပြည်ပချိတ်ဆက်ပို့ဆောင်နိုင်ရေး အဆင်ပြေစေမှာဖြစ်ပါတယ်။

ဒါ့အပြင် လှည်းကူးမြို့နယ်ဟာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာမှာဖြစ်သလို ဒေသခံလူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမှာဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဆက်သွယ်နိုင်တဲ့အပြင် သီလဝါနိုင်ငံတကာဆိပ်ကမ်းနဲ့လည်း ချိတ်ဆက်နိုင်မှာမို့ အဲဒီစက်မှုဥယျာဉ်စီမံကိန်းက ထွက်ရှိလာမယ့် ထုတ်ကုန်တွေဟာ ရေလမ်းကတစ်ဆင့် ပြည်ပကို တင်ပို့နိုင်မှာလည်း ဖြစ်ပါတယ်။

**ရန်ကုန်မြို့ဖွံ့ဖြိုးမှု တွန်းအားပေး**

စက်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ အိမ်ရာစီမံကိန်းတွေ ရှော့ပင်းမောတွေ၊ အပန်းဖြေနေရာတွေနဲ့အတူ ထွက်ပေါ်လာဖို့ ရှိနေတဲ့ လှည်းကူးမြို့နယ်က စက်မှုဥယျာဉ်စီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးမြှင့်တင်စေဦးမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်လို့ သတ်မှတ်ထားကြတာနဲ့အညီ လောလောဆယ် စက်မှုဇုန် ၂၉ ခု ရှိနေပြီး အထူးစီးပွားရေးဇုန်တစ်ခုလည်း ရှိနေပါတယ်။

ရန်ကုန်မြို့မှ ၂၇ မိုင်သာဝေးတဲ့ လှည်းကူးမြို့နယ်မှာ ညောင်နှစ်ပင်စီးပွားရေးဇုန်အကောင်အထည်ဖော်ဖို့လည်းရှိနေတာမို့ အခုစက်မှုဥယျာဉ်စီမံကိန်းလည်း ထွက်ပေါ်လာခဲ့ရင်တော့ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ရန်ကုန်မြို့ရဲ့ စီးပွားရေးတိုးတက်မှုကို သိသာစွာအထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**စက်မှုဥယျာဉ်စီမံကိန်း**

ရန်ကုန်မြို့စည်ပင် ပြင်ပ ၁၁ မြို့နယ်ဖြစ်တဲ့ ကော့မှူး၊ ကွမ်းခြံကုန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ သန်လျင်၊ ကျောက်တန်း၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင် စတဲ့မြို့နယ်တွေမှာ ဧက ၁၀၀၀ ခန့်ရှိတဲ့ စက်မှုဇုန်တွေ ဖော်ထုတ်ဖို့ ရှိနေပါတယ်။ အဲဒီစက်မှုဇုန်တွေထဲမှာ ထန်းတပင်စက်မှုဥယျာဉ်စီမံကိန်းက အကောင်အထည်ဖော်မှာဖြစ်ပြီး အခုလှည်းကူးမြို့နယ် စက်မှုဥယျာဉ်စီမံကိန်းကလည်း ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးပြီးရင်တော့ အကောင်အထည်ဖော်နိုင်တော့မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြန်မာနိုင်ငံရဲ့ စက်မှုဇုန် ၅၃ ရာခိုင်နှုန်းတည်ရှိပြီး တစ်နိုင်ငံလုံး ကုန်သွယ်မှုရဲ့ ၈၅ ရာခိုင်နှုန်းရှိနေတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ မကြာမီကာလအတွင်း လှည်းကူးမြို့နယ် စက်မှုဥယျာဉ်စီမံကိန်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွေ ထပ်မံမြင့်တက်လာဦးမှာ အမှန်ပါပဲ။



ရန်ကုန်မြို့ရှိ စက်မှုဇုန်တစ်ခုကို တွေ့ရစဉ်။



ဖွံ့ဖြိုးဆဲရန်ကုန်မြို့တော်အား ရန်ကုန် မြစ်အတွင်းမှ တွေ့မြင်ရစဉ်။

# ရိုးရှင်းသော စိတ်ရင်းစေတနာအမှန်ဖြင့် မြို့တော်ရန်ကုန်ကို တည်ဆောက်ဖို့လို

**ရှင်နော်၊ ဓာတ်ပုံ - မောင်ယဉ်ဦး(ဒလ)**

**ရန်ကုန်**မြို့တော်ကြီးကို အနာဂတ်ပြည်သူများအတွက် နေချင့်စဖွယ် စိမ်းလန်းစိုပြည်မှုများနဲ့ ပြည့်စုံနေတဲ့ မြို့တော်ကြီးတစ်မြို့အဖြစ် ယခုအချိန်ကတည်းက စတင်ပုံဖော်ဖန်တီးလျက်ရှိပါတယ်။ ရန်ကုန်မြို့တော်အတွင်းက ဆောက်လက်စတိုက်တာအဆောက်အအုံကြီးများ၊ ရန်ကုန်မြို့ပြရဲ့ နေရာအနှံ့မှာတည်ရှိနေတဲ့ စိမ်းလန်းတဲ့ပန်းဥယျာဉ်များ၊ လူတို့ပုံဖော်ဖန်တီးမှုနဲ့ ပြုပြင်ရယူထားတဲ့ ရေကန်ကြီးများဟာ ရန်ကုန်မြို့တော်ကြီးကို နေချင်စဖွယ် မြို့ကြီးတစ်မြို့အဖြစ် ပုံဖော်ဖန်တီးရာမှာ လွန်စွာမှ အထောက်အကူပြုမှာပဲဖြစ်ပါတယ်။

ဒါကြောင့်လည်း အပတ်စဉ်ထုတ်ဝေနေတဲ့ ရန်ကုန်စာမျက်နှာကဏ္ဍမှာ ရန်ကုန်မြို့ပြရဲ့ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်တွေဖြစ်တဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးမှု၊ မြို့ပတ်ရထားလမ်းများ ပုံဖော်ဖန်တီးနေမှု၊ မြို့သစ်စီမံကိန်းများ အကောင်အထည်ဖော်နေမှု၊ လျှပ်စစ်ကဏ္ဍ၊ မော်တော်ယာဉ်ကဏ္ဍ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများကို အလျဉ်းသင့်သလို ရေးသား ဖော်ပြလျက်ရှိနေပါတယ်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြခဲ့သလို ရန်ကုန်မြို့တော်သူ မြို့တော်သားများရဲ့ပြောင်းလဲလာတဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အဆင်သင့်သလို ဖော်ပြပေးလျက်ရှိပါတယ်။

**ရန်ကုန်မြို့ပြအမွေအနှစ် တန်ဖိုးထားရန်**

နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်မှုများနဲ့ရင်ဆိုင်နေရတဲ့ ရန်ကုန်မြို့တော်ကြီးမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြောင်းလဲမှုများနဲ့ ကြုံတွေ့ကြရသလို စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလည်း လိုအပ်လျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ရန်ကုန်မြို့ပြရဲ့ အမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်းလက်ရာအဆောက်အဦ၊ ပစ္စည်းပစ္စယတွေကို ရန်ကုန်သူရန်ကုန်သားတို့ တန်ဖိုးထားတတ်လာအောင် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ပေးနေသလို အရုပ်ဆိုးအကျည်းတန်လှတဲ့ ရန်ကုန်မြို့နောက်ဖေးလမ်းကြား ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကိုလည်း အချို့လူမှုအဖွဲ့အစည်းများက တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်မြို့တော်ကြီးကို မြို့ပြအင်္ဂါရပ်များနဲ့အညီ သာယာဝပြောအောင် တည်ထောင်ဖို့ဆိုရင် လူတစ်စု၊ အစိုးရတစ်ရပ်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ထူထောင်လို့မရနိုင်ပါဘူး။ တစ်ချိန်က စကားနဲ့ပြောမယ်ဆိုရင် လှည်းနေလှေအောင်း မြင်းဇောင်းမကျန်သော ရန်ကုန်လူထုရဲ့ပူးပေါင်းပါဝင်မှုနဲ့သာ အောင်မြင်မှုကို အရယူနိုင်မှာ ဖြစ်ပါတယ်။ အစိုးရအဖွဲ့နဲ့အတူ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မြေယာပိုင်ရှင်ကြီးများ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများဟာ ရန်ကုန်မြို့တော်ကြီးကို ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စွမ်းဆောင်နိုင်ကြပါမယ်။ သို့သော်လည်း တည်ဆောက်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းများကို မပျက်မယွင်းဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားဖို့အတွက်ကတော့ မြို့သူမြို့သားများရဲ့ပူးပေါင်းပါဝင်မှုဟာ လွန်စွာမှအရေးကြီးလှပါတယ်။

**ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်လာ**

တစ်ချိန်က ရေကြီးရေလျှံမှုများကို နှစ်စဉ်လိုလို ကြုံတွေ့ခဲ့ရတဲ့ ရန်ကုန်မြို့တော်ဟာ အခုဆိုရင် ရေကြီးရေလျှံမှု ၇၅ ရာခိုင်နှုန်းအထိ လျော့ကျသွားပြီဖြစ်ပါတယ်။ တစ်နှစ်တာကာလပတ်လုံး နေပူမိုးရွာမရှောင်၊ နေ့ညမခွဲခြားဘဲ အားမာန်အပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြတဲ့ စည်ပင်ဝန်ထမ်းကြီးများရဲ့ စွမ်းဆောင်မှုကြောင့် အမှိုက်သရိုက်များ ပြည့်နှက်နေတဲ့ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်သွားတဲ့အတွက် ယခင်ကလို ရေကြီးရေလျှံမှု မဖြစ်တော့ဘဲ လျော့နည်းသွားရခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့တော်သူ မြို့တော်သားများအနေဖြင့်လည်း မည်သူမျှဆင်းပြီး သန့်ရှင်းရေးမလုပ်ချင်သည့် ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းကိုရှောင်ရှားတဲ့ အသိတရားထား နေထိုင်သင့်တဲ့အချိန်ကာလတစ်ခုကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

တစ်ချိန်က ရန်ကုန်မြို့လယ် နောက်ဖေးလမ်းကြားဟာ စွန့်ပစ်အမှိုက်ပေါင်းစုံ၊ မကောင်းသော အနံ့အသက်တို့ ခိုလှုံရာနေရာတစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကစလို့ မြန်မာပြည်ရောက် တိုင်းတစ်ပါးသူတစ်ဦးရဲ့စိတ်ကူးအကောင်အထည်ဖော်မှုကနေ စတင်ခဲ့တဲ့ နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်များဟာ ရန်ကုန်မြို့လယ်မှာ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာလျက်ရှိပါတယ်။ ဒါဟာ စံပြုစရာ ဥပမာကောင်းတစ်ခုပါ။ ရန်ကုန်မြို့တော်သူ မြို့တော်သားတို့အနေဖြင့်လည်း မိမိနေထိုင်ရာ မြို့တော်ကြီးသန့်ရှင်းသပ်ရပ်စေရေးအတွက် မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

**မြို့တော်သန့်ရှင်းမှု ထိခိုက်လုပ်ရပ်တွေရှိသတင်းပို့**

ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပဖို့အတွက် မြို့နေလူထုရဲ့ ကူညီပံ့ပိုးမှုဟာ လွန်စွာမှအရေးပါလှပါတယ်။ ခေတ်အဆက်ဆက် အရာရာနောက်ကျမှုများနဲ့ မျက်နှာငယ်ခဲ့ရတဲ့ ရန်ကုန်မြို့တော်ကြီးကို အနာဂတ်ဆီ တွန်းပို့ရာမှာ မြို့နေလူထုပူးပေါင်းမှုဟာ အရေးကြီးပါတယ်။ ပူးပေါင်းမှုကိုလည်း အချိန်မဆိုင်းဘဲ စတင်ဖို့လိုအပ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ရွေးကောက်ခံစည်ပင်ကိုယ်စားလှယ်များ အသီးသီးရှိနေကြပါတယ်။ မြို့နယ်အလိုက် တာဝန်ယူထားတဲ့ စည်ပင်သာယာဥက္ကဋ္ဌများရဲ့ ဖုန်းနံပါတ်များကို ပြည်သူများသိရှိထားဖို့ လိုအပ်ပါတယ်။ ဥပမာအားဖြင့် ကားမှတ်တိုင်ဧရိယာအတွင်း ဈေးရောင်းနေခြင်းမျိုး၊ ကားလမ်းမပေါ် ဈေးဗန်းခင်းရောင်းချနေခြင်းမျိုး၊ လူသွားလမ်းပလက်ဖောင်းကို ပိတ်ပင်ဈေးရောင်းနေခြင်းမျိုး၊ ရေနုတ်မြောင်းများ ပိတ်ဆို့စေရန် စီမံဆောင်ရွက်နေခြင်း၊ လမ်းဘေးဓာတ်မီးတိုင်ကို ကြော်ငြာကပ်နေခြင်းမျိုး အစရှိတဲ့ မြို့တော်ရဲ့သန့်ရှင်းသာယာလှပမှုကို ထိခိုက်စေသော လုပ်ရပ်တွေကို ချက်ချင်းသတင်းပေးပို့တိုင်ကြားရန် လိုအပ်ပါတယ်။ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်ပါတယ်။

**ပြည်သူများအချင်းချင်း ဝိုင်းဝန်းထိန်းသိမ်း**

အများပြည်သူသုံး YBS ကားကြီးများပေါ်မှာ လေအေးပေးစက်ဖွင့်ထားရင် မှန်တံခါးများကို ပိတ်ထားကြရမှာပါ။ ဒါပေမယ့် တချို့က မှန်တံခါးဖွင့်၊ ပြင်ပလေ ခံကြပါတယ်။ လေအေး ပေးစက်က အများအတွက် မထိရောက်တော့ပါဘူး။ မိမိတစ်ကိုယ်ရေအကျိုးထက် အများအကျိုးကို မသိယောင်ဆောင်တတ်သော သူမျိုးကိုတွေ့လျှင် ယဉ်ကျေးစွာပြောဆို၍ တံခါးပိတ်စေသင့်ပါတယ်။ အများပြည်သူမှလည်း အကောင်းဘက်ကို ဦးဆောင်သောသူဘက်မှ ဝိုင်းဝန်းရပ်တည်သင့်ပါတယ်။ ယာဉ်မောင်းအနေဖြင့်လည်း ထပ်မံမေတ္တာရပ်ခံသင့်ပါတယ်။ ထို့ထက်ထူး၍ ပြောဆိုမရလျှင် အနီးဆုံးယာဉ်ထိန်းရဲအကူအညီဖြင့် ယာဉ်ပေါ် စီးနင်းလိုက်ပါခြင်းကို တားမြစ်သင့်ပါတယ်။ ဤနည်းဖြင့် ပြည်သူများအချင်းချင်း ဝိုင်းဝန်းထိန်းကျောင်းသော စနစ်တစ်ခုကို အစပြုသင့်ပါတယ်။

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ပါ။ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သည့်အရာကိုမျှ စောင့်ဆိုင်းမနေသင့်ပါ။ ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တစ်ခါတက်လာမည့် အစိုးရကို စောင့်ဆိုင်းမနေသင့်ပါ။ ရန်ကုန်မြို့သူမြို့သားအပေါင်း တစ်ဦးကိုတစ်ဦး အပြန်အလှန်ဖေးမရင်း၊ အပြန်အလှန် အကူအညီပေးရင်း၊ အပြန်အလှန် အနစ်နာခံရင်း ရိုးရှင်းသောစိတ်ရင်းစေတနာအမှန်ဖြင့် သန့်ရှင်းသာယာလှပသော ရန်ကုန်မြို့တော်ကို တည်ဆောက်ဖို့ အချိန်ကျရောက်နေပြီ ဖြစ်ပါကြောင်း အသိပေးတင်ပြလိုက်ရပါတယ်။ ။

> “ ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပဖို့အတွက် မြို့နေလူထုရဲ့ ကူညီပံ့ပိုးမှုဟာ လွန်စွာမှအရေးပါလှပါတယ်။ ခေတ်အဆက်ဆက် အရာရာနောက်ကျမှုများနဲ့ မျက်နှာငယ်ခဲ့ရတဲ့ ရန်ကုန်မြို့တော်ကြီးကို အနာဂတ်ဆီ တွန်းပို့ရာမှာ မြို့နေလူထုပူးပေါင်းမှုဟာ အရေးကြီးပါတယ်။ ပူးပေါင်းမှုကိုလည်း အချိန်မဆိုင်းဘဲ စတင်ဖို့လိုအပ် ”

**စနစ်တကျရှိလာသော ဝိုင်ဘီအက်စ် မှတ်တိုင်များ--- မှ**

ထိုသက်တမ်းအတွင်း ကုမ္ပဏီပိုင်ကားအသစ်များအားလုံး အစားထိုးပြေးဆွဲပေးနိုင်ခြင်းမရှိသေးပေ။ ယခင် မ.ထ.သ လက်ကျန်ကားဟောင်းအကြီးအသေးများဖြင့် ဖြည့်စွက်ပြေးဆွဲပေးနေရဆဲပင်ဖြစ်သည်။ ပြေးဆွဲပေးရသည့် ခရီးလမ်းကြောင်းပေါ်တွင်လည်း မူတည်သည်ဟု သိရသည်။

**ကားကသန့်ရှင်း ပြဿနာကင်း**

ကုမ္ပဏီကားများစီးရသည်မှာ ခရီးသည်များ စိတ်ချမ်းမြေ့မှုရှိကြသည်။ တစ်စီးနှင့်တစ်စီး မိနစ်ပိုင်းမျှခြား၍ အဆက်မပြတ်လာတတ်သည်။ ကားအသစ်များဖြစ်ကြ၊ သန့်သန့်ရှင်းရှင်းရှိသည်။ ယာဉ်အကူမပါ ယာဉ်မောင်းတစ်ဦးတည်းဖြစ်ခြင်းကြောင့် ပြဿနာကင်းသလောက်ရှိသည်။

အချို့ယာဉ်လိုင်းများ ပြေးဆွဲရာလမ်းတစ်လျှောက် မှတ်တိုင်အသစ်များ အစားထိုးလာခြင်းကို တွေ့ရသည်။ ကုမ္ပဏီနှင့် ပူးပေါင်းတည်ဆောက်ခြင်းဖြစ်မည်။ နေပူပူ၊ မိုးရွာရွာ နားခိုရာ အဆင်ပြေလှသည်။ အညောင်းပြေ ခေတ္တထိုင်ရန်အတွက်ပါ စီစဉ်မှုများနှင့်ဖြစ်သည်။ ခရီးသည်နည်းသော၊ လိုင်းကားနည်းသောနေရာများအတွက် မှတ်တိုင်များမှာ အဆင်ပြေလှသည်။

ဒေါ်အေးမြင့်ကဲ့သို့ ပင်စင်နားနီးသော ဝန်ထမ်းများ၊ အခြား အသက်ကြီးရင့်သူ၊ အနည်းငယ်ကျန်းမာရေးမကောင်းသူများအတွက် ခရီးသည်များသော မြို့တွင်းမှတ်တိုင်များက မိမိအိမ်ပြန်ရောက်ဖို့ အပန်းကြီးလှသည်။ ကားရပ်ရာဆီသို့ တောင်ပြေး၊ မြောက်ပြေးနှင့် ကားပေါ်သို့ မရောက်နိုင်ခဲ့ကြခြင်းဖြစ်သည်။ စိတ်ပန်းကိုယ်နွမ်းလျက် ခရီးလမ်းက ပိုဝေးသည်ဟု ထင်မိသည်။

**ယာဉ်ကြောကျပ်တည်းမှုလျှော့ချရေး**

YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကို ဦးဆောင်တာဝန်ယူတဲ့သူတွေက အလေးထား ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အဓိကခရီးသည်ပို့ဆောင်ရေးကဏ္ဍမှာ ဂျပန်နိုင်ငံရဲ့ ကူညီမှုက JICA လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက တိုင်းဒေသကြီးအစိုးရနဲ့ပူးပေါင်းပြီး ရန်ကုန်မြို့ ဘတ်စ်ကား သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်ကြောကျပ်တည်းမှုလျှော့ချရေးကိစ္စများကို ဆောင်ရွက်နေပါတယ်" ဟု မီဒီယာတွေ့ဆုံပွဲတွင် ရှင်းပြခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှုတစ်ခုအနေဖြင့် မြို့တော်ခန်းမရှေ့ (မဟာဗန္ဓုလလမ်း)နှင့် မြို့တော်ခန်းမဘေး (ဆူးလေဘုရားလမ်း) ရှိ မှတ်တိုင်များ၌ ဘတ်စ်ကားများ စနစ်တကျ ရပ်နားပြေးဆွဲရေးစီမံချက် "ပိုင်းလော့ပရောဂျက်" အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၏ ရှင်းပြမှုအရ သိခဲ့ရသည်။

သို့အတွက် ယင်းဆူးလေဘုရားလမ်းမှတ်တိုင်တွင် မူလတစ်နေရာတည်း လိုင်းကားများစုရပ်ရာမှ သူ့လိုင်းနှင့်သူ၊ သူ့ခရီးသည်နှင့်သူ ခွဲခြားပေး၍ ရပ်တန့်စောင့်ဆိုင်းရန် စီစဉ်မှုများ ပြုလုပ်ပေးလာသည်ကို တွေ့ရသည်။

ဆူးလေမှတ်တိုင် မြို့တော်ခန်းမဘေးတွင် ဗီနိုင်းဘုတ်များ ထောင်ထားသည်။ "ဆူးလေမှတ်တိုင်မှာ ဘတ်စ်ကား ဘယ်လိုစီးကြမလဲ" ခေါင်းစဉ်နှင့် ဖြစ်သည်။



ရန်ကုန်မြို့ မြို့တော်ခန်းမအနီး ဆူးလေဘုရားလမ်း ဘတ်စ်ကားမှတ်တိုင်မြင်ကွင်း။

ကြေညာထားမှုမှာ "ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးဘတ်စ်ကားဝန်ဆောင်မှု အဆင့်မြှင့်တင်သည့် စီမံကိန်းအပိုင်းကဏ္ဍတစ်ရပ်မှ ယာဉ်များချောမွေ့စွာ သွားလာနိုင်ရန်နှင့် လမ်းလျှောက်ပြည်သူများ လုံခြုံမှုရှိစေရန် အဓိကပိတ်ဆို့နေသော နေရာများတွင် ယာဉ်ကြောဆိုင်ရာ အသေးစားစီမံကိန်းပြုလုပ်မည်ဖြစ်သည်" ဟု ဖော်ပြထားသည်။

**ကားအဝင်လမ်းကြောင်းခွဲခြား**

ယာဉ်လိုင်း ကိုးလိုင်းမှ တစ်နာရီလျှင် ဘတ်စ်ကားအစီးရေ ၁၀၀ ကျော် ဝင်ရောက်၍ ခရီးသည် အတင်အချ ပြုလုပ်ရသည့် မှတ်တိုင်အား ဘတ်စ်ကားအဝင်လမ်းကြောင်းများ ခွဲခြားပြောင်းလဲသတ်မှတ်လိုက်ခြင်းပင် ဖြစ်သည်။

သူ့လိုင်းအလိုက် သူရပ်ရမည့်နေရာများကို စီမံလိုက်ခြင်းဖြစ်ပြီး ခရီးသည်များ တစ်နေရာတည်း စုပြုံစောင့်ဆိုင်းစရာမလိုတော့ပေ။ မိမိသွားရမည့် လိုင်းကားရပ်ရာဆီသို့ သွားရောက်၍ စောင့်ဆိုင်းပြီး လိုင်းကားလာပါက ဣန္ဒြေရရ လှမ်းတက်သွားနိုင်ခြင်းပင်ဖြစ်သည်။

**"အခိုင်အမာတည်ဆောက်ရန် မဖြစ်နိုင်သေးသော မှတ်တိုင်များကို ယာယီရွက်ဖျင်တဲများ ထိုးထားပေးပြီး ပလတ်စတစ်ထိုင်ခုံများ ချထားပေးသည်။ ယခင်ကဲ့သို့ လိုင်းကားရပ်ရာအဝေးဆီသို့ အပြေးအလွှားအလုအယက် သွားစရာမလိုတော့ပေ။ မိမိရပ်စောင့်ရာအရှေ့သို့ ရောက်ရှိလာပြီဖြစ်၍ တံခါးဖွင့်သည်နှင့် လှမ်းတက်ရုံပင်"**

အခိုင်အမာတည်ဆောက်ရန် မဖြစ်နိုင်သေးသော မှတ်တိုင်များကို ယာယီရွက်ဖျင်တဲများ ထိုးထားပေးပြီး ပလတ်စတစ်ထိုင်ခုံများ ချထားပေးသည်။ ယခင်ကဲ့သို့ လိုင်းကားရပ်ရာ အဝေးဆီသို့ အပြေးအလွှား အလုအယက် သွားစရာမလိုတော့ပေ။ မိမိရပ်စောင့်ရာ အရှေ့သို့ ရောက်ရှိလာပြီဖြစ်၍ တံခါးဖွင့်သည်နှင့် လှမ်းတက်ရုံပင် ဖြစ်သည်။

သို့သော် ခရီးသွားအများစုသည် ဆန္ဒများလွန်ကဲကြသည်။ ဟိုးရှေ့က ဘတ်စ်ကားကွေ့လာသည်နှင့် မိမိရပ်စောင့်ရာ ပလက်ဖောင်းတွင် ရပ်မနေကြဘဲ ကားလမ်းပေါ်သို့ ဆင်း၍ ကားပေါ်သို့တက်ရန် ပြင်ဆင်ကြခြင်းပင်ဖြစ်သည်။

**စည်းကမ်းလိုက်နာမှုအားနည်းဆဲ**

ထိုအခါ ဘတ်စ်ကားက ခရီးသည်များ တိုက်မိမည်စိုး၍ ပလက်ဖောင်းနှင့်ခွာရပ်ရသည့်အတွက် နောက်ကလာသည့် ကားများပါရပ်ရပြီး ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားလေ့ရှိသည်။ YRTA အနေဖြင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် စနစ်တကျစီစဉ်ပေးသော်လည်း ခရီးသွားပြည်သူအများစုမှာ စည်းကမ်းလိုက်နာမှု အားနည်းဆဲပင် ဖြစ်သည်။

ထို့အတူ မြို့တော်ခန်းမရှေ့(မဟာဗန္ဓုလလမ်း)တွင်လည်း သူ့လိုင်းနှင့်သူခွဲ၍ ဘတ်စ်ကားများဝင်ရန် လမ်းကြောင်းများ သတ်မှတ်ထားပြီးသည်။

ခရီးသည်များ စောင့်ဆိုင်းရန်အတွက် သူ့လိုင်းကားနှင့်သူ မှတ်တိုင်နားခိုရာ အသီးသီးလုပ်ဆောင်ပေးထားပြီးဖြစ်သည်။ မြို့တော်ခန်းမ ရှေ့မှတ်တိုင်၌ ၇၂၊ ၈၉၊ ၅၇၊ ၇၊ ၄ လိုင်းကားများ ခရီးသည်အတင်အချ ပြုလုပ်ပြေးဆွဲပေးလျက်ရှိသည်။

သို့အတွက် ခရီးသည်အတက်အဆင်းများပြားသော ညနေခင်းရုံးဆင်းချိန်ပင်လျှင် အခက်အခဲ ပြောပလောက်အောင် မတွေ့ရတော့ပေ။

**မြို့ကြီးသားခရီးသွားများ**

တစ်ဖန် သခင်မြပန်းခြံဘေးရှိ ၅၆ လိုင်းဂိတ်မှာ ပို၍ စနစ်ကျလှပေသည်။ ထွက်မည့်ကားများက တန်းစီနေပြီး ခရီးသည်များ စနစ်တကျတန်းစီရန် အကာအရံများ ပြုလုပ်ထားသည်။ စုပြုံတိုးနေစရာမလိုပေ။ တစ်ယောက်နောက်က တစ်ယောက် တန်းစီပြီး ဣန္ဒြေရရ တက်သွားခြင်းဖြင့် မြို့ကြီးသားခရီးသွားများအဖြစ် စံနမူနာဖြစ်ပေသည်။

မြို့တွင်း၌သာမက ခရီးသွားများပြားသော သဃ်န်းကျွန်း စံပြဈေး မှတ်တိုင်တွင်လည်း ယာဉ်လိုင်း ၁၆ လိုင်းရှိရာ ရုံးဆင်း ရုံးတက်ချိန်၊ ဈေးအချိန်၌ တစ်နာရီ ဘတ်စ်ကားအစီး ၃၅၀ ခန့် ရပ်နားမှုရှိရာ ယခုအခါ သူ့လိုင်းနှင့်သူ မှတ်တိုင်ခွဲခြားတည်ဆောက်ပေးမှုကြောင့် ခရီးသွားပြည်သူတို့အတွက် ဘတ်စ်ကားစီးရသည်မှာ ပိုမိုအဆင်ပြေမှုများရှိလာသည်ကို တွေ့ရသည်။

ထို့အတူ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဂမုန်းပွင့်ကုန်တိုက်ရှေ့မှတ်တိုင်တွင်လည်း ယာဉ်လိုင်း ၁၄ လိုင်းရှိရာ သူ့လိုင်းနှင့်သူ့ ခရီးသည် မှတ်တိုင်များ ခွဲခြားပေးထားမှုကြောင့် ယာဉ်ကြောကျပ်တည်းမှုများ ယခင်ထက် အဆင်ပြေချောမွေ့လာခဲ့သည်ကို တွေ့မြင်နေရသည်။

သို့အတွက် အထက်က YRTA တွဲဖက်အတွင်းရေးမှူး ဆိုသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူများ ပို့ဆောင်ရေးကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အတူ YRTA ခေါ် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အောက်ရှိ YBS ၏ အခန်းကဏ္ဍသည် နှစ်နှစ်နှင့် ခြောက်လကျော်သက်တမ်းအတွင်း တိုးတက်ခြင်းနှင့်အတူ ခရီးသွားပြည်သူများ၏အကျိုးကို သယ်ပိုးလျက်ရှိနေပါကြောင်း ထင်ဟပ်ရေးသားလိုက်ရပါသည်။ ။



၅၆ ယာဉ်လိုင်းဂိတ်တွင် ယာဉ်ပေါ်သို့တက်ရန် စနစ်တကျ တန်းစီစောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။